


www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မောင်ကျော်ကျိုင်

# ဒေဝတညာ

တဂေပ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# လရောင်ချို

## ကြိုးပြတ်သွားတဲ့ မိုးတိမ်

စာမူခွင့်ပြုချက်အမှတ် - ၃၃၆/၂၀၀၃ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၄၆/၂၀၀၃ (၅)
၂၀၀၃ ခုနှစ်၊ ဇူလိုင်လ၊
ပထမအကြိမ်
တန်ဖိုး - ၃၀၀/-
အုပ်ရေ - ၅၀၀ အုပ်
ထုတ်ဝေသူ ..... ဒေါ်ခင်ခင်စိန် (ချစ်မင်းလှျံစာပေ-၁၈၁၉)
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ .......... ဦးကျော်လှိုင် (၅၅၇၃) စေတနာ OFFSET
အမှတ် (၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com





စီစဉ်သူ

**မောင်ကျော်လှိုင်**

စေတနာစာပေ

# လရောင်ချို



# ကြိုးပြတ်သွားတဲ့မိုးတိမ်

www.burmeseclassic.com

www.burmeseclassic.com



အသည်း(သဲ)ကွဲရောင်ပေါက်နေသည့် ကောင်းကင်တစ်ခုရဲ့ အောက်မှာ ကျွန်တော် လမ်းလျှောက်လာခဲ့သည်။

လေပြည်လေညင်းရဲ့ အခြေအနေကို အာရုံငါးပါးဖွင့်၍ ခံစားလေ့လာကြည့်လိုက်၏။

တာဘောင်ရဲ့ နှုတ်ခမ်းစွန်းမှာ အသာရပ်ပြီး ဝန်းကျင်ကို လေ့လာလိုက်၏။ အေးအေးလူလူအနားယူပြီး ထိုင်နေကြသူ (ကျား/မ)တွေကို တွေ့ရ၏။ ပျော်ပျော်ပါးပါးလမ်းလျှောက်သွားနေကြသော စုံတွဲ၊ အုပ်စုတွဲတွေကိုလည်း တွေ့ရ၏။ ကန်ရေပြင်



www.burmeseclassic.com

www.burmeseclassic.com



မှာ လှိုင်းခွက်ကလေးတွေ ပိုးလိုးပက်လက်ထပြီး လေပြည်သုတ်ကြူးရာ လှိုင်းတန်းငယ်လေးတွေ ဖြန့်ပြေးလာနေတာကိုလည်း ကြည့်မိ၍ မြင်ရပြန်သည်။

ကျွန်တော့်လက်ထဲမှာ ရစ်ဘီးကို မ,လိုက်သည်။ ရစ်ဘီးကြိုးနှင့်ဆက်ချည်ထားသော ဆီစိမ်စက္ကူစွန်ကို ညာလက်နှင့် လေထဲဝေ့မြှောက်လိုက်၏။ ကြိုးဖြင့် ထိန်းပြီး လေလမ်းကြောင်းမိသည်အထိ စက္ကူစွန်ကို လက်အားနှင့် ကြိုးကိုင်ပြီး အပေါ်ကို ဆောင့်ဆွဲ၍ မြှောက်မြှောက်တင်လိုက်၏။ စက္ကူစွန်ကဝေ့၍ ဝဲ၍ ဝိုက်လှည့်တက်ပြီး မြေပြင်ပေါ်ကို ဒေါက်ခနဲ ဦးစိုက်ပြန်ကျ၏။

စက္ကူစွန်တစ်ဖက်လိုက်သလို ဖြစ်နေ၏။ ဘယ်ဘက်လိုက်သလိုဖြစ်နေသောကြောင့် ညာဘက်စွန်းကိုင်းမှာ ဆင်ငိုမြက်နှစ်ပင်လောက် တပ်ချည်လိုက်သည်။ BURMESE CLASSIC .com

ဆိုင်းထမ်းကြိုးမှကိုင်ပြီး စက္ကူစွန်ရဲ့ အလေးချိန်ကို ဆကြည့်သည်။ ညာဘက်ကို နည်းနည်းလေးများနေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမဟုတ်။ အသာထိန်းပြီးလွှတ်လိုက်လျှင် လေကြောမိပြီး တွန့်လူးထိုးတက်သွားနိုင်သည်။ ထို့ကြောင့် ထပ်မပြင်တော့ဘဲ ကြိုးကို ဆောင့်ဆွဲပြီး စက္ကူစွန်ကို မြှောက်တင်လိုက်သည်။

ကျွန်တော် ထင်ထားသည့်အတိုင်းပင် စက္ကူစွန် မြှောက် တက်သွား၏။ လေနိမ့်စီးကြောမှာ ရစ်ဘီးနှင့် ရစ်ပြီးဆွဲလိုက်တိုင်း တဝီးဝီးမြည်သံဖြင့် ဘယ်ညာယိမ်းနွဲ့ ထိုးတက်သွား၏။ အမြင့် လေစီးကို မရောက်သေး။ လေနိမ့်စီးကြောအတိုင်း ကြိုးတောင်း ပြေးထွက်သွားသော စက္ကူစွန်မှာ ကိုက် (၇၀)လောက်မှာ ဘယ် ဘက်ကို အောက်စိုက် ယိမ်းထိုးသွားလိုက်။ ရစ်ဘီးနှင့်ထိန်းပြီး ပြန် ရစ်ဆွဲလိုက်သောအခါ ညာဘက်ကို ယိမ်းထိုးခေါင်းစိုက်သွား လိုက်။

ကြိုးပြန်လျှော့ပေးလိုက်သောအခါ စွန်က ပတ်ချာလည် ဝေ့၍ ဝေ့၍ အဝေးကိုသာ ကန်ထွက်သွားနေ၏။ အပေါ်ကို ထောင်တက်အောင် ရစ်ဘီးလေးငါးပတ်ကို ခပ်ဆတ်ဆတ်ရစ်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သောအခါ အပေါ်ကို ဆတ်ခနဲ ဦးထောင်သွားသောစွန်မှာ ဖျတ်ခနဲအောက်ကို အရှိန်နှင့် ခေါင်းစိုက်ဆင်းသွား၏။

ပြန်ထိန်းသော်လည်း မရတော့။

"သွားပြီ"ဟုတော့ သိလိုက်၏။

ထိုင်ခုံတန်းမှာထိုင်နေသော မိန်းမတစ်ယောက်ထံ စွန်က ခေါင်းစိုက်ဆင်းသွား၏။

တစ်ခုခုဖြစ်သွားတာ အဝေးတွေ့ တွေ့ရ၏။

စားသောက်ဆိုင်တန်းဘက်ကို မျက်နှာမူထားသော မိန်းကလေးရဲ့ ခေါင်းပေါ်တည့်တည့်ကို စွန်စိုက်ကျသွားခြင်းပင်။

"ပြဿနာတက်ပြီ" ဆိုသော အသိဖြင့် စွန်ကို ပြန်ဆွဲရစ် ကြည့်သေး၏။ မရ။

မိန်းကလေးက စွန်ကြိုးကိုဆွဲထားပြီး ဒေါသဖြင့် စွန်ကို တစ်ပိုင်းတစ်စစီ ဆုတ်ဖြဲပစ်လိုက်၏။

ကျွန်တော် ကြိုးအတိုင်းလိုက်ရစ်ပြီး မိန်းကလေးအနား



www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်သွား၏။ လျှာဦးထုပ်ကို အသာချွတ်ပြပြီး လေးစားသမှုဖြင့် ...

"ကျွန်တော် မတော်တဆဖြစ်သွားတာ စိတ်မကောင်းပါဘူး ... အများကြီး အားနာမိပါတယ် ..."

ကျွန်တော့်ကို ဆိုင်ကြည့်နေသော မိန်းကလေးရဲ့ မျက်ဝန်းထဲမှာ မီးလျှံလိုလက်ပနေ၏။ ဖိကိုက်ထားသော နှုတ်ခမ်း နီမြန်းရဲတက်နေသော မျက်နှာ။

စွန်ကြိုးကို မလွှတ်တမ်းကိုင်ဆွဲထား၏။ အဲဒါမှ ဒုက္ခ။ မှန်စာကြိုးတွေဖြစ်၍ လက်တွေရှကုန်လိမ့်မည်။ ရစ်ဘီးနှင့် ရစ်ခဲ့စဉ်ကလည်း ဆတ်ခနဲ ဆတ်ခနဲ တင်းတင်းဆောင့်ဆွဲသလိုဖြစ်ခဲ့ရ၏။ ကျွန်တော်ထင်သည့်အတိုင်းပင်။ ကြိုးစကို မလွှတ်တမ်းဆုတ်ကိုင်ထားသော မိန်းကလေးရဲ့ လက်သီးဆုပ်ထဲမှ သွေးတွေ စက်လက်ယိုစီးကျလာ၏။

"ဟာ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါသတွေဖောက်ခွဲရန် လောင်စာဖြည့်တင်းသည်နှင့်အတူ သောအကြည့်ဖြင့် မိန်းကလေးက ဆက်ကြည့်နေ၏။

"ကြိုးက မှန်စာကြိုးတွေ… ပုလင်းကွဲတွေ၊ မီးချောင်း၊ မီးသီးတွေကို မှုန့်နေအောင်ထောင်းပြီး ကော်ရည်နဲ့ကြိုးကို သုတ်လူး ထားတာ… ကြိုးကိုလက်နဲ့ သပ်ရင်တောင် လက်မှာ ဒဏ်ရာ ရတဲ့အထိ ကြိုးက ထက်ရှနေတာ… လွှတ်လိုက်ပါ … မင်းရဲ့ လက်မှာ ဒဏ်ရာ ဖြစ်နေပြီ…"

မိန်းကလေးရဲ့ ဒေါသက မောင်းဖြုတ်ချလိုက်သလို ရုတ် တရက် ထွက်ပေါ်လာ၏။ ကျွန်တော့်လက်ထဲမှ ရစ်ဘီးကို ဆတ် ခနဲ ဆောင့်ဆွဲယူပြီး ရေကန်ထဲကို လွှင့်ပစ်လိုက်ခြင်းပင်။ ယခု တစ်ကြိမ် အံ့သြလွန်း၍ စကားမပြောနိုင်ဖြစ်ရသူမှာ ကျွန်တော်။

မိန်းကလေးက ကျွန်တော့် ရင်ဘတ်ကို အားနဲ့ ဆောင့် တွန်းလိုက်၍ နောက်ကို လေးငါးလှမ်းလောက် ယိုင်ပြီး လဲပြို



www.burmeseclassic.com

www.burmeseclassic.com



မယောင်ဖြစ်သွားရ၏။ မိန်းကလေးက ခုံတန်းပေါ်မှ ဆံပင် တထွေး ကြီးကို ဆလင်းဘတ်အိတ်ထဲ အမြန် ထိုးထည့်နေ၏။ ပြီးမှ …

ဆံပင်ဆံတောက်၊ ဂျပန်မလေးတွေ အများဆုံးထားသော ဂျပန်ဆံတောက်ပုံစံလေးနှင့် မိန်းကလေးက ကျွန်တော့်ကို စိတ်ရှိ လက်ရှိ လုပ်ခွင့်ရ၍ မကျေမနပ်ဖြစ်နေမှုတွေ အနည်းငယ် ပြေလျော့ သွားဟန်တူ၏။ တမင်လုပ်တာမဟုတ်ဘဲနှင့် ကျွန်တော့်အပေါ် လက်လွှတ်စပယ်တုံ့ပြန်ရဲသော မိန်းမ။ လူတွေ ဝိုင်းအုံပြီး ကြည့် နေချိန်မှာမျ အရှက်ရအောင် ပြုကျင့်လိုက်သည့် မိန်းမကို ကျွန်တော် စိမ်းစိမ်းခါးခါး ကြည့်လိုက်ပြီး …

"မင်း လွန်နေပြီ …"

ထို မိန်းမက နှုတ်ခမ်းကို မထီမဲ့မြင်မဲ့လိုက်ပြီး …

"ရှင် လုပ်တာမလွန်ဘူးလား … ဒီမှာလေ …"

ကြိုးရှထားသော ဒဏ်ရာမှ သွေးတွေ ထွက်နေ၏။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်က မတ်တတ်ပြန်ရပ်ရင်း…

“တမင်လုပ်တာမှ မဟုတ်တာ … မင်း မကျေနပ်ရင် ဆေးခန်းခေါ်သွားပြီး ဆေးထည့်ပေးမယ် … မေးခိုင် ကာကွယ် ဆေးထိုးပေးမယ် … ဒါကို ငါ တွေးမိပြီးသား …”

“မလိုပါဘူး (ရန်တွေ့စကား) … ရှင် (ကြိမ်းသံ) သွားတော့ …”

မိန်းမတစ်ယောက်နှင့် တုဖြစ်နေသော နူတ်သီးကောင်းလျှာပါးယောကျ်ားတစ်ယောက်ဟု ကျွန်တော့်ကို ဝိုင်းကြည့်နေသူတွေက သတ်မှတ်ပြီး အထင်အမြင်သေးကြမှာမျိုး မခံနိုင်ပါ။

ထို့ကြောင့် ဂျပန်ဆံတောက်နှင့် မာန်မောက်နေသော မျက်နှာကို စွဲစွဲနစ်နစ်ဖြစ်အောင် စိုက်ကြည့်လိုက်ပြီး လှည့်၍ မြန်မြန်ထွက်လာခဲ့လိုက်သည်။ လှေကားထစ်တွေဆီ ရောက်အောင်ပင် မလျှောက်ဝံ့ချင်တော့။ မျက်လုံးပေါင်းများစွာ ရှေ့မှ သွက်



www.burmeseclassic.com

www.burmeseclassic.com



သွက်လျှောက်လာရင်း၊ ကြိတ်မျိုထားရသော ဒေါသကို ဦးထုပ်အပေါ် ပုံချပြီး ဦးထုပ်ကို ရှေ့ဘက် ဆင်ခြေလျှောဆီ လွှင့်ပစ်လိုက်၏။

ရှေ့လျှာရှည်ရှည်ချုပ်ပြီး ဒီဇိုင်းထုတ်ထားသော ဦးထုပ်မှာ ဆင်ခြေလျှောအတိုင်း သုံးလေးပတ် ဒလိမ့်ခေါက်ကွေး ကျသွား၏။

တချို့သော ဦးထုပ်နှင့် တချို့သော မိန်းမ မူသည်။

နှစ်မျိုးစလုံး လျှာရှည်၏။

စေ တ နှ ၁ စ ၁ ပေ

www.burmeseclassic.com

www.burmeseclassic.com



စေ တ နု ၁ စ ၁ ပေ

www.burmeseclassic.com

www.burmeseclassic.com



အစဉ်အလာပုံစံဟောင်းကြီးအရ ကျွန်တော်နှင့် ပြဿနာဖြစ်ခဲ့သော မိန်းကလေးတို့ နောက်မကြာခင် ပြန်တွေ့၊ ထပ်မံဘုဘောက်ကျ၊ သုံးလေးခါလောက် တွေ့ပြီးသွားလျှင် အကြောင်းတစ်မျိုးမျိုးကြောင့် ခင်မင်သွား၊ နောက်ပိုင်း ချစ်သူတွေဖြစ်။ အထင်လွဲစရာ ပြဿနာတွေဝင်လာပြီး ကွဲကြ။ သည့်နောက်မှာ အထင်လွဲစရာတွေ အမြင်ရှင်းပြီး ပြန်ပေါင်းကြဟူသည့် လုပ်ယူထားသော ဇာတ်လမ်းတစ်ပုဒ်ပမာ ဖြစ်လာကြမည်ထင်လျှင် များစွာ



www.burmeseclassic.com

www.burmeseclassic.com



လွဲမှားသွားပါလိမ့်မည်။

သို့ဆိုလျှင်၊ မည်သို့လာမည်နည်း။ ကျွန်တော်လည်း မသိ၍ နောက်ရက်များတိုင် ထိုမိန်းကလေးနှင့်တွေ့နိုင်မည့် နေရာတွေကို လျှောက်သွားမိ၏။ စွန်မလွှတ်ဖြစ်တော့။ အနီးအပါး စားသောက်ဆိုင်တန်းနှင့် မီးပွိုင့်လမ်းဆုံကြီးအနီးအပါးရှိ အလှပြင်ခန်းများ၊ ဈေးအတွင်းနှင့် ပြင်ပဈေးတန်းတစ်လျှောက် လိုက်ကြည့်ရှာသည်။ မတွေ့။

ကြာလာတော့ ထိုမိန်းမကို မေ့သလို ဖြစ်သွား၏။ ဘာကြောင့် ထပ်တွေ့ချင်မှန်း မသိဘဲ လိုက်ရှာမိ၏။ မတွေ့တာကြာ၍ မေ့သွားသောအခါ ပုံမှန်အခြေအနေအတိုင်း သူငယ်ချင်းတွေနှင့် ပျော်ပျော်ပါးပါး နေဖြစ်ပြန်၏။

ပျင်းရိဖွယ်ကောင်းသော ဆောင်းဦးနေ့လယ်တစ်ခုမှာ အချိန်ဖြုန်းရန်အတွက် မင်းစောက...

"ဂိမ်းသွားဆော့ရအောင်ကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသူငယ်က ...

"ဂိမ်းက ကလေးဆော့တာပါကွာ... ဘိလိယက် ထိုးမယ်"

အောင်ရင်ငြိမ်းက ...

"ငါကတော့ ရုပ်ရှင်သွားကြည့်ချင်တယ်..."

သူတို့ရဲ့ အဆိုပြုစကားတွေကို ကျွန်တော်က ခေါင်းယမ်းခါပြီး ကန့်ကွက်ပယ်ချလိုက်၏။ မင်းစောက သဘောမတွေ့ဟန်ဖြင့် ...

"မင်းက ဘာလုပ်ချင်တာလဲ မင်းထွဋ်လင်း..."

"ငါက ...ဘာမှမလုပ်ချင်ဘူးလို့ ပြောရမှာတောင် ပျင်းနေလို့... ဘာမှ ဝင်မပြောချင်ဘူး..."

ကျွန်တော့်စကားကြောင့် ဖိုးသူငယ်က ခပ်ချဉ်ချဉ် ကြည့်၏။ အောင်ရင်ငြိမ်းက ...

"အပျင်းပြေငိုဖို့ ပြောနေတာ မဟုတ်ဘူး ... အပျင်း ဖြေဖို့



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာ ...”

“အပျင်းဖြေချေရင် ပျင်းကြောဆန့်ပြီး ဝါးခနဲ သမ်းဝေလိုက် ... အပျင်းပြေသွားလိမ့်မယ်...”

အောင်ရင်ငြိမ်က စိတ်မရှည်ဟန်ဖြင့် ...

“ဒီကောင်ကတော့ ဒီကဖီးမှာ ဧည့်စာရင်းတိုင်တော့မယ် ပုံပဲ... ကဲ... မင်းတို့ ငါတို့ ဘယ်ကိုသွားမလဲ ရေသွားကူးမလား”

မင်းစောက ...

“မဖြစ်ဘူး...ငါ့ပေါင်မှာ ပွေးကွက်တွေ့လို့ကွ... ကြာပါတယ်ကွာ...ကိုယ်ကြိုက်တာ ကိုယ်လုပ်...ငါတော့ ဂိမ်းသွားကစားလိုက်ဦးမယ်... အခွေသစ်တွေ ရောက်နေတာ မကစားရသေးဘူး...”

အောင်ရင်ငြိမ်းက ....

“ဒါဆိုရင်လည်း ငါ ရုပ်ရှင် မီသေးတယ်... နေပြည်တော်



www.burmeseclassic.com

www.burmeseclassic.com



မှာ စစ်ကားသစ် ရုံတင်ထားတာ သွားကြည့်မယ်...”

ဖိုးသူငယ်က ...

“သွားကြ...သွားကြ...ငါကတော့ ဘိလိယက်ပဲ သွားထိုးမယ်... နိုင်ရင် ညနေ ဘီယာအဝကစ်မယ်... ရှုံးရင် အိမ်ကို ကုန်းကြောင်းပြန်မယ်... ဒါပဲ...”

ကျွန်တော်က စားပွဲပေါ်လက်တင်၊ လက်နှစ်ပေါ်ပေါ် မေးထောက်ပြီး ပလက်ဖောင်းပေါ်မှ ဖြတ်သွား ဖြတ်လာသူတွေကို ငေးကြည့်နေလိုက်၏။

“မင်းထွဋ်... မင်း ဘယ်သူနဲ့ လိုက်မှာလဲ...”

အောင်ရင်ငြိမ်းက မေးဖော်ရသေး၏။ ကျန်သည့် နှစ်ကောင်က လူမှုရေးအလှူခံပုံးအမှတ်နှင့် လှည့်မကြည့်လေရော့သလားမသိ။

“ငါ့ကိုယ်ငါ ဒီမှာ ကျောက်ချလိုက်ပြီ... ညနေကြမှ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆူးပြန်နုတ်ပြီး… အိမ်ပြန်သုတ်တော့မယ်…”

သကောင့်သား သုံးကောင်စလုံး လက်ခါပြပြီး အလွှို အလွှို ထ, လစ်ကုန်၏။ စားပွဲပေါ်မှာ ဘုန်းမောင် တစ်ယောက်တည်း အပျင်းကြောကိုဆွဲဆန့်ပြီး လျော့တိလျော့ရဲပုံစံဖြင့် ပြန်ထိုင်၍ လမ်းမပေါ်ကို အဓိပ္ပာယ်မဲ့ ငေးမောနေလိုက်၏။

တစ်ဖက်ပလက်ဖောင်းမှ ကူးလာကြသော လူလေး ငါး ယောက်ထဲမှ တီရှပ်ဖားဖားကြီးကို သျှားညိုရောင် ထဘီပြောင်နှင့် တွဲဝတ်ထားသော အသားနီစပ်စပ် ကောင်မလေးကို သတိပြုမိ လိုက်၏။ ပြင်းလွန်းသော နေရောင်ကို ဂရုမထားသည့်ပုံစံနှင့်။

ဆံပင်တွေက တမင်ပြုပြင်ယူထားသလို ဖွာလန်ကျဲဟန်ဖြင့် ဖွဖွရှရှ သပ်တင်ထား၏။ နားဆွဲကြီးတွဲလွဲနှင့် လွတ်လပ်သလို ဝတ်စားဆင်ယင် နေထိုင်တတ်ပုံရ၏။ သူမရဲ့ တီရှပ်မှာ “ငါ့ကို မကြည့်နဲ့…” ဆိုသော ဘိုစာကပ်ထား၏။ ဘယ်လိုပါလိမ့်။

“ငါ့ကိုမကြည့်နဲ့”ဆိုမှ ပို၍ကြည့်ချင်လာ၏။ အမြင်ပိုနီး



www.burmeseclassic.com

www.burmeseclassic.com



လာလေ ပို၍ ကြည့်ကောင်းလာလေပင်။

အလှဆုံး၊ အချောဆုံး၊ အဖြောင့်ဆုံး ရုပ်ရည်ရူပကာမျိုး မဟုတ်။ မလှတလှ၊ မချောတချော၊ မဖြောင့်တဖြောင့်ဟုဆိုလျှင် ရနိုင်ကောင်းသည့် ရုပ်ရည်မျိုး။

ဆေးသားပါးပါးတင်ထားသော မျက်နှာက လူတကာကို ဂရုမစိုက်။ ကိုယ်ကြိုက်သလို ရဲရဲနေမည့် အိုက်တင်တွေ အထင်းသားပေါ်လွင်နေ၏။

ကဖီးထဲကိုလည်း စူးစူးရဲရဲ လှမ်းကြည့်ရဲ၏။ ကဖီးထဲမှာ နေ့လယ်ပိုင်းမို့ လူကြီးတွေသာ များနေ၏။ လူကြီးတွေက သူတို့ ဓာတ်ကျရာ စီးပွားရေး၊ လူမှုရေး အကြောင်းအရာတွေနှင့် အချင်းချင်းဖလှယ် ဆွေးနွေးနေကြ၍ သူမကို လှည့်မကြည့်ဖြစ်ကြ။

လူငယ်ဖြစ်သော ကျွန်တော့်အကြည့်နှင့် သူမရဲ့ အကြည့် တို့ ဒိုင်းခနဲ ဆုံငြိချိတ်မိလိုက်စဉ် ...။

ငါးစက္ကန့်မျှကြာ၏။ သူမက အကြည့်ကို စတင်လွှဲဖယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပလက်ဖောင်းအတိုင်း ဈေးဘက်ကို လျှောက်ထွက်သွား၏။

သူမရဲ့ အကြည့်လိုင်း အရိုက်ခံလိုက်ရ၍ ကျွန်တော့်ရင်မှာ လိုက်ခနဲ ဖြစ်ပေါ်သွားပြီး စိတ်ညို့ခံလိုက်ရသူလို ထိုင်နေရာမှ ကျွန်တော် ဆတ်ခနဲ ထရပ်လိုက်မိ၏။

တစ်ဝိုင်းစာဖိုးကို ဘလက်(စ်)ကော်ဖီပန်းကန်အောက်မှာ အသာထိုးထည့်လိုက်ပြီး ညို့အားဆွဲရာလိုက်ပါသွားမိ၏။ ဈေးရှေ့ လူတန်းရှည်ထဲမှာ မြုပ်ချီ၊ ပေါ်ချီသွားနေသော "ငါ့ကိုယ် မကြည့်နဲ့" ဆိုသည့် သူမကို အပျောက်မခံဘဲ နောက်မှ ထက်ကြပ်မကွာ လိုက်နေမိသည်။ အမိုးမှတ်တိုင်မရှိသော ဘတ်(စ်)ကားဂိတ်မှာ အသာရပ်၏။ အနီးအပါးရှိ လိမ္မော်သီးနှင့် ပန်းသီးဆိုင် တန်းဝင်နေ၏။ လိမ္မော်သီးတွေဝယ်နေတာ တွေ့ရ၏။

သူမ ဘယ်ကလဲ၊ ဘယ်ကိုသွားမှာလဲ၊ ဘာအလုပ် လုပ်သလဲ၊ ဘယ်လိုမိန်းမမျိုးလဲ····?

ပျင်းစရာကောင်းသောအချိန်တွေကို သူမက စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားစရာအဖြစ် ပြောင်းလဲပေးလိုက်၏။ ကျွန်တော် မပျင်းတော့။

သူမသည် ကျွန်တော့်အတွက် လှည့်ကွက်ပါသော ပုစ္ဆာတစ်ပုဒ်ဖြစ်နေလေပြီ။ သင့်တော်သော အပျင်းဖြေနည်းကို ရပြီ။

အလုပ်အကိုင်ကြီးတစ်ခုကိုရဖို့ အချိန်တွေကို စိတ်ပျက်စရာကောင်းလောက်အောင် ရေတွက်၍ စောင့်နေရသူမို့၊ ရင်ခုန်ဖို့သင့်သလိုရှိသောသူမကို ကျွန်တော် အပျော်လိုက်ကြည့်ချင်လာ၏။

ကျွန်တော့်အတွေးနှင့် ကျွန်တော် ဘတ်(စ်)ကားဂိတ် လူကြားထဲမှာ ဟိုငေးဒီငေး စဉ်းစားရင်းနှင့်သူမ ဝင်ဝယ်နေရာဆိုင်လေးကို ငဲ့ကြည့်လိုက်၏။

“ဟိုက်…”

သူမ မရှိတော့။ လာရာလမ်းအတိုင်း လိုက်လျှောက်ကြည့်၏။ မတွေ့။ ဈေးကွဲချိန်မို့ လူရှင်းနေသော ဈေးထဲ ဝေ့ဝဲကြည့်၏။ မရှိ။ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဝဲယာလိုက်ရှာရုံ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အားမရသေး၍ အပေါ်ကောင်းကင်ကို မော့ကြည့်လိုက်၏။ အောက်မြေပြင်ကို ငုံ့ကြည့်မိပြန်သည်။ ထိုသို့ ပြုလုပ်ခြင်းမှာ အဓိပ္ပာယ်မရှိသော်လည်း ဖြစ်ကောင်း ဖြစ်လာနိုင်ဖွယ်ရှိသော အကြောင်း ပါးပါးမှုန်မှုန်လေးကဖြင့် ရှိနေလေသည်။

ကျွန်တော့်ရှေ့မှ မြေလျှိုးမိုးပျံမှသာ ပျောက်သွားနိုင်ပါလိမ့်မည်။

မြေမလျှိုး မိုးမပျံဘဲ ပျောက်သွားရခြင်းမှာ ကျွန်တော် ညံ့ဖျင်းလွန်းရာ ကျနေ၏။ ခုတော့ ... အဖြစ်က ...

ညို့ဓာတ်ပြင်းသော လမင်းကိုမှ ဒီကောင်နဲ့တူတဲ့ ပင်လယ်က ဂုဏ်မောက်ခုံးထပြီး နမ်းခွင့်ရချင်ခဲ့တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ငါက··· ဟိုမှာ အလုပ်သွားလုပ်ရတော့မှာဆို တော့ အတည်တကျ ရည်းစားတစ်ယောက်ထက် အပျော်သဘော ရည်းစားတစ်ယောက်ကို အပျင်းပြေ ထားဖို့လောက်ပဲ သင့်တော်တော့တယ်လေကွာ··· အဲဒါကြောင့် စိတ်လှုပ်ရှားမယ်ထင်တာလေးတွေ စမ်း သပ် တိုးဝင်ကြည့်ဖို့ တာစူနေရတာပဲ···"

ကျွန်တော့် ရှင်းပြချက်ကို တစ်ယောက်မှမထောက်ခံ ကြ။ အောင်ရင်ငြိမ်းက···

ဧစတနဝစဝပေ

www.burmeseclassic.com

www.burmeseclassic.com



““မင်း ရှူးတာကလည်း တစ်မျိုးပါလား…””

မင်းစောက ဂျင်းပန်(လ်)ထဲမှ ကွမ်းတစ်ယာကို ထုတ်ဝါးလိုက်ရင်း…

““အခု တွေ့နေပြီလား…’

““ချိန်ရွယ်နေတုန်းပဲ…ပစ်မှတ်မတွေ့သေးဘူး…””

ဖိုးသူငယ်က ဆီရွဲနေသော ဆံပင်ကို သပ်တင်လိုက်ပြီး

““ကြည့်လုပ်နော်…ကြေးစားတွေနဲ့ တိုးနေဦးမယ်…’

““မိန်းမတွေအကြောင်းကို ငါ လေ့လာချင်တယ်… မိန်းမအားလုံးကို ကိုယ်စားပြုတဲ့ စံထားတော်ဝင် တစ်ယောက်မဟုတ်ရင်တောင်… သာမန် ကိုယ်စားပြုမှုထက် အနည်းငယ်လေး ထူးခြား ထက်မြက်နေမယ့် မိန်းမမျိုးကိုပေါ့…””

အောင်ရင်ငြိမ်းက ကားသော့နှင့် တွဲချိန်ထားသော နဖာကလော်ဖြင့် နားကလိနေ၏။ ဖိုးသူငယ်က …

ဧ ဇ တ န ၁ စ ၁ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကတော့ ကိုယ်စီအတွဲရှိခဲ့ပြီးပြီ … နောက်တော့ အတွဲဖြုတ်ခဲ့ရပြီးပြီ … မိန်းမတွေအကြောင်းကို သိသင့်သလောက် သိခဲ့ရတာတွေလည်း ကြုံရင်ဆုံရင် ပြောဖြစ်ကြပြီးပြီ … ဒါကို မင်း နားထောင်ပြီးရဲ့သားနဲ့… လက်တွေ့ကျကျ ပျော်မယ့်အဖော်ရှာချင်တယ်ဆိုရင်လည်း ကောင်းမွေ ဆိုးမွေကို မင်းပဲ ခံရမှာမို့ ကြိုစဉ်းစားပြီး လုပ်ဖို့ အကြံပေးချင်တယ်…"

မင်းစောက ကွမ်းတံတွေး ပျစ်ခနဲ ထွေးလိုက်ရင်း…

"မင်းထွဋ်လင်းကိုများ မင်းက အဟုတ်ထင်ပြီး ပင့်ပို့နေသေးတယ်… ဒီကောင်လား အဖြစ်ရှိမှာ… အရင်ကဆို မိန်းကလေးတွေနဲ့ စကားပြောရရင်တောင် ခြေတုန်လက်တုန်နေတဲ့ကောင်…အခုနောက်ပိုင်း ငါတို့ လေ့ကျင့်လိုက်လိုက်လို့ ဒီကောင်ရဲလာတာ … ပြောပါကွာ… လက်တွေ့ ဘာမှဖြစ်မယ့်ကောင် မဟုတ်ဘူး…"



www.burmeseclassic.com

www.burmeseclassic.com



“မင်း… ငါ့ကို စိန်ခေါ်လိုက်တာလား မင်းစော… မင်းကြိုက်တဲ့ မိန်းမကို လက်ညှိုးထိုးပြ… ငါ ရအောင် လိုက်မယ်…”

“ဟ… မင်းကိုယ်မင်း ဘာကောင်ထင်နေသလဲ မင်းထွဋ်… မင်းမှာ ဘာအရည်အချင်းတွေရှိလို့ ဒီလောက် ကြွစောင်းနေရတာလဲ… ဒီလောက်တောင် ဖြစ်တဲ့ကောင် ဟိုမှာကြည့်… ဟော့ဟိုမှာ…”

မင်းစောက လမ်းပေါ်မှာသွားနေသော လူတွေ ကြားထဲကို လက်ညှိုးထိုးပြ၏။ အောင်ရင်ငြိမ်းက…

“မင်း… ဘယ်သူ့ကို လက်ညှိုးထိုးပြနေတာ လဲ…”

“ဂျင်းပန်(လ်)နဲ့ ကိုယ်ကျပ်ဝတ်ပြီး သိုင်းကြိုးအိတ် ကလေး ဖတ်လက်ဖတ်လက်နဲ့ လျှောက်လာတဲ့ ကောင် မလေးကိုတွေ့လား… ဆံပင်တိုတိုနဲ့ နေကာမျက်မှန်တပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မိန်းမဆောင်းဦးထုပ်ဝိုင်းလေးဆောင်းထားတဲ့ ကောင်မလေး လေကွာ...”

“အေး... တွေ့ပြီ...”

“တွေ့ရင်...သူ့ကိုလိုက်... အခု လိုက်ရဲရင် လိုက်စမ်း...”

“ဘယ်အထိ လိုက်ရမှာလဲ...”

“ဟ... ရည်းစားဖြစ်တဲ့အထိပေါ့ကွာ...”

“ရတယ်...ဖြစ်တယ်...”

ကျွန်တော့်ကိုယ် ကျွန်တော် သပ်ရပ်အောင် ပြုပြင်လိုက်သည်။ အောင်ရင်ငြိမ်းက...

“ဟုတ်မှလည်း လုပ်ပါ မင်းထွဋ်လင်းရာ...မင်းမှာ ပွဲတွေ့ ဘာမှမရှိဘူး... ရင်နဲ့ကျောကွာပြီး ခတ်လိုက်သလို ပြန်ဆုတ်လာနေရဦးမယ်...”

မင်းစောနှင့် အောင်ရင်ငြိမ်းက ပြုံးဖြီးဖြီးနှင့်။

ေ စ တ နှ ၁ စ ၁ ေ ပ

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသူငယ်က ကောင်မလေးကို လက်အုပ်ကာ၍ အဘိုးကြီးလို လှမ်း အကဲ ခတ်ကြည့်လိုက်ပြီး . . .

"တကယ်ဇော်ပဲ . . . တင်းရင် အချိန်မရွေးဆော်မဲ့ ပုံပေါက်တယ် မင်းထွင့်ရှုလင်း . . . မင်းထက် ကောင်မလေးက ဖြတ်သန်းမှုရင့်ပုံရတယ် . . . မင်းစောကို အလျှော့ပေးပြီး မင်း စကားမှားသွားတာကို တောင်းပန် လိုက်စမ်းပါကွာ . . ."

"မင်းတို့သုံးယောက်စလုံး ငါ့ကို အထင်သေးတယ် . . အထင်ကြီးအောင် ငါမလုပ်ပြနိုင်ရင် သောက်ပေါကြီး ဖြစ်သွားမှာပေါ့ . . ."

ကျွန်တော် တစ်ဖက်ပလက်ဖောင်းဆီကို ပြေးကူး သွား လိုက်၏။ ရှေ့မှာလျှောက်နေသော ကောင်မလေးကို အမီလိုက် ၏။ မှီလာသောအခါ ခြေလက်တွေ အလိုလို အေးစက်လာ၏။ ရင်တွေဖောက်ထွက်မတတ်ခုန်ခါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်နှင့် ဇောချွေး ပြန်လာပြီးနောက်ဆုတ်ပြန်ချင်စိတ် ပေါက်လာမိသည်။ သို့ပြား… ဒင်းတို့က ကိုယ့်ကို ရစရာ မရှိအောင် ဝိုင်းဟားတာခံရမှာ ကြိမ်းသေ၏။

"ဒီမှာ… ဒီမှာ…"

ကျွန်တော် အရဲစွန့်ပြီး စတင်ခေါ်လိုက်သံမှာ စိုးရိမ်စိတ်တွေဖိကြိတ်ထား၍ အက်သံပါနေ၏။ ကောင်မလေးက ပါးနီရဲသော မျက်နှာလေးဖြင့် လှည့်ကြည့်၍ မျက်မှန်တပ်ထားသော်လည်း မျက်ခုံးပင့်ကြည့်တာ မြင်လိုက်ရ၏။ နှုတ်ခမ်းတွေကမူ ကျွန်တော့်အပေါ် အလိုရှိ၊ မရှိ ဖော်ညွှန်း မပြသေး။

"နာမည် ဘယ်လိုခေါ်သလဲ သိပါရစေ…"

ကောင်မလေးရဲ့ မျက်ခုံးတွေ မျက်မှောင်ကြုတ် သလိုဖြစ်သွား၏။ တစ်ဆက်တည်းလိုလို ထွက်ပေါ်လာသော စကား…

"ရှင့်ကို ကျွန်မမသိဘူး… လိုက်မနှောင့်ယှက်ပါနဲ့"

"ကျွန်တော် သိချင်တာလေး… အရင်ပြောပြပေး



www.burmeseclassic.com

www.burmeseclassic.com



ပါလား…”

“ဘယ်လိုလူလဲ… အတင်းကြီးလာရောနေပါလား”

“မင်းကို မိုးပေါ်ကနေ လူယောင်ဆောင်ပြီး ဆင်းလာတဲ့ နတ်သမီးထင်လို့… လိုက်လေ့လာကြည့်တာပါ…”

ကျွန်တော့်စကားက ကောင်မလေးကို မဆိုစလောက်ဓါလေး ပြုံးသွားစေ၏။ ပြီးမှ ဣန္ဒြေကို ပြန်ထိန်းလိုက်ပြီး…

“ရှင် ကျွန်မနောက်ကို ဆက်မလိုက်နဲ့နော်…”

“ဘာဖြစ်လို့လဲ … ဒီလမ်းက အများပိုင်တဲ့လမ်းပါ…”

“ဒါဆိုရင် ရှင်ရှေ့ကလျှောက်မလား… နောက်ကလျှောက်မလား…”

“ဒီလမ်းပေါ် အတူတူလျှောက်တော့ ဘယ်သူကတရားစွဲမှာမို့လို့လဲ…”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ကျွန်မနဲ့မှ မသိတာ…"

"အခုပဲ စကားပြောနေပြီလေ… မကြာခင် သိကြတော့မှာပဲ… သိရအောင်လည်း ကျွန်တော်က မေးနေတာပေါ့… ကျွန်တော့်နာမည် မင်းထွဋ်လင်း…"

"စိတ်မဝင်စားဘူး… သိဖို့လည်း မလိုဘူး… ဒီ လောက်ဆို သဘောပေါက်တော့… ထပ်ပြောရင် ရှင် နှောင့်ယှက်နေပါတယ်လို့ ကျွန်မ အော်လိုက်မှာနော်"

ကျွန်တော် လန့်သွား၏။ သို့ငြား…

"ကောင်းပြီလေ… မနှောင့်ယှက်တော့ပါဘူး… မင်းလမ်း မင်းလျှောက်ပါ…"

ကောင်မလေးက ခပ်တည်တည်လေးနှင့် ဆက်လျှောက်သွားသဖြင့် ခြေနှစ်လှမ်းစာလောက်ခြားပြီး ကျွန်တော် နောက်မှလိုက်၏။ ကျွန်တော့်ရဲ့ ရှူးဖိနပ်ခွာသံကြောင့် ကောင်မလေးသမင်လည်ပြန် လှည့်ကြည့်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ လိုက်လာရတာလဲ..."

"မလိုက်ပါဘူး...ကိုယ့်လမ်းကိုယ် သွားတာပါ..."

"ရှင်က ဘယ်ကိုသွားမှာလဲ..."

"ကိုယ်ရေးကိုယ်တာမို့ ပြောမပြနိုင်တာ ခွင့်လွှတ်ပါ..."

ကောင်မလေးက အနောက်တိုင်း မင်းသမီးတွေလို မျက် မှန်ပင့် မ,ပြီး ခါးထောက်ရပ်ကြည့်နေ၏။ ခေါင်းကို အသာရမ်း ခါလိုက်ပြီး...

"ချွတ်လို့ မကျွတ်နိုင်တဲ့ ပုဂ္ဂိုလ်ဘဲ..."

ကျွန်တော်ကလည်း ဘောင်းဘီထဲ လက်နှစ်ဖက်ထည့် ပြီး သူမလို စတိုင်(လ်)နှင့် ရပ်ကာ ပြန်ကြည့် နေလိုက်၏။

"သွားလေ... ရှင့်လမ်းရှင် သွားပါတော့လား... ရှင် သွားပြီးမှ ကျွန်မ သွားတော့မယ်...'

"မင်းက ကိုယ့်ကို အမိန့်ပေးနေတာလား... ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



သဘောနဲ့ကိုယ် ရပ်ပိုင်ခွင့်ရှိနေတဲ့နေရာပါ…”

ကောင်မလေးက သူမ နဖူးကို သူမ ပြန်ရိုက်လိုက်ပြီး အကြံအိုက်သလို ခဏကလေး ခေါင်းငိုက်စိုက်လိုက်၏။ လည်ဂုတ်သားလေး ဖွေးရွှနေတာကိုကြည့်ပြီး အသက်ရှူမြန်လာမိ၏။

ကောင်မလေး ရုတ်တရက် ပြန်မတ်ရပ်လိုက်ပြီး လမ်းမပေါ်ဆင်း၍ TAXI တစ်စင်းကို လက်မထောင်ပြ၍ တားလိုက်သည်။ ကားရပ်သောအခါ ကားပေါ်အမြန်တက်ပြီး မောင်းခိုင်း၏။ ကားထွက်ခါနီးမှာ ယောင်ပေပေဖြစ်နေသော ကျွန်တော့်ကို လက်ညှိုးနှင့် ကရော်ကရော်လုပ်ပြသွား၏။

ကံအားလျော်စွာပင် နောက်ထပ်မောင်းလာသော TAXI တစ်စင်းကို ကျွန်တော် လက်မထောင်ပြပြီး တားလိုက်၏။

ကားပေါ်တက်ပြီးသောအခါ…

“ရှေ့က အဝါရောင် TAXI နောက်ကို လိုက်မယ်… လုံးဝ မျက်ခြေအပြတ်မခံနဲ့နော်… ဘောက်ဆူး သပ်သပ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပေးမယ်… မြန်မြန်လိုက် ကားဆရာ…”

ကျွန်တော့်စကားအပေါ် ကားဆရာ ဘာမျှ စောဒက မတက်။ ရှေ့မှ ပြေးလွှားနေသော TAXI နောက်ကို အရှိန်တင်၍ လိုက်၏။

“ကားရှင်းတဲ့လမ်းကွေ့တွေထဲဝင်ရင် အဲဒီကားရဲ့ ရှေ့က ပိတ်ရပ်ပြီး တားပေးရမှာလား…”

“အဲဒီလို မလုပ်နဲ့… နောက်ယောင်ခံလိုက်မှန်း ရှေ့ကကားပေါ်က မသိအောင်လိုက်ပေးပါ… အဲဒီကား နောက်ဆုံးထိုးဆိုက်မယ့်နေရာကို သိချင်လို့ပါ…”

ကျွန်တော်တို့ကားနောက်က လိုက်လာမှန်းကို ရှေ့ ကားပေါ်မှ ကောင်မလေးက တွေ့သွား၏။ ထို့ကြောင့် ကားဆရာကို ကွေ့ပတ်မောင်းခိုင်းနေ၏။ လမ်းသွယ် လမ်း မြောင်တွေထဲမှ ပတ်မောင်းပြီး ခြေရာဖျောက်ဖို့ ကြိုးစား၏။ လမ်းကွေ့ကွယ်သွားသည်နှင့် လှစ်ခနဲ အဖျားခတ်မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်အထိ ကားဆရာကလည်း လိုက်နိုင်၏။

လမ်းမတန်းဘက် ပြန်အထွက်မှာ ကွေ့တစ်ကွေ့ရှိ၏။ သစ်ပင်ကြီးတစ်ချို့ရှိ၏။ လမ်းမတန်းပေါ်အရောက်မျာ တစ်ဟုန်ထိုးမောင်းချသွားသော ကားနောက်ကို ကျွန်တော်မလိုက်တော့။ ကားဆရာကို ကျသင့်ငွေနှင့် ဘောက်ဆူးပေးပြီး ဆင်းနေလိုက်၏။ ကားဆရာကလည်း အထာနပ်သူပီပီ ကားအဝါနောက်မှ အမြန်မောင်းလိုက်သွား၏။

ကျွန်တော် အေးအေးလူလူပင် ပိတ်တောက်ပင်ကြီးအောက်မှာ ခေတ္တခဏ ခိုနားလိုက်၏။ လူနှစ်ဖက်စာရှိသော ပိတောက်ပင်ကြီးအကွယ်မှာ ခေါင်းတစ်လုံးပြူတစ်ထွက်လာပြီး ရှေ့ဆင့် နောက်ဆင့် မောင်းချသွားသော ကားနောက်ကို လိုက်ကြည့်နေ၏။

"အဟမ်း…'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ချောင်းဟန့်သံပေးလိုက်သောအခါ သစ်ပင်အကွယ်မှ ချောင်းကြည့်နေသော ကောင်မလေးလန့်ဖျပ်သွားပြီး မကောင်းဆိုးဝါးတစ်ကောင်အမှတ်နှင့် ကျွန်တော့်ကို မျက်မှန်ထဲမှ ဖောက်ကြည့်နေ၏။ ပြီးမှ ဒေါသသွေးရောင်ခြယ်သ တင်းမာလာသော မျက်နှာထားဖြင့်…

“ရှင်…အခုလိုလုပ်နေတာ ဘာအဓိပ္ပာယ်လဲ… ကျွန်မ စိတ်တိုလာပြီနော်…”

“မင်း ကားကိုခဏရပ်ခိုင်းပြီး ဒီအကွယ်မှာ ဆင်းကွယ်နေတာ လှစ်ခနဲ မြင်လိုက်ရတယ်… ဘာများဖြစ်လို့လဲ… ဘယ်လို အကူအညီပေးရမလဲဆိုပြီး ကျွန်တော်လည်း ဆင်းနေခဲ့လိုက်တာ… ဆောရီးဗျာ … တပေါ့တပါးသွားတာ မျိုးဖြစ်နိုင်တာ ကျွန်တော် အခုလို ပြောနေရင်းက ဖျတ်ခနဲ တွေးလိုက်မိတယ်… အဲဒီ အတွက် အရမ်းကို အားနာပါတယ်… ဆောရီး….”

ဧဧတနာ၁စ၁ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ… ဘာမှ သွားစရာအကြောင်းမရှိ… ရှင်နောက်က တကောက်ကောက်လိုက်နေလို့… ဒီမှာ ဝင်ပုန်းလိုက်တာ … ရှင် ဘာသဘောနဲ့ ကျွန်မနောက်ကို ဒီလောက်အထိ လိုက်နေရတာလဲ…"

"အမည်နာမလေး သိခွင့်ရချင်လို့ပါ…"

"ဘာဆိုင်လို့ ဒါပဲလိုက်မေးနေရတာလဲ…"

"ကျွန်တော့်ဘက်က ဆိုင်နေပြီလေ…"

"ကျွန်မဘက်က မဆိုင်နိုင်ဘူး… ရှင်… အခုထွက် သွားပါ… ကျွန်မ စိတ်ညစ်လာပြီ… အော်တော့မှာနော်…"

"ဒီပတ်ဝန်းကျင်မှာ လူပြတ်တယ်… အလကားလေကုန်သွားမှာပေါ့… ရှေ့ လမ်းထိပ်ကလေးရောက်မှအော်… ဘေးကလူတွေ ဝိုင်းမေးလာရင်လည်း မှန်တာ ဖြေလိုက်ရုံပဲ… ကျွန်တော် အမည်လေးလိုက်မေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်တာပါလို့...”

ကောင်မလေးက ခေါင်းကို ကုတ်ဖွရင်း ရှုံ့တင်းတင်း မျက်နှာထားကို စိတ်ညစ်သွားဟန်၊ စိတ်မရှည်ဟန် အဆင့်ဆင့် ပြောင်းလဲလိုက်၏။

“ရှင်... ကျွန်မနာမည်သိပြီးရင် လိုက်မနှောင့်ယှက်တော့ဘူး မဟုတ်လား...”

ကျွန်တော်က စိတ်လိုလက်ရ ခေါင်းညိတ်ပြလိုက်၏။

“ဒါဆိုရင် ပြောမယ်... သေသေချာချာ နားထောင်”

“ဘယ်သူတဲ့လဲ...”

“မသိန်းတင်...”

“ဟာ... မဖြစ်နိုင်ပါဘူး...”

“အို့... ဘာလို့ မဖြစ်နိုင်ရမှာလဲ... နာမည်ပဲ... ကိုယ်မှည့်ချင်ရာ မှည့်မှာပေါ့...”

“မှသားမဟုတ်ပါဘူးလို့ ကျိန်ဆိုရဲမလား...”

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



“အံမယ်... ဘာလို့ဆိုရမှာလဲ... ကိုယ်ဆိုချင်မှ ဖြစ်တာပေါ့...”

“အမည် အစစ်အမှန်ကို ပြောပါဗျာ...”

“တကယ်မလွယ်တဲ့လူပဲ... ယဉ်နွယ်လှိုင်...”

“ဒီနာမည်တော့ ဖြစ်နိုင်တယ် ... ဘယ်မှာနေလဲ...”

“ဘာလို့ပြောရမှာလဲ... ရှင် လွန်လာပြီနော်... အေးစားပြတိုက်သလို လိုက်လုပ်မနေနဲ့... ရှေ့ဆက်ပြီး သည်းခံနေမှာ မဟုတ်တော့ဘူး...”

“ကောင်းပြီလေ... မပြောချင်လည်းနေပါ...မင်း သွားမယ့်လမ်းကို ဖွင့်ပေးထားတယ်...”

“အရမ်းရှုပ်တဲ့လူ... အငှားကားပြန်ငှားမှ ဖြစ်တော့မယ်...”

“ငှားပေးရမလား...”



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး…ခုနလို ထပ်လိုက်လာရင် ဒီတစ်ခါ ရဲစခန်းထဲ မောင်းဝင်လိုက်မယ်…"

"ရပါတယ်… မင်းရဲ့ကားက စခန်းထဲဝင်သွားတော့ ကိုယ့်ကားက စခန်းကိုကျော်သွားပြီး ခပ်ဝေးဝေး မြင်နိုင်တဲ့နေရာမှာ အသာပြန်စောင့်နေလိုက်မှာ ပေါ့…"

ကျွန်တော့်စကားကြောင့် ကောင်မလေး မျက်မှန်ချွတ်ပြီး ပြူးကြည့်ရသည်အထိ ဖြစ်သွားရှာ၏။ အချိန်သင့်ဆိုက်ရောက်လာသော TAXI တစ်စင်းကို ဖမ်းတားပြီး ကောင်မလေးတက်ဖို့ နောက်ခန်းတံခါးကို ဧည့်ကြိုပမာ ရိုသေစွာ ဖွင့်ပေးလိုက်၏။

ကောင်မလေးက နှုတ်ခမ်းကိုက်ဖိပြီး ခြေဆောင့်၍ ကားပေါ်တက်သွား၏။

"တစ်ခါတည်းလိုက်ရမလား… ဒါမှမဟုတ် နောက်ကားနဲ့ လိုက်လာစေချင်သလား…"



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက နှုတ်ခမ်းစူ၍ မျက်စောင်းထိုး၏။ ပြီးလျှင် စလင်းဘတ်အိတ်သေးလေးကို ဖွင့်၍ အထဲမှ ကတ်ပြားလေးကို ထုတ်၏။

"ရော့…ဒါယူထားလိုက်… ဆက်မလိုက်နဲ့တော့ မကြိုက်ဘူး…"

ကောင်မလေး လှမ်းပစ်ပေးလိုက်သော လိပ်စာကတ်ကို မိအောင်ဖမ်းယူပြီး ဖတ်ကြည့်လိုက်၏။

အလှပြင်ဆိုင်လိပ်စာနှင့် အလှကုန်ပစ္စည်းရောင်းချသည့် ဆိုင်လိပ်စာကြီးဖြစ်နေ၏။ ကျွန်တော်က မယုံသလို ပြန်မော့ ကြည့်သောအခါ…

"အဲဒါ ကျွန်မမိဘတွေပိုင်တဲ့ဆိုင်… ကျွန်မရဲ့အမြဲ တမ်းနေထိုင်ရာ လိပ်စာ… ရှင်လိုချင်တာရပြီနော်… ဒီလောက် သူများကို ဒုက္ခပေးရရင် တော်တော့ပေါ့… ဟင်း‥ ဗေဒင်ဆရာက ပြဿနာအလုံးလိုက်ဝင်မယ်…"



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှည်ရှည်ထားပြီး သည်းခံနေပါလို့ မှာထားလို့... ဇေဒင်ကိန်းခန်းအရ အချုပ်အနှောင်တွေ တရား တဘောင်တွေဖြစ်မှာစိုးလို့ ဒီလောက် လိုက်လျောပေးလိုက်တာ... တခြားအချိန်ဆို ရှင် ဒီလို ဘယ်ရလိမ့်မလဲ...”

ကောင်မလေးဟု ကျွန်တော် ညွှန်းဆိုသော ယဉ်နွယ်လှိုင်က မကြည်မလင်ကြည့်ပြီး ကားကိုမောင်းထွက်ခိုင်း၏။

အမည်ရှင့်လိပ်စာကိုရနေမှတော့ ဘာလုပ်ဖို့လိုသေးလဲ။

မှန်လိုက်တဲ့ ဇေဒင်။ အချိန်ကောင်း အခါကောင်းဖြစ်နေလို့ အခုတလော ဘာလုပ်လုပ် အောင်မြင်လိမ့်မည်တဲ့။ အထူးသဖြင့် အချစ်ရေးမှာ ကံပေးလာမည်။ ပေးလာသော ကံအကျိုးကို ဆက်ရည်ချင်လျှင် ယတြာချေရမည်တဲ့။

အစောကိုင်က မယုံ၍မရိုက်။

ယဉ်နွယ်လှိုင်ကို စွတ်ရွတ်လိုက်၍ အဆင်ပြေအောင်မြင်



www.burmeseclassic.com

www.burmeseclassic.com



သွားသောကြောင့် အိမ်ရောက်မှ ယတြာထဲက ညွှန်ကြားသလို သုံးချက်ရိုက်ဖို့ လက်တွေ အလိုလိုယားလာ၏။

ဘယ်သူထိမလဲ··· မသိ။

၆ ၈ တ န ၁ ၈ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်သူ့ကို ရိုက်လိုက်မိသလဲ…"

မင်းဇောက မေးကြောကြီးထောင်မတ်အောင်ကြည့်၍ မေးလာ၏။

"ကောင်မလေးနဲ့ပဲ အာရိုက်ရတာပေါ့… ကားဆရာတွေက သူ့အလုပ် သူလုပ်တော… အာရုံရှုပ်အောင် ဘာမှ အာရိုက်မနေပါဘူး … ငါစီးတဲ့ ကားဆရာကို မက်လုံးပေးဆွယ်တာလောက်ပဲ အာရိုက်လိုက်မိတယ်…"

ဧဇတနာဧဇာဧပ

www.burmeseclassic.com

www.burmeseclassic.com



“နားရှိလို့သာ ကြားရ… သိပ်မရှုံချင်ဘူးကွယ်…”

အောင်ရင်ငြိမ်းက သီချင်းဆိုသလိုလိုနဲ့ စောင်းနှိပ်၏ ဖိုးသူငယ်က …

“ဘာပဲဖြစ်ဖြစ်… လိပ်စာလမ်းကြောအတိုင်း မင်း လိမ့်ဆင်းသွားတော့မယ် မဟုတ်လား…”

“အခု သွားမလို့… ဒီဝိုင်းရှင်းပြီးတာနဲ့ ငါတို့ အားလုံး သွားကြမယ်လေ…”

ကျွန်တော့်စကားကြောင့် သူတို့ဘာသာ သူတို့ ပါးပွတ် သူပွတ်၊ ခေါင်းကို လက်နှင့် စမ်းသူစမ်းတွေဖြစ်ကုန်ကြ၏။ ကျွန် တော်က အောင်ရင်ငြိမ်းရဲ့ ကားသော့ကို လှမ်းယူလိုက်ပြီး…

“ငါ့ရဲ့ ကံကောင်းမှုကို မင်းတို့လက်ဖျားခါစေချင် လို့ပါကွာ… မလိုက်ချင်လည်း ငါတစ်ယောက်တည်းသွား မယ်…”

ကျွန်တော် ရှုတင်းတင်းနှင့် ထထွက်လာသောအခါ



www.burmeseclassic.com

www.burmeseclassic.com



အောင်ရင်ငြိမ်း ခုန်ထပြီး လိုက်ပါလာ၏။

“မင်း ကားငှားသွားတာ စိတ်မချလို့ လိုက်လာတာလား...”

“အဝေးကြီး...မင်းတစ်ကောင်တည်း ကြောင်နေမှာစိုးလို့ အဖော်လိုက်ပေးတာ မင်းထွဋ်လှိုင်း...”

အောင်ရင်ငြိမ်းရဲ့ ကားလေးဖြင့် လိပ်စာအတိုင်းမောင်းနှင်လာခဲ့လိုက်၏။ လိပ်စာအရ အောင်ရင်ငြိမ်း လက်ညှိုးထိုးပြသော ဆိုင်က သားနားလှ၏။ ဆိုင်အတွင်းကို မှန်တံခါးချပ်ကြီးတွန်းဖွင့်ဝင်လိုက်သောအခါ ညှိုကြိုဖြစ်ဟန်တူသော ယူနီဖောင်းဝတ် ကောင်မလေးက ဖိတ်မန္တကစကားဖြင့် မေးမြန်းလာ၏။ ကောင်မလေးကို အောင်ရင်ငြိမ်းက မျက်မှန်ပေါ်မှ ကျော်ကြည့်နေ၏။ ကျွန်တော်က လိပ်စာကတ်ကို ပြလိုက်ပြီး...

“မယဉ်နွယ်လှိုင်နဲ့တွေ့ချင်လို့ပါ...သူ့ရဲ့ အသိတွေပါ...”



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက ယဉ်နွယ်လှိုင်ရဲ့အမည်ကို ကြားမှ ပို၍ ရိုကျိုးသွား၏။ ဆိုင်ရှင့်သမီးမို့ ထင်သည်။ ကောင်မလေးက အတွင်းခန်းတစ်ခုထဲသို့ ဝင်သွား၏။

တရုတ်မကြီးတစ်ယောက် မျက်နှာပေါင်းတင်နေ၏။ အိန္ဒိယသူကြီးတစ်ဦးက ဆံပင်တွေလိပ်ကောက်ထားတာကို မှန်ထဲပြန်ကြည့်နေ၏။ အလှပြင်ပေးသော ယူနီဖောင်းဝတ်ကလေးတွေက ကျွန်တော်နှင့် အောင်ရင်ငြိမ်းကို မသိမသာ လှမ်းကြည့်ကြ၏။ အောင်ရင်ငြိမ်းက ပီကေပူဖောင်း ဖောက်ပြပြီး ပြန်၍ သရော်ဟန်လုပ်ပြနေ၏။

အခန်းထဲမှ ကောင်မလေးနှင့်အတူ ဆင်ကိုယ်၊ လိပ်ခါးဖားဖင်နှင့် မိန်းမဝဝကြီးတစ်ယောက် ထွက်လာ၏။

မျက်နှာမှာ မိတ်ကပ်အဖွေးသားနှင့်။ ဝသောသူကို ကြင်နာပါဟု ဖိတ်ခေါ်နေသည့်ရုပ်မျိုး။ လက်သည်းစိမ်း၊ ခြေသည်းစိမ်း၊ မျက်ခွံစိမ်းတွေနှင့် တကယ်ဝဝကစ်ကစ် မမစိမ်းစိမ်းကြီး။



www.burmeseclassic.com

www.burmeseclassic.com



"မောင်လေးတို့က ဘယ်သူတွေလဲဟင်…"

"ယဉ်နွယ်လှိုင်နဲ့တွေ့ချင်လို့ပါ…အသိတွေပါ…"

"စိတ်မရှိပါနဲ့နော်…မောင်လေးတို့ကို မမ ဘယ်နေရာမှာသိခဲ့ဖူးပါလိမ့်…မမက အလုပ်သိပ်များတော့ မမှတ်မိတတ်တာတွေ ဖြစ်တတ်တယ်လေ…"

"ဗျာ…"

"ယဉ်နွယ်လှိုင်ဆိုတာ…ဆိုတာ…"

"ဟုတ်တယ်လေ…မမရဲ့နာမည်က ယဉ်နွယ်လှိုင်ပဲ…"

အောင်ရင်ငြိမ်းက ဖွတ်ခနဲ ပီကေထွက်အောင် ရယ်လိုက်မိပြီး ပါးစပ်ကိုလက်နှင့် အတင်းပြန်ပိတ်နေ၏။ ကျွန်တော် မတ်တတ်မေ့သွားမိ၏။ ပြီးမှ…

"ကျွန်တော်တို့ လူမှားပြီလာတွေ့မိပြီ…အား…အားနာလိုက်တာဗျာ…"



www.burmeseclassic.com

www.burmeseclassic.com



ယဉ်နွယ်လှိုင်ဆိုသည့် မမဝဝက...

"ဟုတ်ရဲ့လား...မင်းတို့ကို မမမြင်ဖူးသလိုပဲ... ဘယ်နေရာမှာပါလိမ့်...ပြစမ်းပါဦး...မင်းတို့လိပ်စာ"

ကျွန်တော် ပြသောလိပ်စာကတ်ကို လှမ်းဖတ်ကြည့်၏။

"အို...အဲဒါ မမကိုယ်တိုင် ဒီဇိုင်းထုတ်ထားတဲ့ ဗစ်ဇင်းတင်းကတ်ပဲ... ဆိုင်မမှားပါဘူး... လူလည်း မမှားပါဘူး... မမ နည်းနည်းပိုဝလာတယ်ထင်လို့ မမှတ်မိတာ မဟုတ်လား..."

ကျွန်တော် စိတ်နှင့်လူနှင့် တစ်သားတည်းညစ်သွားမိ၏။ အောင်ရင်ငြိမ်းက ကျွန်တော့်ကို ပြန်လစ်ထွက်ဖို့ အသာလက်ကုတ်အချက်ပြီးလိုက်ရင်းမှ...

"ဟုတ်တယ်...မမကို ကျွန်တော်လည်း သေသေချာချာမြင်ဖူးတယ်... မမကြော်ငြာဝေါရှိ(လ်)တွေ ရိုက်ဖူးတယ်မဟုတ်လား..."



www.burmeseclassic.com

www.burmeseclassic.com



"လာကမ်းလှမ်းကြတာ များလွန်းလို့ ခါကိုချနေရတယ်… နည်းနည်းပိန်အောင်လုပ်ပြီးမှ ရိုက်မယ်လို့ ကြော်ငြာဒါရိုက်တာတွေကို နှစ်သိမ့်ထားရတယ်… အင်း… အခုထိတော့ ဘယ်ကြော်ငြာမှ မရိုက်…"

"ဟို…ဘယ်က မရိုက်ဘူးရမှာလဲ… ရိုက်ဖူးလိမ့်မယ်… မမကို အဲဒီကြော်ငြာထဲမှာ ကျွန်တော် တွေ့ဖူးတာ…"

"ဟယ်…ငါ့မောင်ကတော့လုပ်ပြီ… ဘယ်ကြော်ငြာကို ပြောနေတာများလဲ…"

"ဒီလိုနည်းနဲ့တော့ ခြင်တွေကို အနိုင်ယူလို့မရဘူး ဆိုတဲ့ ခြင်ဆေးကြော်ငြာထဲမှာလေ… မမက ဂျပန် ဆူမို နဘမ်းသမားကြီးအနေနဲ့ သရုပ်ဆောင်တာ…"

ပြောပြီး အောင်ရင်ငြိမ်းက သုတ်ခနဲ အမြန်လစ်ထွက်သွား၏။မမဝဝကြီးက မျက်လုံးကြီးပြူး၊ အံကြီးကြိတ်ပြီး ရင်ဘတ်



www.burmeseclassic.com

www.burmeseclassic.com



တွေ ဖားဖိုဆွဲသလိုဖြစ်လာ၏။ ကျွန်တော်လည်း ဆလံသပြီး အမြန်လစ်ထွက်လာလိုက်စဉ်…

ဘိုလို အော်ငေါက်သံကြီးကို ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဆက်လုပ်ဦးမလဲ မင်းထွဋ်..."

ဆိုသည့် အောင်ရင်ငြိမ်းရဲ့ စကားကြောင့် စွန်ကို ကြိုးလျှော့ပေးနေရာမှ...

"မျှောထားလိုက်မယ်လေ..."

"မင်း ရင်ခုန်တဲ့အကြောင်းလေးက ဘယ်မှာလဲ..."

"လာမယ်ထင်တာပဲ...လာတော့ လာနေပြီလို့ ငါ တွေးတယ်...ငါတွေ့တယ်... ငါသိတယ်..."

"ငြိကုန်ရင် မခိုင်တဲ့ ကြိုးကတော့ သွားပဲ..."

ေစတနာ၁စ၁ေပ

www.burmeseclassic.com

www.burmeseclassic.com



"သူ ငါ့ကို တွယ်ပတ်မိသွားပြီ..."

"သူက တင်းကြိုးလား... လျှော့ကြိုးလား..."

"နှစ်မျိုးသုံးကြိုးအမျိုးအစား..."

"ဒါဆို မင်းက တင်းကြိုးသမားလား...လျှော့ကြိုး သမားလား..."

"လျှော့ကြိုးသမား...သူနဲ့ငါနဲ့ ငြိပြီး...ကြိုးလိမ်နေ သမျှ ငါ့မှာ ကြိုးအတိုင်းအတာရှိသလောက် ဆက် လျှော့ပေးနေရဦးမှာပဲ..."

"လျှော့ကြိုးသမားချင်းတူနေရင်ကောကွာ..."

"ခံနိုင်ရည်မရှိတဲ့ ကြိုးတော့ သွားမှာပဲ..."

"သူက တင်းကြိုးဆိုရင်တော့...မင်းက လျှော့ ကြိုးသမားဆိုတဲ့အတိုင်း... သူတင်းရာ လိုက်လျှော့ပေးရ မယ်ဆိုပါတော့..."

"ဒါပေါ့...ဒါပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လွှတ်တင်ထားသော စွန်နှင့် အခြားတစ်နေရာမှ လွှတ်တင်ထားသောစွန်တို့ တွယ်ငြိနေရာမှ အခြားစွန်က အပေါ်ကိုထောင်ဆွဲ၍ ဖြတ်ချ၏။ အလိုက်သင့်လျှော့ပေးနေသော ကျွန်တော့်စွန်ကြိုးက မပြတ်။ အခြားတစ်နေရာမှ လွှတ်တင်သောတင်းကြိုးစွန်က ပြတ်ထွက်သွား၏။ လေထဲမှ ငါးခြောက်ပြားလွှန်းပျံ့ယာဉ်ဟန်ဖြင့် ငြိမ့်ငြိမ့်ဝဲဝဲ အောက်ပြုတ်ကျသွားသော စွန်ကိုကြည့်၍ ကျွန်တော် အားရပါးရဟစ်ကြွေးပြီး စွန်ကို လေထဲမှာဘယ်ညာယိမ်းလူးပြလိုက်၏။

"ဟော့ကောင်… ငါက ယဉ်နွှယ်လှိုင် အယောင်ဆောင်သွားတဲ့ ကောင်မလေးရဲ့အကြောင်းကို စွန်လွှတ်ခြင်းဥပမာနဲ့ ပြောနေတာကွ… မင်းက တကယ် စွန်လွှတ်တာတွေ ပြောနေပါလား… ဘယ်လိုလဲကွာ…"

"မသိဘူးလေ… ငါ့စွန်ကတော့ မှန်စာကောင်းလိုပွဲတိုင်းကျော်ဖြစ်နေပြီ…"



www.burmeseclassic.com

www.burmeseclassic.com



“အဲဒီကောင်မလေးကို မင်း တကယ်မေ့သွားပြီလား…”

အောင်ရင်ငြိမ်း စကားကြောင့် လေဟုန်စီးနေသော စွန်ကို ရစ်ဆွဲလိုက်၏။

“ရာသီဥတုက မကြည်လင်ဘူး…”

“မင်း လိုက်မရှာတော့ဘူးလား…”

“ကိုယ့်ဘက်က အမြန်ရုပ်သိမ်းထားပြီး ရှောင်လိုက်တာကောင်းတယ်… မိုးကြွင်းမိုးကျန်တွေ ဝေါခနဲ ရွာချလာနိုင်တယ်…”

“ကောင်မလေးအကြောင်းကို ငါပြောနေတာနော်”

“အဲဒါထက် ငါ့စွန် မိုးမိသွားမှာ ပိုတွေးပြီး ပူပန်နေရတယ်…လုပ်စမ်းပါကွာ…ငါလက်ညောင်းနေလို့… မင်းကူပြီး ကြိုးရစ်ပေးစမ်းပါ…”

အောင်ရင်ငြိမ်း ရင်ဘတ်ထဲကို ရစ်ဘီးထည့်ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် လက်နှစ်ဖက်ကို ဆန့်ခါလိုက်၏။ လက်ချောင်း တွေကို တဖြောက်ဖြောက်ချိုးပြီး ကောင်းကင်ကိုသာ မော့ ကြည့်နေလိုက်၏။

အောင်ရင်ငြိမ်း ပြန်ပြောပြလိုက်၍ မင်းစောနှင့် ဖိုးသူငယ် တို့ အပားကို သူခံခဲ့ရ၏။ ယဉ်နွယ်လှိုင် အမည်သုံးပြီး သူ့ကို ကပ်လှည့်သွားသော ကောင်မလေးကို အတွေးနှင့် ထင်းထင်း မြင်ယောင်၏။

“မင်းထွဋ်လှိုင်း...ဟိုဘက်လေကြောက အမြီး တန်းလန်းနဲ့တက်လာတဲ့ စွန်တစ်ကောင်ကို တွေ့တယ်... ဖြတ်မှာလား...”

လေနိမ့်ကြောမှာ အလှပြလွန့်လူးနေသော စွန်ကို တွေ့၏။

အောင်ရင်ငြိမ်းထံမှ ရစ်ဘီးကိုယူပြီး စွန်ကို တိုက် လေယာဉ်လို ဦးစိုက်နိမ့်ဆင်းပစ်လိုက်ပြီး ထိုစွန်ရဲ့အောက်ခြေ



www.burmeseclassic.com

www.burmeseclassic.com



မှ ပတ်ပိုက်သိမ်းယူလိုက်၏။ စွန်ချင်းငြိစဉ်မှာပင် တစ်ဖက်စွန်က ပြတ်ကျသွား၏။

"ဟာ… အဲဒီစွန်ကို မှန်စာကြိုးနဲ့ လွှတ်နေတာ မဟုတ်ဘူး…ဒီလောက်လွယ်လွယ်လေးနဲ့ ပြတ်သွားတာဆိုရင် နိုင်လွန်ကြိုးနဲ့ လွှတ်နေတာ ဖြစ်ရမယ်…"

"ဟုတ်လား… အဲဒါဆိုရင်…"

"ငါ့စွန်ကို မြန်မြန်ပြန်သိမ်းပြီးလစ်မယ်…"

ကျွန်တော့်စွန်ကို မြန်မြန်ပြန်ရစ်ခေါ်နေစဉ်…

"မင်းထွဋ်…ဟိုဘက်သစ်ပင်တန်းတွေထဲက ရစ်ဘီးကိုင်ထားတဲ့ လူနှစ်ယောက်ထွက်လာတယ်… ဘောင်းဘီဝတ်ထားတယ်…ယောကျ်ားတွေမဟုတ်ဘူး… မိန်းမတွေကွ…"

အနီးအပါးမှာ ကားသင်မောင်းသော ကွင်းကျယ်ကြီးရှိနေပြီး တချို့ကားတွေ သင်မောင်းနေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးနှစ်ယောက် အနားရောက်လာချိန်မှာ ကျွန်တော့်စွန်ကို ကျွန်တော် ပြန်သိမ်းပြီးသွားလေပြီ။

"ဟော့လူတွေ...ဟိတ်..."

ကောင်မလေးတစ်ယောက်က အသံမာမာနှင့် လှမ်းအော်၏။ ဝေ့(စ်)ကုတ်ဝတ်ထားပြီး ဘောင်းဘီတိုနှင့်ဖြစ်၏။ ကျန်တစ်ယောက်က စတိုင်(လ်)ပန်(လ်)ဝတ်ထားပြီး ကိုယ်ကျပ် အင်္ကျီနှင့်။ သရုပ်ပြဝတ်စားဆင်ယင်သည့် ကိုယ်လုံးကိုယ်ထည်နှင့်။

"ရှင်တို့ ကျွန်မတို့စွန်ကို ဘာလို့လိုက်ဖြတ်ရတာလဲ...အကျင့်ယုတ်လိုက်တာ..."

ဘောင်းဘီတိုနှင့်ကောင်မလေးက လက်ညှိုးတထိုးထိုးနှင့် ပြောလာ၏။ ဘောင်းဘီရှည်နှင့်ကောင်မလေးက ရစ်ဘီးကိုင်ထားပြီး ရှုံ့တင်းတင်းကြည့်နေရာမှ...

"ဒီလူ...ဒီလူပဲ ဟန်နီ... ဟိုတစ်နေ့က ငါ့နောက်ကို အတင်းလိုက်တဲ့လူ..."

ေ စ တ နှ ၁ စ ၁ ေ ပ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဝမ်းသာသွား၏။ ယဉ်နွယ်လှိုင် ဟန်ဆောင်နေသော ကောင်မလေးကို ထင်မှတ်မထားဘဲ ပြန်တွေ့လိုက်ရ၍ အံ့သြပြီး စကားပင်ပြောမထွက်အောင် ဖြစ်နေ၏။ အောင်ရင်ငြိမ်းက အမှုတွဲခံရမှာစိုး၍ သူနှင့်မဆိုင်သလို လုပ်နေ၏။

ကျွန်တော်က ဘောင်းဘီတိုနှင့် ကောင်မလေးကို လက်ထဲမှစွန်ကို ကြိုးတန်းလန်းဖြင့် လှမ်းပေးလိုက်၏။

"ခင်ဗျားတို့ အလှလွှတ်တာ နောက်မှ သိရတယ်ဗျာ... ဒါပေမဲ့ နောက်ကျနေလို့ ဘာမှပြန်လုပ်လို့ မရတော့ဘူး... လုပ်ပေးနိုင်တာ တစ်ခုပဲရှိတယ်... ခင်ဗျား ကျွန်တော့်စွန်ကို ပြန်ဖြတ်ပြီး... ကြိုက်သလို လုပ်လိုက်ပါ..."

ဘောင်းဘီတိုဝတ် ကောင်မလေးက မျက်နှာကြော လျှော့သွား၏။ ဘောင်းဘီရှည်ဝတ် ကောင်မလေးက စွန်ကိုလှမ်းယူပြီး ကြိုးကို ဆွဲဖြတ်လိုက်၏။ ပြီးလျှင် စွန်ကို တစ်စစီဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဖြဲဆုတ်ပစ်လိုက်၏။

"ကျေနပ်ပြီလား..."

"ကျေပြီ..."

"ကျွန်တော့်ဘက်က မကျေသေးတာရှိတယ်..."

"ဘာမကျေသေးတာလဲ..."

"လိပ်စာအတုကြီးပေးသွားတာ မင်းလေ..."

"အဲဒါ ဘာဖြစ်လဲ..."

"ဒီနေ့ ရေကုန်ရေခန်း ဆက်လိုက်ရတော့မှာပေါ့..."

"ကျွန်မပြောတာ ယုံပြီလား ဟန်နီ...ဒီလူက အဲဒီလိုလူ..."

ဟန်နီက ကျွန်တော့်ကို လူထူးလူဆန်းလိုကြည့်နေ၏။ ကောင်မလေးက ဟန်နီ့လက်ကို ဆွဲပြီး...

"နောက်တစ်ခါထပ်ပြီး ပညာပေးရမှာပေါ့..."

အောင်ရင်ငြိမ်းက အပိုဆောင်လာသော စွန်အိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်နှင့် မြှောက်ပြရင်းမှ...

"စွန်မလွှတ်ကြတော့ဘူးလား..."

မိုးအုံ့မှိုင်းလာပြီဖြစ်၍ အပိုအမေးသက်သက်ဖြစ်သွား၏။ ကောင်မလေးက ဟန်နီ့ကို ဆွဲခေါ်ပြီး မြန်မြန်သွက်သွက် ကျောခိုင်းထွက်သွား၏။ ကျွန်တော်က ဝေဝါးနေသော မှတ်ဉာဏ်ထဲမှ လင်းတစ်လှည့် မှုန်တစ်လှည့်ဖြစ်နေသော အတိတ်ပုံရိပ်ဟောင်းတွေကို ပြန်လည်ဆက်စပ်ထပ်ကြည့်နေမိ၏။

"မင်းထွဋ်...ဘာငိုင်နေတာလဲ...သူတို့သွားပြီလေ...မလိုက်ဘူးလား..."

"ငါ ဒီကောင်မလေးကို မြင်ဖူးတယ်..."

"ဟာ...မင်းကလည်း အရေးထဲ ကြောင်နေပြန်ပြီ..မြင်ဖူးခဲ့လို့ အခုလို အပြောအဆိုနဲ့ အခြေအနေတွေ ဖြစ်သွားရတာပေါ့ကွ...မင်းကောင်မလေး ချောတယ်...မင်းရွေးတတ်တယ်...ဆက်မလိုက်ဘူးလား..."



www.burmeseclassic.com

www.burmeseclassic.com



“ငါ့ထက် မင်းက ပိုတက်ကြွနေပါလား… လိုက်မှာ ပေါ့…”

“လုပ်လေ…မတ်တတ်ကြီးမေ့မနေနဲ့…သူတို့မှာ ကားပါလာပုံရတယ်…”

ကျွန်တော်နှင့် အောင်ရင်ငြိမ်း အမြန်သုတ်ခြေတင်ရ၏။ ကားရပ်ကွင်းမှာရှိသော ဇိမ်ခံကားတစ်စီးပေါ်ကို သူမတို့ တက်နေတာ တွေ့ရ၏။

“သူတို့ကားက ကောင်းတယ်… ငါ့ကားနဲ့လိုက်မီပါ့မလား…”

“မြို့ထဲမှာ မိုင်ကုန်သွားရင် မော်တော်ပီကယ် ဖမ်းသွားမှာပေါ့…မီပါတယ်ကွာ… မင်းကားလည်း အညံ့စားကြီးမှမဟုတ်တာ… ဆိုက်ကားထက်တော့ မြန်ပါတယ်…”

ကျွန်တော်တို့ ရှေ့မှပွတ်ဆွဲမတတ်မောင်းနှင်သွားသော



www.burmeseclassic.com

www.burmeseclassic.com



သူမတို့ကားကို လက်သီးဆုပ်ပြလိုက်၏။ အောင်ရင်ငြိမ်းက ကားမောင်းသူနေရာကို မြန်မြန်ရောက်ချင်ဇောဖြင့် ကားဘောနပ်ပေါ်ကိုယ်ခန္ဓာကို တစ်ပတ်လည်လိမ့်ချလိုက်၏။ ကျွန်တော်တို့ နှစ်ယောက်စလုံး ကားပေါ်ရောက်သည်နှင့် အရှိန်ပြင်းပြင်း မောင်းထွက်လိုက်သည်။

လမ်းမပေါ်မှာပြေးနေသော သူမတို့ကားကို မြင်ကွင်းမှ ပျောက်မသွားအောင် လိုက်မောင်းရ၏။

“သူတို့ကားနံပါတ်ကို ဖတ်လို့ရပြီ…”

“ဟန်နီရဲ့ ကားဆိုရင် ထပ်စုံစမ်းရဦးမယ်…ဟန်နီ မပြောဘဲ သိတ်ပြီးဘူးကွယ်နေရင် ဘယ်လိုလုပ်မလဲ”

“ဒါလည်း ဟုတ်တာပဲ…ဆက်လိုက်မယ်ကွာ…”

အောင်ရင်ငြိမ်းက ဆက်လိုက်၏။ မီးပွိုင့်ပြိုင်တူမိ၏။ ကားသုံးစင်းစာလောက်သာ ခြားနေ၏။ မီးပွိုင့်အတူ လွတ်လာခဲ့သည်။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့မြို့နယ်ထဲကို ပြန်ရောက်လာပြီကွ…"

"ဒီမြို့နယ်ထဲမှာ နေတာများလား…"

သူမတို့ကားက ကျွန်တော်တို့နေထိုင်ရာ လမ်းသွယ်နှင့် စားသောက်ဆိုင်တန်းတွေဘက် ကွေ့ဝင်သွားပြန်၏။ အောင်ရင်ငြိမ်းက မျက်လုံးပြူးသွားပြီး…

"တို့နေတဲ့နေရာထဲ ပြန်ရောက်နေပြီ… ဒီလမ်းသွယ် တိုက်ခန်းတွေထဲမှာ နေရိုးမှန်ရန် တို့သိရမှာပေါ့… နောက်မှ ပြောင်းလာကြတာတွေလား မသိဘူး…"

"အေး… ဖြစ်နိုင်တယ်… ဟာ…ဟာ… ငါနေတဲ့လမ်းထဲမောင်းဝင်သွားပြန်ပြီ… ဟော… ဟော… ဟိုမှာ…ဟိုမှာ…"

"မင်းတို့ အိမ်ရှေ့မှာ ကားကို ထိုးရပ်လိုက်ပြီ မင်းထွန်း…"

ယခုတစ်ကြိမ် မျက်လုံးပြူးပြီး ပါးစပ်ဟောင်းလောင်း



www.burmeseclassic.com

www.burmeseclassic.com



ပွင့်ကျအောင် အံ့သြနေရသူမှာ ကျွန်တော်။

“ဒါ… ဘယ်လိုဖြစ်ကုန်တာလဲ… ဘာတွေဖြစ်လာတာလဲ…”

“မင်းတို့အိမ်ထဲကိုဆင်းပြီး လှမ်းဝင်သွားပြီကွ…”

ကျွန်တော် အိပ်မက်ထဲမှာလိုလို ထင်နေ၏။ အိမ်ရှေ့ကားအသာရပ်ပြီး အကဲခတ်နေစဉ် အိမ်ထဲမှ သူမတို့နှစ်ယောက်မြောက်ကြွားကြွားလေး ပြန်ထွက်လာ၏။

“ရှင့် အိမ်ကို ဝင်တိုင်ခဲ့တယ်… ရှင့်အဖေ ဒေါ်သူပုန်ထနေပြီ … အိမ်ထဲကို တစ်ဆိတ်လောက် ကြွလိုက်ဦး…”

အဖေ့ဒေါသဆိုလျှင် ကျွန်တော်က အသေလန့်ရသူမို့ခေါင်းချွေးပြန်ပြီး သူမကို မယုံနိုင်စရာ ပုံရိပ်တစ်ခုပမာ ပြန်ကြည့်နေလိုက်မိ၏။ အောင်ရင်ငြိမ်းလည်း ကျွန်တော့်နည်းတူပင်။

သူမတို့နှစ်ယောက် ကားပေါ်တက်ပြီး မောင်းထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



၏။ ကျွန်တော် လန့်လန့်ဖြင့် သံဗုဒ္ဓေဂါထာကိုးခေါက်ရွတ်ပြီး အိမ်ထဲဝင်သွားမိ၏။ အိမ်ဧည့်ခန်းမှာ စာဖတ်နေသော မိခင်ဖြစ်သူကို တွေ့ရ၏။ အခြေအနေက မပူမလောင်။

ကောင်မလေးနှစ်ယောက် အိမ်ထဲဝင်သွားသည့်အကြောင်းကို မေးကြည့်၏။ မေမေက အိမ်နဲပါတ်မှားဝင်လာမိတာဖြစ်ကြောင်း ပြော၏။ ဖေဖေလည်း အလုပ်က ပြန်မလာသေး။

ကောင်မလေး တမင်ဖိန့်ပြီး ခပ်တည်တည်နှင့် အုပ်သွားခြင်းဖြစ်၏။ ကျွန်တော့်နေရာကို ကောင်မလေး ဘယ်လိုလုပ်ပြီး အရင်သိနေရပါလိမ့်။ ကျွန်တော့်ထက် ခြေပိုသွက်ပြီး ကျွန်တော့်ထက် လှည့်ကွက်တွေကို ပဋ္ဌလက်လို လုပ်ပြနိုင်စွမ်းသော ကောင်မလေးကို အံ့သြပြီး သြချယူရမိ၏။ အောင်ရင်ငြိမ်းဆိုလျှင် လက်ဖျားတခါခါ။

"မုဆိုးက သားကောင်ကို လိုက်ချောင်းလို့ ကောင်းနေတုန်း... သားကောင်က မုဆိုးရဲ့ နောက်ကျောကနေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါပတ်ချောင်းပြီး အခုလို ဟိန်းသံဟောက်သံ ပေးလိုက်တော့… မင်း လိပ်ပြာလွင့်မတတ် လန့်သွားရပြီ မဟုတ်လား မင်းထွဋ်…"

"အေး… သူ ဘယ်လိုဖြစ်ပြီး ငါ့ကို သိနေရတာလဲ… ငါ စဉ်းစားလို့ကို မရဘူး…"

"သူ့ဘက်က အမှတ်တမဲ့ ကြုံဆုံရင်းနဲ့ မင်း ဒီအိမ်မှာနေတာ သတိပြုမိသွားတာရော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး… သူသိတာ နည်းနည်းအတွင်းကျတယ်… ငါ့မှာ မိစုံဖစုံရှိတာ ငါအဖေက အပြစ်လုပ်ရင် ဒေါသတကြီး အပြစ်ဒဏ်ပေးတတ်တာတွေ သူသိထားတယ်… ဒီနားက တိုက်တွေမှာ သူ့အသိတစ်ဦးဦး ရှိပုံရတယ်…အဲဒီ သဲလွန်စနေရာကပဲ… ဒီကောင်မလေး စုံစမ်းသိရှိသွားရတာ ဖြစ်နိုင်တယ်…"

"မင်းကို စိတ်ဝင်စားလို့ ဒီလောက်အလေးအနက်



www.burmeseclassic.com

www.burmeseclassic.com



ထားလုပ်ပြနေတာလားမှ မသိတာ…”

“သူတို့မိန်းမတွေက လူတစ်ယောက်ကို လှည့်စားနောက်ပြောင်ချင်ရင်…အဲဒီလို အလေးအနက်အတည်ပေါက်နဲ့ ဒုက္ခခံပြီးတော့ကို ပြင်ဆင်လုပ်ကိုင်တတ်ကြတယ်ကွ…”

“မင်း ဘာလဲဆိုတာ အဲဒီကောင်မလေးက သိသင့်သလောက် သိနေပြီ… အဲဒီကောင်မလေး ဘာလဲဆိုတာ မင်း လုံးဝမသိရသေးဘူး… ညံ့တယ်ကွာ… မင်း အစွမ်းအစတွေ လုံးဝတုံးသွားပြီနဲ့တူတယ် မင်းထွဋ်…”

“ပြောကွာ… ငါကိုကလည်း ညံ့ကို ညံ့ပါတယ်… အဲ့ဒီကောင်မလေးကို ဒီလောက်အထိ မထင်ခဲ့ဘူး… မှတ်မိသလောက် အရင်ကအဖြစ်တွေကို ပြန်တွေးကြည့်မှ… အဲဒီကောင်မလေး မခေဘူးဆိုတာ ရိပ်မိလိုက်ရတယ်… ဟိုအရင်တုန်းက ငါ စွန်လွှတ်ရင်း ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး စကားများရတဲ့ အမျိုးသမီးရယ်… ကဖီးဆိုင်ရှေ့မှာ လှလှပပလေး ဖြတ်လျှောက်သွားလို့ နောက်က ကောက်ကောက်ပါအောင် လိုက်သွားရင်း စတိုးဆိုင် ခဏဝင်သလိုလိုနဲ့ ငါ့ကို မျက်ခြေဖြတ်သွားတဲ့ မိန်းကလေးရယ်… အခုစွန့်လွှတ်ရင်း ပြဿနာဖြစ်ရပြန်တဲ့ ဒီကောင်မလေးရယ်… ပေါင်းလိုက်ရင် သုံးယောက်… အဲဒီ သုံးယောက်ဟာ ရုပ်ပြောင်းရုပ်လွှဲ ပုံစံသုံးပြီး တစ်ဦးတည်းကနေ သုံးကိုယ်ခွဲထားတဲ့ အရိပ်တွေပဲ…"

"မင်းပြောချင်တာ ငါနားမရှင်းဘူး မင်းထွန်း…"

"အဲဒီအမျိုးသမီးရယ်… အဲဒီ မိန်းကလေးရယ်… အဲဒီ ကောင်မလေးရယ်ဆိုတာ အမျိုးသမီးသုံးယောက် မဟုတ်ဘူး… ဟန်ဆောင်အတတ်နဲ့ မှုယာမာယာကြွယ်ထားတဲ့ ဒီနေ့တွေ့ရတဲ့ ကောင်မလေးကိုယ်တိုင်ကိုကပဲ သုံးကိုယ်ခွဲထားတာကွ… တစ်ခါတလေ သူ့



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တိုသွားလိုက်… နောက်ပြန်တွေ့ပြန်ရှည်လိုက်… နောက်ထပ်တွေ့ရင် အလောတော်ဖြစ်သွားလိုက်နဲ့… ပုံစံ အမျိုးမျိုးပြောင်းနေလို့ သူ့ကိုင် တသီးတခြားစီလို့ အစောပိုင်းက ထင်နေခဲ့တာ…”

အောင်ရင်ငြိမ်းက ခေါင်းကို တဖျင်းဖျင်းကုတ်ရင်း…

“မတွေးနိုင်တော့ဘူးဟေ့… တွေးရတာ ကြက်ခြေထောက် ခြင်ကိုက်နေရသလိုပဲ…”

“မတွေးနဲ့ မကြာခင် အဲဒီကောင်မလေး ဘယ်သူလဲ… ဘာလဲဆိုတာ ထိပ်တိုက်တွေ့သလို သိလာရစေမယ်…”

“အတောင်ပံနဲ့ ရေကူးသင်မိသလိုလည်း ဖြစ်နေပါဦးမယ် မင်းထွဋ်လင်းရာ…”

“အောင်ရင်ငြိမ်းစကားကို ကျွန်တော် အလေးမထားတော့။



www.burmeseclassic.com

www.burmeseclassic.com



သူ့အကြည့် . . .

ကိုယ့်အကြည့် . . . ဘီယာခွက်များထိတိုက်သလို

နှလုံးသားချင်း ထိတိုက်ပြီးမှတော့

တို့တစ်တွေ တစ်ခုခုအတွက် ဆုတောင်းပေးကြရတော့မှာပေါ့

ကောင်မလေးရယ် . . . ။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အချစ်၌ ကွယ်လွန်သွားသော အမုန်းတွေအကြောင်းကို ကဗျာဖွဲ့ဆိုကောင်းပါရဲ့လား။

ဂမ္ဘီရဆန်သော ယုတ္တိဗေဒကို (Special Term) အထူး အဓိပ္ပာယ်ဖွင့်ဆိုပြချက်နှင့် နတ်လမ်းညွှန်ပြချင်သည်။

ကောင်မလေးရဲ့ကောင်းကင်မှာ ကျွန်တော့်ရဲ့ စိတ်ကူး တိမ်တိုက်တွေ လွှတ်တင်ထားချင်သည်။

မိန်းကလေးတို့ရဲ့ သဘောသဘာဝကို အခြေခံ၍ တစ် ပတ်တစ်ခါ (သို့) နှစ်ပတ်တစ်ခါ (သို့) တစ်လတစ်ခါ အလှပြင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လာပြင်တတ်ချိန်ကို ကျွန်တော် စိတ်ရှည်လက်ရှည် စောင့်ကြည့်ဖြစ်၏။

စောင့်ကြည့်ရသည့်အကြောင်းရင်းခံများမှာ ယဉ်နွယ်လှိုင်ဆိုသောအမည်ကို ခင်မင်ရင်းနှီးလွန်းသူထံမှသာ တမင်ယူသုံးရဲပါလိမ့်မည်။

ယဉ်နွယ်လှိုင်ရဲ့ဆိုင်မှာ အမြဲအလှလာပြင်ရင်းဖြင့် ခင်မင်ရင်းနှီးသည့် ဖောက်သည်အဖြစ်လည်းကောင်း၊ ယခင်သိဟောင်းဆွေဟောင်း အပေါင်းအသင်းဟောင်းဖြစ်နေကြပြီး အမြဲလိုလိုအလှလာပြင်ရင်းစွဲရှိခြင်းအဖြစ်လည်းကောင်း၊ ဆံပင်ပုံစံနှင့်မျက်နှာပြင်ဆင်မှုပုံစံ မကြာခဏပြောင်းလဲတတ်သဖြင့် ပြင်နေကြ အလှပြင်ဆိုင်ကို မလွဲမသွေရောက်လာနိုင်ခြေရှိခြင်းကြောင့်လည်းကောင်း...စသည့် အကြောင်းသုံးပါးမှာ တစ်ပါးပါးဖြင့်ကောင်မလေး ကြိမ်းသေရောက်ချလာနိုင်ရာကို တွက်ချက်ပြီးကင်းစောင့်မျက်လုံးဖြင့် စောင့်ကြည့်နေဖြစ်ခဲ့ခြင်း ဖြစ်သည်။

ဧေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်··· နှစ်ရက်··· စိတ်ပျက်ဖွယ်ကောင်းလောက်အောင် အကြောမကြာခဏ ဆန့်၍ တွန့်လိမ်သိမ်းဝေခြင်းဖြင့် ကုန်ဆုံးသွားစေခဲ့လိုက်၏။ သုံးရက်မြောက်သောနေ့မှာ···

ကျွန်တော် မျှော်လင့်နေသော ကောင်းကင်က အလှပြင်ဆိုင်လေးဆီကို "တော်နေးဒိုး"မုန်တိုင်းတိုက်ခတ်သလို ဆင်းချလာခဲ့၏။ ကားပေါ်မှာ သတင်းစာကိုင်ဖတ်ပြီး မသိမသာလှမ်းကျော်ကြည့်ရ၏။ အောင်ရင်ငြိမ်းရဲ့ကားကို မယူလာဖြစ်ခဲ့တာ ပိုကောင်း၏။ ဖိုးသူငယ်ရဲ့ ဘလူးဘတ်ကားဟောင်းကြီးက ယခုလိုနေရာ၌ အသုံးတည့်လွန်းလှသည်။ ရပ်ထားသောကားတွေကို ကောင်မလေးဝေ့၍ ကြည့်သော်လည်း အစုတ်ပလုတ်ဘလူးဘက်ကြီးကိုမူ ယောင်၍မျှမကြည့်။

မိမိကိုယ်ကို ယုံကြည်စိတ်ချမှုအပြည့်ရှိသည့် မိန်းမပျိုလေးလို အလှပြင်ဆိုင်ထဲ ဝင်ချသွား၏။ ဟန်ပန်က ကြည့်၍ကောင်း၏။ ဆွဲဆောင်မှုစွမ်းရည်ရှိသည်။

စေတနာ၁စ၁၄ပေ

www.burmeseclassic.com

www.burmeseclassic.com



ဟန်နီ ပူးတွဲပါမလာ။ ကျွန်တော်က ပီကေတစ်ခုပြီး တစ်ခုဝါးရင်း အလှပြင်ဆိုင်နှင့်အကြည့်ကို စေးကပ်ထားလိုက်မိ၏။

ဆံပင်အတိုနှင့် တီရှပ်၊ ဂျင်းပန်(လ်)နှင့် ဝင်သွားသော ကောင်မလေး။ တစ်နာရီခွဲနီးပါးအကြာမှာ ဆံပင်အရှည်နှင့် ပါတိတ်အထက်အောက် ဆင်တူနှင့် ပြန်ထွက်လာ၏။ ဆံပင်ရှည်ကို ဆံထုံးထုံးထားပြီး ဆံမြိတ်အမွှာလေးတွေ ချထား၏။ မိတ်ကပ်ဆေးသားတင်ထား၏။ ဆိုင်ပြင်အထွက်မှာ ဘေးဘီဝဲယာကို အကြည့်ကစားလိုက်သေး၏။ လက်မှ ရွှေရောင်နာရီလေးကို ပင့်မကြည့်နေပြန်သည်။ ကျွန်တော်က ဆံပင်တုကို ကောက်စွပ်လိုက်ပြီး နှုတ်ခမ်းမွေးအတုတပ်လိုက်သည်။ မျက်မှန်အနက်ကို တပ်လိုက်သောအခါ နောက်ကြည့်မှန်ထဲမှာ ကျွန်တော်သည် လူစိမ်းတစ်ယောက်ဖြစ်သွား၏။ ဆံပင်တုတွေ လိမ်ကောက်နေသဖြင့် လမ်းသရဲတစ်ယောက်နှင့်ပင် တူနေ၏။

ကားကို လမ်းမဘက်ထွက်လိုက်ပြီး လမ်းကြားတုံးမရှိ



www.burmeseclassic.com

www.burmeseclassic.com



သော ကွေ့ရန်နေရာအထိ မောင်းပတ်ကွေ့လာလိုက်ပြီး အလှပြင်ဆိုင်ရှေ့မှ ထိုးရပ်လိုက်၏။ အငှားကားတားရန် ဟန်ပြင်နေသော ကောင်မလေးရဲ့ အနားမှာ ရပ်တန့်ရင်း…

"ကားငှားမလို့လား ခင်ဗျာ…"

အသံအက်အက်ကြီးလုပ်ပြီး မေးလိုက်၏။ ကောင်မလေးက ကျွန်တော့်ကို တစ်လှည့်၊ ကားပုံစံကိုတစ်လှည့်ကြည့်ပြီး နှာခေါင်းရှုံ့၏။ လက်ခါပြ၏။

ထင်ကြေးနှင့်လွဲပြီ။ ကားကိုရှေ့သို့ မောင်းထွက်လိုက်စဉ် နောက်မှလိုက်လာသော အငှားကားတစ်စီးကို ကောင်မလေး လှမ်းတားနေ၏။ ကားရပ်သောအခါ ဈေးညှိနေ၏။ ဈေးများ၍ ထင်သည်။ ကောင်မလေးက ငြင်းလွှတ်လိုက်၏။ အငှားကားက မောင်းထွက်လာရင်း ကျွန်တော့်ကား တုံ့ရပ်နေတာကို မြင်၍ လက်နှစ်ချောင်း ထောင်ပြသွား၏။

ထောင့်ရှစ်ရာလောက် သူတောင်းတာမရ။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ထောင်လောက်သာ ပိတ်တောင်းပစ်လိုက်ဆိုသည့် ပညာပေး အချက်ပြလေလား မသိ။

ကျွန်တော့်ကားကို နောက်ပြန်ဆုတ်ပြီး ကောင်မလေးရဲ့ အနားမှာ ရပ်လိုက်၏။

"ကားငှားရင် ကျွန်တော့်ကား အားပါတယ်...ညီမ ပေးနိုင်တဲ့ဈေးသာ ပေးပါ... လိုက်ပို့ပေးမယ်..."

ကောင်မလေးက ကျွန်တော့်ကို ထပ်မံ၍ အကဲခတ်လေ့လာနေပြန်၏။ ဘာသဘောနှင့် သဘောကောင်းနေသလဲဟု တွေးချင်တွေးနေပေလိမ့်မည်။

"ခါတ်ဆီဖိုး တစ်ထောင်ဝန်းကျင်လောက်ပဲ ပေးပါ... ဘယ်ကို သွားမှာလဲ..."

"မြို့ထဲကို... ရှင့်ကားကြီးက..."

"အိုတော့အိုနေပါပြီ... ပယ်တဲ့စာရင်းထဲတော့ မပါသေးပါဘူး... ခရီးရောက်ဖို့သာ အဓိကပါညီမ..."



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက တစ်ချက်တွေခနဲ စဉ်းစား၏။ ပြီးမှ နောက်ခန်းတံခါးကိုဆွဲဖွင့်ပြီး ကားပေါ်တက်၏။ သားကောင်က တော့ ထောင်ချောက်စက်ဝန်းထဲ ရောက်ချလာလေပြီ။

"ရွှေဘုံသာလမ်းကို သွားမယ်… ဘယ်လောက်လဲ"

"ကြည့်ပေးပါ… အားနွဲ့တဲ့ မိန်းကလေးတွေမို့လို့ ကိုယ်ချင်းစာပြီး တောင်းတာ… အားကြီးတဲ့ ယောကျ်ား တွေဆိုရင် ဘာတောင်းသလဲမမေးနဲ့…"

"ယောကျ်ားတွေစီးရင် ပဲခူးကိုဆို ဘယ်လောက် တောင်းသလဲ…"

"သုံးထောင်လောက်ပဲ တောင်းပါတယ်…"

"မြို့ထဲကိုဆိုရင်ကော…"

"ခြောက်သောင်းလောက်တောင်းတယ်…"

"အို…ဘယ်လိုဖြစ်ရတာလဲ…ပဲခူးက အဝေးကြီး… အဝေးကြီးကိုကြတော့ သုံးထောင်လောက်ပဲ တောင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်… မြို့ထဲ နီးနီးလေးကိုကြတော့ ခြောက်သောင်း လောက်တောင် တောင်းတာတော့ လွန်လွန်းအားကြီးလွန်း တာပေါ့…”

“ညီမ မသိဘူးနော်…ပဲခူးက လမ်းကြောင်းရှင်း တယ်… ခြောက်လမ်းသွားမှာ အသွားဆို အသွားသုံး လမ်း… အပြန်ဆို အပြန်သုံးလမ်း… လမ်းကြောမရှုပ် ဘူး… မြို့ထဲက လမ်းကြောရှုပ်တယ်… လူရှုပ်တယ်… မတော်တဆ လူကိုပွတ်ဆွဲမိတာတို့… ကွမ်းယာဆိုင် တက်ချိတ်မိတာတို့… လမ်းဘေးပန်းအုတ်ခုံဝင်တိုက် မိတာ တို့ ဖြစ်လာရင် လျော်ကြေးပေးဖို့ပါ ရောပြီး ကြိုတောင်း ထားရတာလေ…”

ကျွန်တော်က ဟာသဖောက်လိုက်သော်လည်း ကောင် မလေးက တကယ်ထင်၍ လန့်သွား၏။

“အလကားနောက်တာပါဗျာ… ဘယ်သူမဆို ဈေး



www.burmeseclassic.com

www.burmeseclassic.com



အတူတူပဲ တောင်းပါတယ်… ကြည့်ပေးသလောက်သာ ယူပါတယ်… ကျွန်တော်က အသပြာကားဆရာ မဟုတ်ဘူး… စေတနာ ကားဆရာ…”

ကောင်မလေးက လှပစွာပြုံး၏။ ရှုလေ၊ ယဉ်လေ၊ မွေးချင်လေလေ။ အသံတမင်အက်ပြီးပြောနေရ၍ လည်ချောင်းတွေပင် နာချင်လာ၏။ ကောင်မလေးက…

“ရှင့်အသံကို ကျွန်မ ကြားဖူးသလိုလိုပဲ…”

“ကြားဖူးမှာပေါ့… အဆိုတော်လုပ်ပြီး အခွေနှစ်ခွေထုတ်ဖူးတယ်လေ… ရော်ခ့်ငပိန်နာမည်နဲ့… ‘ကြွားလုံးများ’ ဆိုတဲ့အခွေ… အဲဒီအခွေကို နားထောင်ဖူးလို့ဖြစ်မယ်နဲ့တူတယ်…”

“မဟုတ်ပါဘူး… စကားပြောတာကို ကြားဖူးတာ”

ကားနောက်ခန်းမှနေပြီး ကျွန်တော့်ကို အကဲခတ် ပြောနေ၏။ ကျွန်တော် အသံတုလုပ်ပြောတာ ညံ့သွား၍ ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်… မင်းထွဋ်လင်း မဟုတ်လား…"

အလွန်အကင်းပါးသော ကောင်မလေးပင်။ ဘယ်အရာမဆို ကျွန်တော့်ထက် ရှေ့ပြေးသိနေ၏။ ကျွန်တော် ရယ်ကျဲကျဲလုပ်ပြီး နှုတ်ခမ်းမွေးတွေ၊ မျက်မှန်တွေ၊ ဆံပင်တုတွေ ဖြုတ်လိုက်၏။

"ကျွန်တော်ဆိုတာ ဘယ်လိုလုပ်မှတ်မိလဲ…"

"ရှင်ဝတ်ထားတဲ့ လက်စွပ်ကြောင့်ပါ… (M) ဆိုတဲ့ စာလုံးကြက်ခြေခတ်ထားတဲ့ လက်စွပ်ပုံစံက ထူးခြားနေတယ်… ရှင်နဲ့တွေ့စဉ်ကတည်းက ကျွန်မ သတိပြုမိနေတာလေ…"

"ကျွန်တော့် အိမ်ကိုရော ဘယ်လိုလုပ်သိသွားသလဲ… ပြီးတော့ ကျွန်တော့်နာမည်…"

"ရှင့်နာမည်ကို ရှင်ပြောဖူးတယ်လေ… မမှတ်မိဘူးလား…"



www.burmeseclassic.com

www.burmeseclassic.com



"အဟား... မှတ်မိပြီ... ထင်တဲ့အတိုင်းပဲ... အဲဒီတုန်းကလည်း မင်းပဲမဟုတ်လား... ပုံစံအမျိုးမျိုးပြောင်းနေတော့ မျက်စိလျှမ်းသလို ဖြစ်သွားခဲ့တယ်... အခုမိပြီ..."

ကောင်မလေး ပြုံးနေတာ နောက်ကြည့်မှန်မှ တစ်ဆင့်တွေ့ရ၏။

"ကျွန်တော့်အိမ်လိပ်စာကို ဘယ်လိုသိတယ်ဆိုတာ ပြောဦးလေ..."

"ကားနဲ့ဖြတ်သွားတုန်းက ရှင် အဲဒီအိမ်ရှေ့မှာ ထိုင်နေတာ တွေ့ခဲ့ဖူးတယ်လေ..."

"ထင်တဲ့အတိုင်းပဲ..."

"မထင်တာရှိပါသေးတယ်... အခုထိ ကျွန်မအမည်ကို ရှင်မသိသေးဘူး မဟုတ်လား..."

ကျွန်တော် ညံ့ရာကျနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"တစ်နေ့သိလာရင် ဘာပေးမလဲ..."

"ဘာပေးရမှာလဲ... အလောင်းအစား ဝါသနာ မပါဘူး..."

"မင်းကိုယ်မင်း စိတ်ကြိုက်လျှို့ဝှက်နေလေ...တစ်နေ့ မင်းအိမ်ထဲမှာ မိန့်မိန့်ကြီးထိုင်ပြီး မင်းနာမည်ကို ခေါ်ပြောနှုတ်ဆက်နိုင်ခဲ့ရင်... မင်းရဲ့ အချစ်ကို ပြန်လျော်မလား..."

"အာ..."

ကောင်မလေး မျက်ဆံကို မျက်ဝန်းထောင့်ကပ်၍ စဉ်းစားသွား၏။ ပြီးမှ...

"ဒါဆို...ရှင့်ရဲ့ အချစ်ကို ကျွန်မ ရနေပြီပေါ့..."

"ဟုတ်တယ်... မင်းကို စိတ်ဝင်စားနေပြီ... ရင်ခုန်နေပြီ...စွဲလမ်းနေပြီ... ချစ်မိနေပြီ... ကိုယ့်အချစ်ကို မင်းအကြွင်းမဲ့ရနေပြီ... မင်းရဲ့အချစ်ကို..."

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး… လောင်းကစားတယ်လို့ မသတ်မှတ်ဘူးဆိုရင် ရှင့်ရဲ့စိန်ခေါ်ချက်ကို ကျွန်မ စိတ်ဝင်စားပါတယ်…"

"ပြိုင်ပွဲပေါ့…"

"ပြိုင်ပွဲ… အင်း… ကျွန်မကလည်း လျှို့ဝှက်ပုန်းကွယ်ရတာမျိုးကို သိပ်သဘောကျတာ… ဒီတော့ ကျွန်မဘက်က ဘယ်လောက်လုံခြုံဖုံးကွယ်နိုင်မလဲဆိုတာ ပြန်စဉ်းစားလိုက်ဦးမယ်…"

ကျွန်တော် နားစွင့်ပြီး ကားကို ဂရုစိုက်မောင်းနေလိုက်၏။ ရွှေဘုံသာလမ်းထဲ ကွေ့ဝင်သည်အထိ ကောင်မလေး စဉ်းစားရင်း လိုက်ပါလာ၏။ မျက်မှန်အရောင်းပြခန်းတစ်ခုရှေ့မှာ ကားကိုရပ်ခိုင်း၏။

ကားပေါ်မှ မဆင်းခင် ကျွန်တော် မိမိရရ ထပ်မေး၏။

"စဉ်းစားလို့ရပြီလား…"

ဧတနချစ၁ပေ

www.burmeseclassic.com

www.burmeseclassic.com



“ရပြီ”

“ဒီတော့”

“ရှင့်ရဲ့ စိန်ခေါ်ချက်ကို ကျွန်မ အကြွင်းမဲ့ လက်ခံလိုက်ပြီ… မနက်ဖြန်က စ,မယ်… အချိန်တစ်လပေးမယ်… တစ်လပြည့်တဲ့နေ့မှာ ရှင် ရှုံးရင်… ရှင့်ရဲ့ အချစ်ကို ပြန်ရုပ်သိမ်းပြီး… ကျွန်မကို ဒီတစ်သက် ပတ်သက်ဖို့ မကြိုးစားနဲ့တော့… ဘယ်လိုလဲ…”

မျက်စမျက်နနှင့် ကြောမေးမေးလိုက်သော ကောင်မလေးကို ကျွန်တော် ချက်ချင်းပင် တုံ့ပြန်လိုက်၏။

“စိန်လိုက်…”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်လှုပ်ရှားနေသဖြင့် ပီကေကို ဖိဝါးနေမိ၏။ တစ်နာရီနီးပါးအကြာမှာ အလှပြင်ဆိုင်ထဲက ပြန်ထွက်လာသော သူငယ်ချင်းသုံးယောက်ကို တွေ့လိုက်ရ၏။

မိန်းကလေးလို ဝတ်စားထားသော အောင်ရင်ငြိမ်းက ကားထဲ အမြန်ဝင်ထိုင်ပြီး...

"တစ်ကိုယ်လုံး ကျပ်စည်းထားသလိုပဲ...မိန်းမ ဟန်ဆောင်ပြီး နှာသံနဲ့စကားပြောရတာကိုက တကယ် မလွယ်ဘူး... မင်း အကူအညီတောင်းလွန်းလို့သာ လုပ်ပေးရတာ... နောက်ဆို ဒါမျိုး ဆောရီးပဲ..."

စေတနာ၁စ၁ပေ

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသူငယ်က လွယ်ထားသော ကင်မရာကို ရှုရှုလေးကိုင်ပြီး နောက်ခန်းမှာ ဝင်ထိုင်၏။ မင်းစောက အသံဖမ်းကက်ဆက်ကို ကားကူရှင်ပေါ် ပစ်တင်ပြီး…

"အားလုံး အိုကေတယ် မင်းထွဋ်… ဒုက္ခခံရကျိုးနပ်တယ်…"

"တွေ့ပြီ…ဘယ်သူတဲ့လဲ… ဘယ်မှာနေတာတဲ့လဲ"

"နာမည်က ခိုင်ခိုင်လှိုင်တဲ့… ခိုင်လေးလို့ ခေါ်ကြတာများတယ်… နေရပ်လိပ်စာက ဒီမှာ…"

မင်းစော ရေးမှတ်လာသော လိပ်စာကို ဖတ်ကြည့်လိုက်၏။

"ငါတို့နဲ့ နှစ်မြို့နယ်ခြားတဲ့နေရာမှာပဲ…"

"ဟုတ်တယ်…အလုပ်အကိုင်ကတော့ အစုံပဲတဲ့…"

"ဘာတွေစုံတာလဲ…"

"ယဉ်နွယ်လှိုင်ဆိုတဲ့ ပြိတ္တာကြီးကတော့ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပြောတာပဲ...”

“ဟူး... ပူတယ်...ပူတယ်... အကုန်ဆွဲချွတ်ပစ်မှ ဖြစ်မယ်...”

အောင်ရင်ငြိမ်းက မိန်းကလေးအဝတ်အစားနှင့် ဆံပင်တုတွေကို ဆွဲချွတ်နေ၏။ အခုအခံတွေဖြုတ်ချစဉ် ဝတ်သားပေါက်စီနှစ်လုံး ထွက်လာ၏။ ပေါက်စီနှစ်လုံးကို သကောင့်သား သုံးကောင် အတင်းလုယက်ပြီး ငတ်ကြီးကျလိုက်ကြ၏။

“မင်းတို့ပုံစံကို တကယ်ယုံပြီး အမှန်ဖြေလို့တော် သေးတာပေါ့...”

“ယုံအောင်လည်း နှစ်ရက်လောက် ကြိုတင်လေ့ ကျင့်လိုက်ရတာ ဖတ်ဖတ်ကိုမောနေတာပဲ...”

“ယဉ်နွယ်လှိုင်က... အောင်ရင်ငြိမ်းကို မိန်းမလို့ မထင်ဘူး... ဂျီပုံးကြီးထင်နေတာ... အောင်ရင်ငြိမ်းက လက်တို့ခြေတို့နဲ့ အလှပြင်တဲ့ ကောင်မလေးတွေနဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနေလိုက်သေးတယ်…”

ကျွန်တော်က သူငယ်ချင်းသုံးယောက်ကို ဓာတ်ကွက်တစ်ခုဆင်ပြီး ယဉ်နွယ်လှိုင်တို့ အလှပြင်ဆိုင်ထဲကို လွှတ်လိုက်ရ၏။ အမျိုးသားသုံးယောက်ဆိုလျှင် ဘေးဘီနှင့် အတွေ့ခံရမည့် ယဉ်နွယ်လှိုင်တို့အဖွဲ့တွေ တစ်မျိုးတမည်ထင်နေကြမှာစိုး၍ မိန်းမသားတစ်ယောက်အသွင် အောင်ရင်ငြိမ်းကို ဝတ်ဆင်နေထိုင် ဟန်ဆောင်ပြီး ဆက်ဆံရေး ပိုအဆင်ချောစေရန် လွှတ်ခဲ့လိုက်ခြင်းဖြစ်သည်။

မဂ္ဂဇင်းအသစ်တစ်စောင်က အင်တာဗျူးလုပ်ချင်၍ လှပသော မိန်းကလေးတွေ အများဆုံး စုစုစည်းစည်းရှိတတ်ရာ အလှပြင်ဆိုင်မှာ ဝင်ရောက်ရှာဖွေရခြင်းဖြစ်ကြောင်း…

ဆိုင်မှာ အလှပြင်လာသူတွေထဲမှာ အချောဆုံး၊ အလှဆုံးနှင့် ကြည့်ပျော် ရှုပျော်ရှိသည့် မိန်းကလေး ဓာတ်ပုံတွေ အရန်သင့်ရှိပါက မျက်နှာဖုံးတင်ပြီး တခမ်းတနားရေးပေးမှာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း…

မျက်နှာဖုံးရှင်ဘဝမှ တောက်ပသော အနုပညာကြယ်ပွင့်သစ်တွေ ပြိုးခနဲ ပြက်ခနဲဖြစ်သွားနိုင်သည့် အလားအလာတွေ များစွာရှိကြောင်း…

ထင်ပေါ်ကျော်ကြားသော အခွင့်အရေးရဲ့ အစကို မိမိတို့အဖွဲ့နှင့် မိတ်ဖြစ် ဆွေဖြစ် ပူးပေါင်းလုပ်ကိုင်လျှင် မလွဲမသွေရရှိလာနိုင်မည်ဖြစ်ကြောင်း…

စသည့် ဖွင့်ဆိုရှင်းလင်းမှုဆွယ်ချင်းတွေဖြင့် အလှဖန်တီးရှင် မမကြီးယဉ်နွယ်လှိုင်ကို အာရုံကျုံးသွင်းနိုင်ခဲ့ကြ၏။

မမကြီးက အလှအပလေးတွေ ဓာတ်ပုံရိုက်ယူထားတတ်သူပီပီ ဓာတ်ပုံအယ်(လ်)ဘမ် တစ်ထပ်ကြီး ထုတ်ပြ၏။

သူလေးက ဘယ်သူ၊ သူလေးက ဘယ်ဝါ၊ ဒီယမင်းလေးကတော့ ဘယ်ကဲ့သို့ဖြင့် ဓာတ်ပုံတွေလှန်ပြပြီး ရှင်းချက်ထုတ်ပြသွား၏။ ဓာတ်ပုံအယ်(လ်)ဘမ်ရဲ့တစ်နေရာမှာတော့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ အသည်းအသန်အလိုရှိနေသော ခိုင်ခိုင်လှိုင်ကို အောင်ရင်ငြိမ်းက လက်ညှိုးနှင့် ဖမ်းထောက်ပြရင်း၊ လက်သည်းခွံအတုကြီး ကျွတ်သွားသည်အထိ ဖြစ်ခဲ့ရ၏။

ခိုင်ခိုင်လှိုင်ကိုတွေ့သောအခါ အင်တာဗျူးရန်အတွက် မမကြီးက ဖုန်းတစ်လုံးနှင့် နံပါတ်သုံးလေးခု နှိပ်ခေါ်ပြီး လိုက်မေး၏။ မရှိ။

ခိုင်ခိုင်လှိုင်နှင့်တွေ့နိုင်မည့်ရက်ကို ဒိတ်ပေးလိုက်ပြီး အအေးနှင့်မုန့်တွေ ဧည့်ခံကျွေးမွေးလိုက်၏။

မမကြီးက သူမ၏စေတနာဝန်ဆောင်ခအဖြစ် သူမကိုလည်း မျက်နှာဖုံးရှင်တင်ပေးပါရန် ကမ်းလှမ်းလာ၏။

ဖိုးသူငယ်က မမကြီးကို အိုက်တင်အမျိုးမျိုး ပေးခိုင်းပြီး ဖလင်မပါ မီးသက်သက်လွှတ်သည့်နည်းဖြင့် ဓာတ်ပုံတွေ တဖျပ်ဖျပ်ရိုက်ယူဟန်ဆောင်လုပ်ပြခဲ့၏။

P.I.G မဂ္ဂဇင်းအသစ်မှာ မျက်နှာဖုံးတင်ပေးမည့်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဟိတ်ဟန်ကောင်းကောင်းဖြင့် နားလှည့်ပါးလှည့်ထားဖြစ်ခဲ့ပုံကို ကားပေါ်မှာ ဟားလို့မဆုံးအောင် ရှိနေ၏။

"ကဲ...မင်းထွဋ်... မင်းရဲ့ ပြဿနာမလေး ဘယ်သူလဲ... ဘယ်မှာနေလဲဆိုတာ ငါတို့ အဖြေထုတ်ပေးလိုက်ပြီးပြီ... အဲဒီအတွက် ဒီညတစ်ညလုံး ငါတို့စိတ်ကြိုက်ပျော်အောင် မင်း ရေလမ်းခင်းပေးပေတော့... ကာရာအိုကေအခန်းသွားမယ်... နိုက်ကလပ်သွားမယ်... အမုန်းက,မယ်..."

ဖိုးသူငယ်ရဲ့ တက်ကြွထက်မြနေသည့် လေသံ။ အောင်ရင်ငြိမ်းက...

"ဒီအတိုင်းဆို ကောင်မလေးရဲ့ အဖြေကို ဒီကောင်ရပြီ ... ကောင်မလေး အဖြေပေးပုံကလည်း ပေါ့ရွှတ်နေတာပဲ... အေးလေ... ဒီကောင်ကလည်း အပျော်ဆိုတော့ ထားပါတော့... ကောင်မလေးမှာ နားလည်ရ



www.burmeseclassic.com

www.burmeseclassic.com



ခက်တာလေးနည်းနည်းရှိသေးတယ်… သူ့အကြောင်းကို တစ်လ အချိန်ပေးလို့မှ မစုံစမ်းနိုင်ရင် … မင်းကို လုံးဝ ဝေးဝေးလွှင့်နေခိုင်းတာက ဘယ်လိုကြီးလဲကွ … ကောင်မလေး ရင်ထဲက စကားအမှန်က ဘာလဲ … အဖြူလိုလို၊ အမဲလိုလိုနဲ့ နှစ်ရောင်စပ်ကြီးဖြစ်နေတယ်…”

မင်းစောက…

“ဖြစ်သွားရင် သူ့အပိုင်း သူဆက်ကပါလိမ့်မယ်… အောင်ကြီးရာ… မင်းကလေ ဘာမဆို သိပ်နှိုက်တွေးတာပဲ…”

ဖိုးသူငယ်က…

“ဗျူးမယ့်နေ့ကို အပိုင်ကြီးလိုကို ဒိတ်ပေးထားတာနော်… အဲဒီအတွက် ငါတို့ဆက်ဝင်ရဦးမှာလား မင်းထွဋ်…”

ဧဧတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မဝင်နဲ့တော့… မင်းတို့ အခန်းတွေ ညှောင်းသွားပြီ… အစ,အဆုံး ငါဝင်တော့မယ်…"

"မင်း မစွမ်းလို့… ငါတို့မ,ထားရတဲ့မျက်နှာကို ထောက်ပြီး … လေသံကိုပြင်ပြောရင် ကောင်းမယ် မင်းထွဋ်…"

"ငါခင်းတဲ့လမ်းကို မင်းတို့နင်းလျှောက်ပြရတာပါကွာ… မင်းတို့ အစွမ်းအစကြည့်ပဲ ထင်မနေပါနဲ့…"

"ဟာ… ဒီကောင်… အစာဝလို့ စားကျင်းကော်နေပါလား… ငါတို့ပြန်နှောက်လိုက်ရင်… မင်းပြန်အောက်စိုက်သွားမယ်…"

အောင်ရင်ငြိမ်းက လက်ကာတားပြီး…

"သားကြီးလည်း တော်…သားလတ်လည်းတော်… သားငယ်လည်းတော်… ကြာရင် ငါ့အဖေ နားငြီးလို့ ထအော်မိလိမ့်မယ်နော်…ဟင်း…ဟင်း…ဟင်း…"

ဧ စ တ န ၁ စ ၁ ၄ ပ

www.burmeseclassic.com

www.burmeseclassic.com



မင်းစောနှင့် ဖိုးသူငယ်က အောင်ရင်ငြိမ်းကို လည်ပင်းဝိုင်းညှစ်ကြ၏။ ကျွန်တော်က လမ်းမပေါ်မှာ ခေါင်းယမ်းသွားသောကားကို အမြန်ထိန်းမောင်းလိုက်ရင်း…

“မင်းတို့လုပ်တာနဲ့ ဒီမှာ ဝင်တိုက်ကုန်တော့မှာပဲ ကွာ…ဘာမှအန္တရာယ်ကို နားမလည်ဘူး… အလကား ငပွေးတွေ… ဘလက်(စ်)တွေ… ချီးထုပ်တွေ…”

ကျွန်တော် အော်ကြိမ်းလိုက်သံကြောင့် သုံးယောက်စလုံး ကိုယ့်နေရာ ကိုယ်ပြန်ထိုင်လိုက်ကြသော်လည်း လက်သီးဆုပ်ပြသူကဆုပ်ပြ၏။ လက်ထောင်ပြသူက ထောင်ပြ၏။အောင်ရင်ငြိမ်းကတော့ သူဝတ်ဆင်လာခဲ့သော မိန်းမတွေဝတ်သည့် တင်သားအတုအသစ်ကျပ်ချွတ်ကြီးကို ကျွန်တော့်လည်ပင်းမှာ ဂုဏ်ပြုဆုချသလို ကောက်စွပ်ပေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



လိပ်စာအရ ရောက်ရှိလာရသော အိမ်ကလေးမှာ သစ်သားလုံးချင်းအိမ်ကလေးသာ ဖြစ်နေ၏။ အိမ်က အိုမင်းဟောင်းနွမ်းမှု လက္ခဏာပြနေ၏။

ခြံဝင်းထဲမှာ အမှိုက်ကောက်နေသော အဒေါ်ကြီးတစ်ယောက်ကို တွေ့၏။ ညနေငါးနာရီအချိန်မို့ အိမ်ထဲမှာ ခိုင်လေးမရှိနိုင်ဟု ယူဆပြီး ဘုရားတ,မေးလိုက်မိသည်။ အဒေါ်ကြီးက မယဉ်မရိုင်းသော ဆက်ဆံရေးဖြင့်...

"တူမပြန်မရောက်သေးဘူး... သူက ခြောက်နာရီ



www.burmeseclassic.com

www.burmeseclassic.com



ထိုးလောက်မှ ပြန်ရောက်တတ်တာကွယ့်…”

“ကျွန်တော် သူ့ရဲ့ အသိမိတ်ဆွေပါ… ကိစ္စတစ်ခု သူနဲ့ပြောစရာရှိလို့ ဝင်ထိုင်စောင့်နေချင်တယ်… ရနိုင်မလား…”

“ရပါတယ်… အိမ်ပေါ်တက်လေ…”

အိမ်ဧည့်ခန်းမှာနေရာချပေး၏။ အပေါက်ဝကို တန်းခနဲမြင်ရသော သစ်သားဆက်တီဟောင်းတစ်လုံးပေါ်မှာ ထိုင်ချလိုက်၏။ အဒေါ်ကြီးက ရေချိုးရသေးဟန်မတူ။

“မခိုင်ရဲ့ အဒေါ်ဆိုတာ အန်တီလား…”

“ဟုတ်ပါ့… အဒေါ်နဲ့တူမ နှစ်ယောက်တည်းနေကြရတာလေ… မိခိုင် အဖေနဲ့အမေက ဆုံးခဲ့တာ ကြာပါပြီ… မိခိုင်ကို အဒေါ်ပဲ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ရတာ… ပညာကအစ ကျန်းမာရေးအဆုံး မိဘလိုအဒေါ်က ပြုစုပျိုးထောင်ခဲ့ရတာကွဲ့… အစက အိမ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကလေး ထွက်ပါသေးတယ်... နောက်တော့... မိခိုင်က မလုပ်ပါနဲ့တားတယ်... သူလုပ်ကျွေးမယ်တဲ့... လမ်းထဲမှာလည်း အိမ်ဆိုင်ဖွင့်တာတွေ များလာတော့ ဆိုင်က အရင်လို ရောင်းမကောင်းတော့တာလည်း ပါတာပေါ့ ကွယ်... အခုတော့ မိခိုင်က အဒေါ်ကို တစ်လှည့် ပြန် လုပ်ကျွေးနေရှာတာပေါ့...''

အဒေါ်ကြီးက စကားကြွယ်ပုံရ၏။ အခြေအနေကို မီးစင် ကြည့်ကပြီး ဝင်နေရသဖြင့် တစ်ချက်တလေလွဲသွားမှာကို စိုးရိမ် နေရသဖြင့် ကျွန်တော် ချွေးပြန်ပြီး နာရီတကြည့်ကြည့်ဖြစ်နေရ ၏။

ညနေခြောက်နာရီထိုးခါနီးမှာ...

''ဒေါ်ဒေါ်ကြိုင်... ဖုန်းလာနေတယ်... လာကိုင်ပါ''

''အေး... အေး... ခဏနော်...''

အဒေါ်ကြီး ဖုန်းသွားနားထောင်နေ၏။ တစ်အိမ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



မှာ စတိုးဆိုင်ရှိပြီး ဖုန်းရှိပုံရသည်။ ဖုန်းလာလျှင် ခေါ်ပေးခရ၍ ခေါ်ပေးကြပုံရသည်။

ဖုန်းနားထောင်ပြီး ပြန်ရောက်လာသော အဒေါ်ကြီးက…

“သမီးလေးက သူငယ်ချင်းအိမ်မှာ ညအိပ်ဖြစ်မှာမို့ စိတ်မပူဖို့ ဖုန်းနဲ့လှမ်းအကြောင်းကြားတာကွဲ့ … အိမ်မှာ ဧည့်သည်ရှိတယ်လို့ပြောတော့ နာမည်မေးတယ် … အဒေါ်လည်း အခုထိ နာမည်မမေးမိတာနဲ့ မပြောလိုက်ရဘူး … မောင်ရင့်ကိစ္စက အရေးကြီးလို့လား…”

“အရေးကြီးပါတယ် အန်တီ … မခိုင် တကယ်ပဲ ဒီည ပြန်မအိပ်ဖြစ်တော့ဘူးပေါ့…”

“အေးကွဲ့ … မောင့်ကို အားနာစရာတော့ ဖြစ်နေပြီ…”

“ဟို… မခိုင်က ကျွန်တော့်ပုံစံကို မေးကြည့်သေးလား…”



www.burmeseclassic.com

www.burmeseclassic.com



"မမေးပါဘူးကွယ်... သူ့ခမျာ စားသောက်ဝိုင်း ရောက်နေလို့ အစားအသောက်တွေ တစ်ဖက်ကမှာ နေရင်းနဲ့ ပြောနေရတာ ... ခပ်လောလောပြောပြီး ဖုန်းချသွားတာ ပါပဲ..."

"ကျွန်တော့်ထက် တစ်ကွက်အသာစီးပြီး ကပ်လှည့်သွား သော ခိုင်ခိုင်လှိုင်ကို မကျေမချမ်းဖြစ်မိ၏။

မျှော်လင့်ချက်ကြီးဖြင့် မိန့်မိန့်ခန့်ခန့်ကြီး ပြောချလိုက်ရ မည် ထင်ပြီးမှ ခဲလေသမျှ သရေကျရတာလောက် နေမထိ၊ ထိုင်မသာ ဖြစ်ရတာမရှိ။ ဒေါ်ကြိုင်ကို နှုတ်ဆက်ပြီး စိတ်ပျက လက်ပျက် ခြေလှမ်းတွေနှင့် ကားပေါ်တက်ကာ မောင်းထွက်လာ ခဲ့ရ၏။

ကျွန်တော့်စေတနာရဲ့ တုံ့ပြန်လှိုင်းကို ကျွန်တော် ရနေ လေပြီ။ အပျော်သဘောထားသော ဒီကောင့်ရဲ့ ခံစားမှုမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



အပျော်သဘော တုံ့ပြန်လာသည်မှာ ဘာမှ ဆန်းပြားစရာမရှိ။ ကျွန်တော်ဟာ…

ဒီမြက်ကိုင်းလေးပေါ်မှာ
ပန်းပွင့်လှလှလေးလို့ ဖူးပွင့်ပြတဲ့
လမင်းလေးလို ဖြစ်နေပါပြီ
ခေါင်းလေသွေ့သွေ့ ငွေ့သောလမ်းမထက်မှာ
ဒီချစ်နှင့်ပတ်သက်သမျှတွေ ချခင်းပြီး

လမင်းလေးလို အထီးကျန်ဆန်ဆန် လင်းနေရသော လောက် အလွမ်းစိတ်တွေကြီးစိုးခံလိုက်ရတာ ကြောက်ဖို့ကောင်း ပါရော့သလား။ ညို့သော၊ မြှူသော၊ ကလူသော ခိုင့်ရဲ့သေဘာကို ဒီမနောနဲ့ စောကြောလို့လည်း မရနိုင်အောင် ဖြစ်ရပါလေပြီ။

စေတနာ၁စ၁ပေ

www.burmeseclassic.com

www.burmeseclassic.com



မကျေမချမ်းနဲ့ ပူလောင်စိတ်အိုက်ကြီး လွမ်းရတဲ့ဝေဒနာကို ခံစားလိုက်ရတဲ့ ကိုယ့်မှာ မင်းနဲ့တွေ့ရင် စကားလုံးတွေ 'စနေမိုး'လို ရွာပစ်လိုက်ချင်တယ်။

(မင်း... သိပ်တတ်တယ် ခိုင်)

စေ တ နှ ၁ စ ၁ ပေ

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းထွင်ရှလား…"

"အေး… မင်းစော… ပြော…"

"ဒီညနေ သုံးနာရီနဲ့ဆယ့်လေးမိနစ်မှာ မင်းရဲ့ ခိုင်လေး သူ့အိမ်ပြန်ရောက်တယ်… မနက်ရှစ်နာရီကတည်းက စောင့်ကြည့်ပေးရတဲ့ ငါ့တာဝန်ကို ဖြုတ်ချလိုက်တော့မယ်…"

"ဖိုးသူငယ် လာနေပြီ… လွှဲပြီးမှ ပြန်လာခဲ့ကွာ"

"ဟ… မင်း ချက်ချင်းလိုက်မလာဘူးလား…"

စစေတနာ၁၈၁၉ပေ

www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်သေးဘူးလေကွာ… ငါက ခိုင်မရောက်ခင် သူ့အိမ်မှာ ကြိုရောက်နေပြီး မိန့်မိန့်ကြီး ထိုင်ပြောနိုင်မှ ငါ့ဘက်က နိုင်ရမှာကိုး… ခိုင်ရောက်ပြီးမှ ဝင်သွားရင် ဖောင်းသွားမှာပေါ့… ခဏလေး ဆက်စောင့်လိုက်ပါကွာ…"

"မင်းတို့ဟာတွေကလည်း ရှုပ်နေတာပဲ… လိုက်လည်း လိုက်ပါတယ်… မင်းက ဂေါက်… ခိုင်က ကျပ်မပြည့်… ငါကတော့ ညှပ်နေပြီ… ခွီးတယ်မှပဲ…"

ကျွန်တော်က ဖုန်းချလိုက်၏။ မင်းစောလည်း သူ့အမေ ဈေးခြင်းထဲမှ အလစ်သုတ်လာသော ဟမ်းဖုန်းကို ပြန်ပိတ်သွားပါလိမ့်မည်။ ဆိုင်စောင့်နတ်ကြီးလို ကားကားကြီးထိုင်ပြီး ကော်ဖီကြမ်းသောက်နေသော အောင်ရင်ငြိမ်းက…

"ဘာတဲ့လဲ…"

ကျွန်တော် အတိုချုံးရှင်းပြလိုက်၏။ အောင်ရင်ငြိမ်းက



www.burmeseclassic.com

www.burmeseclassic.com



ဝက်မှိန်းမှိန်းသော မျက်လုံးဖြင့် စဉ်းစားနေရင်း...

"ဒါဆို... ဒီလိုလုပ်..."

အောင်ရင်ငြိမ်းက ကျွန်တော့်နားအပါးကပ်ပြီး အကြံပြုချက်ကို နားတွေယားကျိကျိဖြစ်အောင် ပြော၏။

အောင်ရင်ငြိမ်း အကြံကို ကျွန်တော်လက်ခံပြီး အောင်ရင်ငြိမ်းရဲ့ကားဖြင့်ပင် မင်းစောရှိရာ လီဘာဖိနင်းလာရ၏။ ဖိုးသူငယ်နှင့် လမ်းအဝင်မှာဆုံ၍ ကားပေါ်ခေါ်တင်လိုက်သည်။

ခိုင်တို့အိမ်နားမှာရှိသော စတိုးဆိုင်မှာ ကျွန်တော် ဆင်းနေခဲ့လိုက်ပြီး...

"ဒီကားကို ပြန်ယူသွား... ကဖီးမှာပဲ အောင်ရင်ငြိမ်း ရှိနေမယ်..."

"ဘာဖြစ်လို့လဲ..."

"ဒီကားကို ခိုင် မှတ်မိတယ်..."

ဖိုးသူငယ် ဘာမျှမပြော။ ကျွန်တော်က ခိုင်တို့တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ရှိ ကွမ်းယာဆိုင်မှာ ကွမ်းထိုင်ဝါးနေသော ကွမ်းသရဲကြီး မင်းစောကို လက်ခေါက်မှုတ်၍ ခေါ်လိုက်သည်။ မင်းစော ရောက်လာသောအခါ ဖိုးသူငယ် ကားနှင့်ထည့်လိုက်၏။

ကားထွက်ခါနီးမှာ ဖိုးသူငယ်ထံမှ ဟမ်းဖုန်းကို လှမ်းတောင်းထားလိုက်၏။ ကားထွက်သွားသောအခါ ခိုင်တို့အိမ်ရှေ့ဘက်နားရှိ လူတစ်ကိုယ်ကွယ်ကာနိုင်ရာ ကုက္ကိုပင်ကြီးဘေးမှာ အသာရပ်လိုက်သည်။

ဟမ်းဖုန်းကိုဖွင့်နှိပ်ပြီး စတိုးဆိုင်ဖုန်းနံပါတ်ကို ခေါ်လိုက်သည်။ စတိုးဆိုင်မှ မိန်းမတစ်ယောက် ပြန်ထူးသံကို ကြားလိုက်ရသည်။

"အဲဒီစတိုးဆိုင်ရဲ့ တစ်အိမ်ကျော်က မခိုင်ကို ခဏ ခေါ်ပေးပါလားဗျာ... ကျေးဇူးပြုပြီးတော့ပေါ့..."

"ခဏကိုင်ထားနော်..."

ကျွန်တော် ဖုန်းပိတ်ပြီး သစ်ပင်နှင့်ကွယ်နေလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



စတိုးဆိုင်မှ မရှပ်တေးက အသံစာစာဖြင့် ခိုင်ခိုင်လှိုင်ကို လာအော်ခေါ်နေ၏။ ကျွန်တော်ထင်ထားသည့်အတိုင်း အိမ်ထဲမှ ခိုင် ထွက်လာ၏။ အိမ်နေရင်း ကပိုကယို အဝတ်အစားတွေနှင့် ဖုန်းသွားကိုင်၏။

ခိုင်တစ်ယောက် စတိုးဆိုင်လောက်ရောက်သွားသောအခါမှ သစ်ပင်အကွယ်မှ ကျွန်တော် ထွက်ပြီး ခိုင်တို့ခြံထဲကို ရဲရဲဝင်လိုက်သည်။ အိမ်ပေါ်ကို ရဲရဲတက်လိုက်သည်။

"အိမ်ရှင်တို့..."

ပြန်ထူးသံမကြားရ။ ဒေါ်ကြိုင် ရှိပုံမရ။ အပြင်ခဏထွက်သွားဟန်တူ၏။ မထူးတော့။ ဝင်ပေါက်ကို တန်းခနဲ မြင်ရသောကုလားထိုင်မှာ မိန့်မိန့်ခန့်ခန့်ကြီးဖြစ်အောင် ဆယ်မိနစ်ခန့် ပြုပြင်ယူပြီး ထိုင်လိုက်၏။ ညနေစောင်းပြီမို့ အလင်းရောင်ကောင်းစွာမရသော အိမ်ကလေးထဲမှာပင် နေကာမျက်မှန်ကို စမတ်ကျကျထုတ်တပ်ထားလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ် ဖုန်းမလာသောကြောင့် ဖုန်းရှိရာမှ ခိုင်ခိုင်လှိုင် ပြန်လာတာကို အသံကြားနေရ၏။ အိမ်ပေါ်တက်လာသော ခိုင်။ သူမ ဖိနပ်မှာ ချွေးချီးပုံ ကပ်ပါလာ၍လား မသိ။ အောက်ကိုငုံ့ကြည့်ပြီး အိမ်ထဲကို ယောင်၍မျှလှမ်းမကြည့်။ ဖိနပ်ချွတ်ပြီးလျှင် စိတ်ချလက်ချ အမူအရာဖြင့် အိမ်ပေါ်တက်လာ၏။

အတော်အသည်းယားဖို့ကောင်းပါတယ်။ ဇာတ်ပွဲမှာ ပြဇာတ်ကနေသလိုပင်။ ဇာတ်စင်တစ်စင်းတည်းပေါ်မှာ နှစ်ယောက်တည်း လှမ်းမြင်နေရပါလျက်နှင့် ဇာတ်ဆရာက မြင်ခိုင်းမှ မြင်ရသလိုမျိုးနှင့် ဆင်ဆင်တူနေသည့်အဖြစ်။

အိမ်ဧည့်ခန်းကို အလေးဂရုမပြုမိသလိုဟန်ဖြင့် အိမ်အတွင်းခန်းထဲ လှမ်းဝင်တော့မည် ခိုင်ခိုင်လှိုင်ကို…

"အဟမ်း…"

"အမယ်လေး… ဗုဒ္ဓေါ…"

"သိပ်လန့်သွားသလားခိုင်… မကြောက်ပါနဲ့…



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က မင်း စိန်ခေါ်လို့ မဖြစ်မနေ ရောက်လာရတဲ့ လူပါ…"

ခိုင်ခိုင်လှိုင်က ကျွန်တော့်ကို ပြုံးကြည့်နေရာမှ အမြင်ချိုးပြီး မျက်စောင်းခဲသွား၏။ ကျွန်တော်က ခိုင့်မျက်နှာကို အနုစိတ်ဖတ်ပြီး အရသာခံနေမိ၏။ ခိုင်ခိုင်လှိုင်က ဝင်ထိုင်ရင်း…

"မနေ့က ဧည့်သည်ဆိုတာ ရှင်လား…"

"သေချာတာပေါ့… ဒီနေ့ဟာ စိန်ခေါ်သက်တမ်းဆယ်ရက်ပြည့်မြောက်တဲ့နေ့ဆိုတာ ခိုင် မမေ့ပါဘူးနော်…"

ခိုင်ခိုင်လှိုင်ရဲ့ ဟန်ပန်တွေက ချစ်စဖွယ်ဆန်လာလေပြန်သည်။ ကျွန်တော်က နေကာမျက်မှန်ကြီးကိုချွတ်ပြီး ရုပ်ရှင်၊ ဗီဒီယိုတွေထဲမှာလို မတ်တတ်ရပ်ပြီး စကားပြောဖို့ ပြင်လိုက်၏။

"ထိုင်ပြောပါ… ဘာလဲ… တင်ပါးမှာ သွေးစုနာပေါက်နေလို့လား…"

စေတနာ၁၀၁၄ပေ
www.burmeseclassic.com

www.burmeseclassic.com



တင်ယူထားသော ဖီလင်လေးတွေ လုံးဝအောက်ကုန်၏။ အတည့်ပေါက်နှင့် နောက်နေသော ခိုင်ခိုင်လှိုင်ရဲ့ ခုံပေါ်လက်ထောက်၍ ရင်ဘတ်နှင့် စီးမိုးထားရင်းမှ…

“ကိုယ် အနိုင်ရသွားပြီ ခိုင်…”

မျက်လုံးလေးလှန်ကြည့်ပြီး ခနဲ့သလို ပြုံးလိုက်သည့် ခိုင်ခိုင်လှိုင်။

“ဒီလောက် လျှို့ဝှက်ထားတဲ့ကြားထဲက ဘယ်လိုလုပ်ရှင် သိလာတာလဲ … ဟန်နီ့ဆီက မဟုတ်လား… ကားနံပါတ်ကနေတစ်ဆင့်ပြီး တစ်ဆင့်လိုက်လာတာမျိုးလေ…”

ကျွန်တော်က ခေါင်းကို တွင်တွင်ခါပြလိုက်၏။

“ဒါဆို… အလုပြင်ဆိုင်က သိတာဖြစ်ရမယ်…ဒီနှစ်လမ်းပဲ ရှင်သိလာနိုင်စရာရှိတယ်… ဟုတ်တယ်မဟုတ်လား…”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပဲသိသိ… ကိုယ့်ရဲ့ အောင်မြင်မှု ဆုလာဘ်ကို အမြန်ဆုံးရချင်တယ်ခိုင်…"

"အချစ်ဆိုတဲ့ စိတ္တဇနောမ်ကြီးကို ကျွန်မက ဘယ်လိုလုပ်ပြီး ပေးရမှာလဲ… ရှင် ရလိုက်ပြီလို့ပဲ သဘောထားလိုက်ပေါ့…"

"အသိအမှတ်ပြုတဲ့ တံဆိပ်ခပ်နှိပ်ပေး…"

"ဘာရယ်…"

ကျွန်တော်က ပါးနှစ်ဖက်ကို ဖောင်းပြပြီး လက်ညှိုးနှင့် ခေါက်ပြလိုက်၏။ ခိုင်ခိုင်လှိုင်က မျက်နှာကို လက်နှင့်အုပ်ကာ လိုက်ပြီး…

"ရှက်စရာကြီး… မလုပ်ရဲပါဘူး…"

"ဒါဆို… ကိုယ် ခပ်နှိပ်ပေးတာ ခံရမယ်…"

"အဲဒါက ပိုဆိုးသေးတယ်… အခြားနည်းလမ်း ရွေးကွာ…"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို တအားဖက်ထား…"

"သူ့အသာချည်းပဲ… ဒီက မိန်းကလေးဆိုတာလည်း ထည့်စဉ်းစားစမ်းပါဦးရှင်…"

"ဒါဆို… ကိုယ်ဖက်တာ မင်းလက်ခံရမယ်…"

"ဒေါ်လေး အပြင်သွားတာ ပြန်လာတာနဲ့ တိုးသွားလိမ့်မယ်… ပြန်လာခါနီးပြီ… မသင့်တော့ပါဘူး… သူလိုချင်တဲ့အချစ်ကို ပေးလိုက်ပြီ… ရှော့… အင့်… ရှော့… ရှော့…"

သေတော့မှာပဲ။ ငယ်ငယ်က ကလေးတွေ မုန့်ဝယ်စားတမ်းကစားသလိုလေ ပိုက်ဆံတွေ ပေးလိုက်ဟန်လုပ်ပြနေ၏။ ကျွန်တော့်အချစ်ကို ကလေးတွေ ဆော့ကစားရောင်းချသော သဲတွေ၊ သစ်ရွက်တွေ၊ ဘဲဥအခွံတွေလို့များ မှတ်ထင်နေသလားမသိ။ စိုးရိမ်မျက်ဝန်းလေးက ပို၍ စိုးရိမ်နေရဟန်ဆောင်ပြနေ၏။ ခိုင်ခိုင်လှိုင်ရဲ့ လက်နှစ်ဖက်ကို အသာဆုပ်ကိုင်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို ချစ်တယ်လို့ပြော…"

"ဟင့်အင်းကွာ… ရှက်စရာကြီး…"

"ရှက်လို့ ပြုံးနေတာပေါ့နော်…"

"ရှင်နော်… လူကို ဘာမှတ်နေလဲ…"

"ဒါဆိုလည်း ပြောလေ…"

"ချစ်တယ်…"

"မောင်လို့ ထည့်ခေါ်လေ…"

"မောင်း…"

"မောင်း မဟုတ်ဘူး… မောင်…မောင်…"

"မှောင့်…"

"ဟာကွာ…"

"ဒီလိုပဲ ခေါ်တတ်တဲ့ဟာကို…"

"ကိုယ်ခေါ်တဲ့လေသံမျိုးလေးနဲ့ လိုက်ခေါ်…"

"အင်း…"



www.burmeseclassic.com

www.burmeseclassic.com



"မောင်..."

"မောင်..."

"မောင့်ကို..."

"မောင့်ကို..."

"ခိုင် သိပ်ချစ်တယ်..."

"ခိုင် သိပ်ချစ်တယ်..."

"အရမ်းလည်း ချစ်တယ်..."

ခိုင် မျက်စောင်းခဲပြီး ခပ်ထန်ထန်လေသံဖြင့်...

"အရမ်းလည်း ချစ်တယ်..."

"အသည်းအသန်ကို ချစ်တယ်..."

"ဘယ်လိုဖြစ်နေတာလဲ... ဒီလောက်ဆို တော်ရော ပေါ့..."

"ကြားရတာ နားမဝသေးလို့ပါ..."

"ရောဂါမသေးပါလား..."



www.burmeseclassic.com

www.burmeseclassic.com



ခိုင့်လက်ကို ပြန်လွှတ်ပေးလိုက်၏။ ပြီးလျှင် ကျွန်တော်က…

"ပြောကွာ…"

"ပြောကွာ…"

"ဟော့… အဲဒါ လိုက်ပြောခိုင်းတာ မဟုတ်ဘူး…"

"ဟော့… အဲဒါ လိုက်ပြောခိုင်းတာ မဟုတ်ဘူး…"

"ဟာ…"

"ဟာ…"

"ခိုင် အရူး…"

"မောင် အရူး…"

"ခိုင်… မောင့်ကို အရူးလုပ်နေတာလား…"

"မောင်… ခိုင့်ကို အရူးလုပ်နေတာလား…"

ထိုစဉ်မှာပင် အခန်းထဲကို ဒေါ်ကြိုင် ဝင်လာ၏။ သူ့ကို တွေ့လျှင်…"

"မနေ့က ဧည့်သည်ကို… ရောက်နေတာကြာပြီလား… ဒီနေ့တော့ တွေ့ရပြီပေါ့နော်…"

စေတနာ၁၈၁၉၆၀

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခင်ဗျာ... ရောက်တာ မကြာသေးပါဘူး... အခုပဲ တွေ့လို့ ပြောနေရပါပြီ..."

"အေးအေးဆေးဆေး စကားပြောကြ... ညနေစာ ဝင်ချက်လိုက်ဦးမယ်... ထမင်းစားပြီးမှ ပြန်ပါလား"

"နေပါစေ အဒေါ်..."

ဒေါ်ကြိုင်က နောက်ခန်းထဲ ဝင်သွား၏။ တိုရှိဘာ TV ဟောင်းလေးတစ်လုံးနှင့် ကက်ဆက်အလတ်စားလေးတစ်လုံးသာ ရှိသည့် ဧည့်ခန်းကို ကျွန်တော် ဝေ့ကြည့်လိုက်စဉ်။ မြင်သွားသော ခိုင်က...

"ကျွန်မတို့ဘဝက သိပ်မလှဘူး... ဘာလဲ... ရှင် အထင်သေးသွားပြီလား..."

ပွင့်လင်းလွန်းသော အမေးကြောင့် ကျွန်တော် ကျောရိုးတွေ တောင့်မတ်သွားရ၏။

"အချစ်တစ်ခုတည်းကလွဲရင် အဲဒီရုပ်ဝတ္ထုပိုင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ရာတွေကို ကိုယ် ဘာမှမစွဲလမ်းတတ်ပါဘူး ခိုင်…”

ကျွန်တော့်စကားကြောင့် ခိုင်ခိုင်လှိုင် အဓိပ္ပာယ်တစ်မျိုး ဆောင်သောအပြုံးဖြင့် ပြုံးသွား၏။ ကျွန်တော်က…

“ကိုယ် အရမ်းပျော်တယ် ခိုင်…”

ခိုင်က အလေးမထားဟန်ဖြင့်…

“ညစာ စားသွားပါလား…”

“အပျော်တွေနဲ့ ရင်ပြည့်သွားပြီ…”

“နေတတ်တယ်နော်…”

“ခိုင်ရော ကိုယ့်လိုပဲလား…”

“ဟင့်အင်း… အခုတောင် ဗိုက်ဆာနေပြီ…”

တည်ကြည်ခြင်းမဲ့သောလေသံ၊ မျက်နှာထား၊ ကိုယ်တွေ့ မျက်မြင်မို့သာ ယုံလိုက်ရ၏။ စိတ်က မယုံချင်၊ ရင်က ကတုန် ကယင်ဖြစ်ချင်လာ၏။

“ကိုယ့်အချစ်အပေါ် ခိုင်လျော့ရဲနေသလိုပဲ…”



www.burmeseclassic.com

www.burmeseclassic.com



“နေတတ်သလိုနေတာပါ… ခိုင်က ဂွမ်းထိုးပြနေရဦးမှာလား… ဒါမှမဟုတ် ဟီးဟီး ဟားဟား လုပ်ပြနေရမှာလား… အဲဒီအခါကျရင်လည်း မင်းဟာ မိန်းမပေါ့… မိန်းမရှင်ပဲလို့ ပြောလာဦးမယ်…”

“ခိုင် ပျော်တာက တစ်မျိုးကြီးဖြစ်နေတယ်… ဒီလို အချိန်မျိုးမှာ ပျော်နေရင် ဗိုက်မဆာတော့ဘူး ခိုင်ရဲ့”

ခိုင်ခိုင်လှိုင်က စိတ်ညစ်ညူးဟန်ဖြင့် နှုတ်ခမ်းစူပြီး ဆံပင်ကုတ်ဝဲလေးကို ကုတ်ဖွနေ၏။ ကျွန်တော့်အာရုံက ဆံပင်အပေါ် ရောက်သွားရပြန်သည်။

“ခိုင့်ဆံပင်က တိုလိုက်၊ ရှည်လိုက်နဲ့ ဘယ်လိုလုပ်ပြီး ဆံပင်တုအမျိုးမျိုးတွေ စွပ်နေရတာလဲ … အလှ ပြင်ရင်လည်း ရုပ်ပြောင်းရုပ်လွဲလုပ်သလို … တစ်ခါတလေ မိတ်ကပ်အရောင်ရဲရဲတွေ တင်တယ်… တစ်ခါတလေ အရောင်ရင့်ရင့်… တစ်ခါတလေ အရောင်ဖျော့ဖျော့…



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ တေလေမလေးတွေပုံစံ… တစ်ခါတလေ မဟာဆန်သူပုံစံ… အဲဒါမျိုးတွေ လုပ်နေတာ ဘာကြောင့်လဲ…"

"ကိုယ့်ဘာသာ ဝါသနာပါလို့ အမျိုးမျိုး ပြင်ကြည့်တာပေါ့…"

ခိုင့်အပြောကို ကျွန်တော် စူးရဲစွာ အကဲခတ်ကြည့်နေလိုက်၏။ ခိုင်က မလုံမလဲအမူအရာမျိုး ပေါ်လွင်မခံလို၍လား မသိ။ ဆံပင်သပ်တင်ရင်း လက်သည်းတွေကို အသေအချာပြန်ကြည့်နေ၏။

ကျွန်တော့် အာရုံတွေက ခိုင့်လက်သည်းတွေအပေါ် ရောက်သွားပြန်၏။ သေသပ်စွာ ကိုက်ဖြတ်ပြီး ဆေးဆိုးထားသော လက်သည်းလေးတွေကို ကြည့်၍…

"ဒီလို လက်သည်းမျိုးလေးတွေကိုမှ ကိုယ်က ရင်ခုန်တာ…"

ဧ စ တ နု ၁ စ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



ခိုင်က ခေါင်းကလေးစောင်းငဲ့ကြည့်ရင်း…

“ဘာဖြစ်လို့…”

“တချို့ မိန်းမတွေလက်သည်းရှည်ထားပြီး နှပ်ချီးခွာတယ်· ··နှပ်ချီးခွာပြီးရင် လက်သည်းကြားက နှပ်ချီးဖတ်ကလေးတွေကို လက်သည်းခြင်း ‘တထပ်ထပ်’ လုပ်ပြီး ကော်ထုတ်တယ် … မပြောင်ရင်လည်း ဒီအတိုင်းထားလိုက်ရော … ပြီးရင် အဲဒီလက်နဲ့ပဲ အစားအစာတွေကို ကိုင်တွယ်တယ် … စားသောက်တယ် … နယ်ဖတ်စားသောက်စရာရှိရင် ပယ်ပယ်နယ်နယ်သုတ် လိုက်တော့ အဲဒီနှပ်ချီးဖတ်တွေ အသုတ်ထဲရောက်ကုန်ရော… ဘယ်လောက်ရွံဖို့ကောင်းသလဲ … နောက်ပြီး ဒီနေ့ တချို့မိန်းကလေးတွေဟာ အိမ်သာကဆင်းရင် ရေတစ်ခွက်လောက်နဲ့ပဲ လက်ကို ဆေးကြောတယ် … ဆပ်ပြာနဲ့ပြောင်အောင် မဆေးဘူး… အရက်ပြန်နဲ့ ပြောင်အောင်



www.burmeseclassic.com

www.burmeseclassic.com



မဆေးဘူး… မကောင်းတဲ့ ပိုးတွေက အဲဒီ လက်သည်း ရှည်တွေထဲ ကပ်ပြီး …”

“တော်ပါတော့ …ရှင့်လိုပဲ ဒီကလည်း အဲဒီလိုဖြစ်မှာ စိုးလို့ လက်သည်းရှည်မထားတာပါနော်… ဘာလဲ… ရှင့်ရဲ့ အရင်က ကောင်မလေးတွေက လက်သည်းရှည်တွေနဲ့မို့ သင်ခန်းစာရယူပြီး… ကျွန်မကို အခုလို ရွေးချယ်လိုက်တာ မဟုတ်လား…”

“ဒီလိုလည်း မဟုတ်ဘူး ခိုင်… ကိုယ်က အချစ်နဲ့ ပတ်သက်ရင် ခိုင်မှခိုင်ပါ… ပထမလည်း ခိုင်… တစ် ဘဝလည်း ခိုင်လို့ ထင်မှတ်ထားခဲ့တာပါ…”

“ကို အပြောကောင်းကြီး… အကြောင်းမသိလို့ ပေါင်းကြည့်ရဦးမှာပေါ့လေ…”

“ပေါင်းပါခိုင်…ဘယ်နေ့လက်ထပ်ကြမလဲဆိုတာ ခိုင် စီစဉ်လိုက်ပါ…”



www.burmeseclassic.com

www.burmeseclassic.com



“အံမယ်… အဲဒီလိုပေါင်းမှာ မဟုတ်ပါဘူးနော်… တွဲကြည့်တာမျိုးကို ပြောတာပါ… အားကြီးစကား အကျကောက်တာပဲ… တော်ပြီ… နောက်ဆို သတိထား ပြီးပြောမှ ဖြစ်တော့မယ်…”

“ဒီနေ့ဟာ ကိုယ့်အတွက် မင်္ဂလာအရှိဆုံးနေ့ပဲ…”

ခိုင်က ပြုံတီတီဟန်လေးဖြင့်…

“ဘာဖြစ်လို့…”

BURMESE CLASSIC .com

“အချစ်ကို အောင်ပွဲခံပြီး သိမ်းပိုက်နိုင်တဲ့နေ့မို့ လေ…”

ကျွန်တော့်စကားကို ခိုင်ခိုင်လှိုင် ပါးပါးလေးတုံ့ပြန်လိုက် ပုံမှာ သေသပ်ထိရောက်လွန်းပါသည်။

ခိုင့်ရဲ့ တုံ့ပြန်သံက…

“အဟား…”တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အပေါ် ခိုင့်အနေနှင့် လေးနက်လာစေလိုချင်ပါသည်။

ကျွန်တော်ကသာ ပေါ့ပျက်လျှင် ပျက်မည်။ မညီသော ချိန်ခွင်လျှာကိုမှ ကျွန်တော့်စိတ်ကူးဖြင့် ညီအောင်ထည့်ချင်တွယ် နေမိ၏။

ကျွန်တော် ဖြစ်လိုစိတ်ပေါ် ဖိုးသူငယ်က…

“အသာစီးယူလွန်းတယ်…”

ဟု ဝေဖန်၏။ မင်းစောက…

စေ တ နု ၁ စ ၁ ပေ

www.burmeseclassic.com

www.burmeseclassic.com



“ဖြစ်မယ်ထင်ရင် လုပ်ကြည့်လိုက်ပေါ့… ဖန်တီးမှု ဆိုတာ လုပ်ယူနိုင်စွမ်းရည်တစ်ခုတည်းအပေါ်မှာ တည် နေတယ်လို့ မင်း ထင်နေမယ်… အခွင့်အခါတွေ ဖြစ်သင့် ရာ မဖြစ်သင့်ရာတွေ မင်းမေ့နေသလိုပဲ… ကြည့်လုပ်…”

အောင်ရင်ငြိမ်းက…

“မိုးတိမ်တွေကို စွန်လိုလွှတ်ဖို့ ကြိုးစားသလို ဖြစ် နေလိမ့်မယ် မင်းထွဋ်…”

သူငယ်ချင်းတွေရဲ့ တားမြစ်သံတွေအားလုံး တစ်ဖက် နားမှဝင်၍ တစ်ဖက်နားမှ ပြန်ထွက်သွားကြသည်။ ကျွန်တော် ၏ ဖြစ်လိုစိတ်တွေ မပြောင်းလဲခဲ့။ ကျွန်တော့် နှလုံးသားရဲ့ ခံ နိုင်ရည်အင်အားပေါ် များစွာ ကိုးစားယုံကြည်မိခဲ့၏။ ထို့ကြောင့်…

ကျွန်တော့်ကို မွေးမြူနေသော ညို့ကြိုးကို တန်ပြန်ညို့အား ဖြင့် ပြန်လည်ဆွဲဆောင်ကာ သံယောဇဉ်ကြိုးဖြစ်လာနိုင်မည့် အချက်အလက်၊ အဖြစ်သနစ်တွေ လုံးစည်းပေါင်းတင်ပြုပြင်လုပ်



www.burmeseclassic.com

www.burmeseclassic.com



ယူပေးလိုက်မိ၏။

ချစ်သူဖြစ်စမှာ လောကကြီးတစ်ခုလုံး လှပနေပါသည်။ ချစ်သူအကြောင်းကို ထမင်းမေ့ ဟင်းမေ့ တွေးနေချင်သည်။ ချစ်သူနှင့် ချိန်းဆိုလျှောက်လည်ဖြစ်သောနေ့က ပြောဖြစ်၊ ဆိုဖြစ်၊ ကြင်နာဖြစ်သမျှ အသေးစိတ်လေးပင် မေ့လျော့သွားမှာ နှမြောသည့်အလား အချိန်တိုင်း ပြန်လည်စဉ်းစားနေဖြစ်တတ်လာ၏။

အချက်အလက်နှင့် အဖြစ်သနစ်တွေရဲ့ စ,မှတ်မှာ အတွေ့နှင့်ငွေ့ဖြစ်၏။ တစ်ယောက်နှင့် တစ်ယောက် ရှူးတိုးရှန်းတန်းဖြစ်နေသည့် ရည်းစားဖြစ်နေစဘဝမှာ ကျွန်တော်က အပျော်ကမ္ဘာတစ်ခုတည်း ခိုင့်ကို ခေါ်သွားခဲ့သည်။ အပျော် ဥယျာဉ်ထဲမှ သရဲခြောက်သောအိမ်ကြီးထဲကို ခိုင် မဝင်ချင်လည်း အတင်းဝင်ကြည့်ခဲ့သည်။

ခြောက်လိုက်သည့် သရဲ၊ ကြောက်လိုက်သည့် ခိုင်ကလည်း ကျွန်တော့်လည်ပင်းကို သိုင်းဖတ်ထားရုံမက လူပေါ်ကို လန့်လန့်ပြီး ခုန်တက်တော့မတတ်ဖြစ်ရသည်မှာ အကြိမ်ကြိမ်။

စေတနာ၁စ၁ပေ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်စိတ်၊ လန့်စိတ်နှင့် အရိုင်းဆန်ဆန် ဖက်တတ်သောအတွေ့ ကြမ်းကြမ်းကြောင့် နောက်တစ်နေ့မှာ တစ်ယောက်နှင့် တစ်ယောက် ရှိုးတိုးရှန့်တန်း၊ ရှက်အမ်းအမ်းတွေ ဖြစ်မနေကြတော့။ ‘မောင်’လို့လည်း ခိုင် အခေါ်ရဲလာ၏။ လက်ဖဝါး၊ လက်ဖမိုး နမ်းတာလောက်ဖြင့် တွန့်တိုစေးနည်းခြင်း မပြုတော့။

ပျော်စရာ စကားတွေသာ အများဆုံးပြောဖြစ်ကြပြီး တစ်ဦးကိုတစ်ဦး ပျော်သွားအောင် နောက်ဖို့လောက်သာ စိတ်ကူး ဖြစ်တာလည်း ကြာရှည်။

“ခိုင်… ကိုယ်တို့ကို ဟိုရှေ့ဟာကြီးက ငုတ်တုတ် ထိုင်ကြည့်နေတယ်…”

“ဘာကြီးလဲဟင်…”

ခုံတန်းလျားကုလားထိုင်ကြီးလေ…”

စေ တ နု ၁ စ ၁ ပေ

www.burmeseclassic.com

www.burmeseclassic.com



"မောင်..."

"ပြော..."

"မိန်းကလေးချောချောမြင်ရင် မကြည့်ရဘူးနော်"

"စိတ်ချ... မကြည့်ဘူး... ငေးပဲ ငေးမယ်..."

"ငေးကြည့်ပါလား... အကြောပြတ်အောင် လိမ်ဆွဲပစ်မယ်..."

"ဘာအကြော်ပြတ်မှာလဲ..."

"နှာကြော..."

"ဂစ်"



www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



“အချစ်··· အခုအချိန်သာ ကမ္ဘာဦးဖြစ်ရင် ဘယ်လောက်ကောင်းမလဲ···”

“ဘာဖြစ်လို့လဲ···”

“မင်းနဲ့ကိုယ်နဲ့ နှစ်ယောက်တည်းလေ···”

“မဖြစ်ချင်ပါဖူး··· ပျင်းစရာကြီး··· မုန့်ဆိုင်မရှိ အလှပြင်ဆိုင်မရှိ··· ရုပ်ရှင်ရုံမရှိ··· အဝတ်အစား ကောင်းကောင်းမရှိနဲ့··· လုံးဝကို မဖြစ်ချင်ဘူး···”

“အချစ်ရှိရင် အားလုံးပြီးတယ်···”

စေတနာဝေ

www.burmeseclassic.com

www.burmeseclassic.com



"အချစ်မှာ တန်ခိုးစွမ်းအင်တွေ ရှိလို့လား…"

"သိပ်ရှိတာပေါ့…"

"ဘာတွေလဲ… ပြောပြ…"

"ဥပမာကွာ… မင်းက ပန်းသီးစားချင်တယ်လို့ စိတ်ထဲက တမ်းတလိုက်…"

"ပန်းသီးက သူ့အလိုလို ရောက်လာရောလား…"

"အဟီး… သွားရည်တွေ ယိုကျလာရော…"

"ဟင်း… ပေါက်ကရတွေ…"

"ဘယ်လို့အဝတ်အစား ဒီဇိုင်းမျိုးဝတ်ချင်သလဲ… သစ်ရွက်သစ်ခတ်တွေကို အဝတ်အစားတင် မဟုတ်ဘူး…သရဖူနဲ့ လက်ဖွဲ့၊ ဒူးဖုံး၊ ရင်စလွယ်တွေ လုပ်ပေးလိုက်လို့ရတယ်…"

"သွား… မဟုတ်မဟပ်တွေ…"

"အလှပြင်ချင်ရင်လည်း မှန်ကိုကြည့်လို့ရတဲ့ ရေစပ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းစပ်တွေ သွားကြည့် အာဖရိကတောတွင်းသူတွေလို နှန်းနှစ်နှန်းညွှန်တွေ လူးထားလို့ရသေးတယ်”

“အော့ဝေါ့… ရွံ့စရာကြီး…”

“ရုပ်ရှင်ကြည့်ချင်သေးရင် ကိုယ်က သရုပ်ဆောင်ပြမယ်… ဘာကားကြည့်သလဲပြော… အက်ရှင်၊ ဒရမ်မာ၊ ကောမစ် ကြိုက်တာပြော… အားလုံးတတ်တယ်…”

“ကမ္ဘာဦးမဖြစ်ရင် နေပါစေ… ကျွန်မက ရှင့်ရဲ့ အချစ်ဦးဖြစ်ရင် တော်ပါပြီ… ဘယ်လိုလဲ… ကျွန်မ က ရှင့်ရဲ့ အချစ်ဦးလား…”

“ဟုတ်တယ်… မင်းဟာ ကိုယ့်ရဲ့ အချစ်ဦးပဲ…”

“မထင်ပါဘူး… ရှင် ဒီလောက်အတင့်ရဲနေတာ… အတွေ့အကြုံတွေများထားလို့ပဲ ဖြစ်ရမယ်… မညာနဲ့… ညာရင် သစ္စာဆိုခိုင်းမှာနော်… မှန်မှန်ပြော…”



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုသာ ဖိမေးနေတယ်… ခိုင့်မှာကော အချစ်ဦးမရှိခဲ့ဘူးလား…"

"မရှိပါဘူး…"

"သစ္စာဆိုခိုင်းမှာနော်…"

"ရှင် အရင်ဆိုပြ…"

"ပြိုင်တူဆိုမယ်… နို့မို့ဆို ကိုယ်ကအရင်ဆိုပြီး… မင်းက မဆိုဘဲ ရှောင်ထွက်သွားရင် ဘယ်လိုလုပ်မလဲ…"

"ဒါဆိုလည်း အထက်က ပုဂ္ဂိုလ်တွေ တေးရမှတ်ရ တိုက်ရစစ်ရနဲ့ အလုပ်တွေရှုပ်မကုန်ရအောင် ဆိုမနေတော့ပါဘူး… မကောင်းဘူးလား…"

"သင့်မြတ်လျှော်ကန်တော်မူကြောင်းပါ…"

"အဲဒါက ဘာအထာလဲ…"

"ပဒေသရာဇ်အထာလေ… အခေါ်အဝေါ်လေးတွေက လေနုအေးတိုက်ရင်တောင် အက်ရာတင်သွားနိုင်

စေတနာ၁၀၁ပေ
www.burmeseclassic.com

www.burmeseclassic.com



တဲ့အထိ နှုန့်နေတာပဲ… မင်းကို အမြင့်တင်ပြီး သုံးနှုန်း တင်စားခေါ်ဝေါ်လိုက်တာ…”

“မောင်…”

“…”

“ခေါ်နေတာ မကြားဘူးလား…”

“ဘယ်လိုခေါ်လိုက်တာလဲဟင်…”

“မောင်လို့ ခေါ်လိုက်တာလေ…”

“…”

“အဲဒါက ဘာဖြစ်နေတာလဲ… နားရွက်ကြီး ဒီ ဘက်လှည့်ထားတာ ဘာသဘောလဲ…”

“နားထောင်ကောင်းလွန်းလို့ပါ… ပြန်ထူးလိုက်ရင် ထပ်မခေါ်ဘဲ… စကားတွေနောက် ပျောသွားမှာ ကြောက်လို့ ထပ်ကာထပ်ကာ ကြားရအောင် ပြန်မထူးဘဲ… အခေါ်ခံ စောင့်ပြီး နားထောင်နေတာလေ…”

ဧဧတနှ၁ဧ၁၆ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက် အဖြစ်သည်းပြတာတော့ လွန်ပြီ... အမြင်ကတ်ပြီး နောက်ဆို မခေါ်တော့ဘူး..."

"စိတ်မဆိုးပါနဲ့... စိတ်ဆိုးလွယ်တဲ့လူဟာ အသက်တိုလည်း လွယ်တယ်တဲ့..."

"ဘယ်သူက ပြောလဲ..."

"အမည်မသိ ရေးစာဆို..."

"ဘာတွေလဲ... သိပ်မပေါစမ်းပါနဲ့..."

"ဒီမှာ ခိုင်..."

"ဘာလဲ... ဘာလဲ..."

"ကိုယ့်ကို အဓိပ္ပာယ်မရှိတဲ့ လူလို့များ မင်းထင်နေသလား..."

"စွပ်စွဲမိခဲ့လို့လား..."

"မင်းက ငပေါလို့ ပြောနေတာပဲ..."



www.burmeseclassic.com

www.burmeseclassic.com



“ငပေါမဖြစ်အောင် ပေါက်ကရတွေ များများ မပြောဖို့ တားနေရတာပေါ့… ဟွန့်… ပြောတော့ စိတ်တိုတဲ့လူက အသက်တိုလွယ်တယ်ဆိုပြီး သူပဲ စိတ်ပြန်တိုနေတယ်…”

“ကိုယ်က စိတ်တိုတာ မဟုတ်ဘူး…”

“ဒါဆို ဘာဖြစ်ရတာလဲ…”

“ဒေါသထွက်နေတာ…”

“ဒေါသထွက်တာနဲ့ စိတ်တိုတာနဲ့ ဘာကွာလို့လဲ… သိပ်အကြောင်ရိုက်တာပဲ…”

“ကွာတာပေါ့… ကွာလို့ သီးခြားခေါ်ဝေါ်မှု ရှိနေရတာ…”

“ကဲ… ကျွန်မတို့ဆက်ပြီး ဒီအကြောင်းကို ဆွေးနွေးကြဦးမှာလား…”

“ခိုင်က ဘယ်အကြောင်းကို အလေးထား ဆွေးနွေး



www.burmeseclassic.com

www.burmeseclassic.com



ချင်လို့လဲ…”

““ဒီ အကြောင်းမရှိ အကြောင်းရှာပြောတဲ့ လေလုံး တွေကလွဲရင် ကျန်တာ ကြိုက်တာပြောနိုင်တယ်…”

‘မောင့်ကို ခိုင် တကယ်ချစ်ရဲ့လား…”

““ခဏ ခဏ မေးနေတာပဲ… ကြာရင် ရိုးအီပြီး စိတ်ပျက်လာမိလိမ့်မယ်… နောက်ဆုံးပိတ်… အပြီးအပြတ် တစ်ခါတည်း ပြောမယ်…”

ခိုင်က ကျွန်တော့်အနားအပါးကပ် အော်ပြောလိုက်၏။

““ချစ်တယ်…ချစ်တယ်…ချစ်တယ်…”

ကျွန်တော့်နားတွေ အူထွက်သွား၏။ ကျွန်တော်က ဘာမှမဖြစ်သော အိုက်တင်ဖြင့် ခိုင့် ဆံနွယ်စလေးတွေကို ကိုင်တွယ် ဆော့ကစားနေပြလိုက်၏။ ခိုင်က သူ့ကို မကြည်မလင် ကြည့်ရင်း…

““ကဲ… အားရလုံလောက်သွားပြီ မဟုတ်လား…”



www.burmeseclassic.com

www.burmeseclassic.com



"နားထဲ… ရင်ထဲ… အသည်း(သဲ)ထဲ… နှလုံးသားထဲ… အသက်ထဲ… ဘဝထဲ… ဘယ်လိုမှပြန်ဆွဲ ထုတ်ယူလို့မရအောင် ခိုင့်ရဲ့အသံက စွဲသွားတာပဲ…"

ခိုင့်ရဲ့ဘဝင်မကျအကြည့်က ကျွန်တော့်ကို စိတ်ရှိလက်ရှိ ထိုးနှက်၏။ တစ်ယောက်နှင့်တစ်ယောက် တွေ့လျှင် ပြင်ပလောကကြီးကို မေ့နေသည်အထိ။

ခိုင်မရှိသည့်အရပ်မှာ ကျွန်တော် မရှိနိုင်သလို ကျွန်တော် မရှိသည့်အရပ်မှာလည်း ခိုင် မရှိနိုင်။

အပျော်သဘောဟူသော ပိုင်းခြားမှုက ကျွန်တော့် ချစ်ခြင်း၌ အလိုလို ကျုံ့ဝင်ပျောက်ကွယ်သွား၏။ ကျွန်တော် မသိလိုက်။ သိလိုက်သည့်အချိန်မှာ ကျွန်တော့်ကိုယ် ကျွန်တော် ပြန်လည်မဆွဲထုတ်နိုင်တော့အောင် နောက်ကျနေခဲ့လေပြီ။

ခိုင်သည်ကကော…

ကျွန်တော့်လိုပင် အပျော်သဘော ပေါ့ပေါ့ပါးပါးလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ထိ ဆက်ဆံခဲ့ရာမှ ယစ်မူးသာယာစိတ်တွေ အားကောင်းရာ လိုက်ပါရင်း ကိုယ့်ဆင်ကွက်မှာ ကိုယ်ပြန်နင်းမိသူလို ရုန်းမရ၊ ထွက်မရ ဖြစ်ခဲ့ရပြီထင်။

ကျွန်တော့်အပေါ် ခိုင် လေးနက်လာခဲ့ပါသည်။ ထို့အတွက် ကျွန်တော်ကိုယ်၌ကလည်း ခိုင်အပေါ် ပြန်၍လေးနက်ခဲ့မိရသည်။ စိတ်ကူးဖြင့် ရူးသော 'ဖြစ်လိုစိတ်'တွေ အရိပ်လိုလွင့်ပျောက်သွားကြကုန်ပြီ။

ရုန်းညွတ်သော အားတို့သည်လည်း ခ,ညောင်းမှီတွယ်ရစ်ချည်ဖွယ်ရာတွေ ဖြစ်ကုန်ကြလေပြီ။

မုန်းခြင်း၊ မေ့ခြင်း၊ လွမ်းခြင်း၊ ကွေကွဲခြင်းတွေကို တော်လှန်နိုင်ရာအဖြစ် ချစ်ခြင်းစစ်စစ်ကိုသာ အားနှင့်မာန်နှင့်တည်ဆောက်ဖို့ ခိုင်နှင့်ကျွန်တော်တို့ ညှိယူလိုက်နိုင်သည့်နေ့။

ထိုနေ့၌…

ကောင်းကင်နှင့်တူသော စွန်မှာ ခိုင်ဖြစ်နေပြီ…



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်နှင့်တူသော စွန်လွှတ်သူမှာ ကျွန်တော်ဖြစ်နေခဲ့၏။ (ချစ်ခြင်းတစ်ခုနဲ့ လောကမံကြီးလာသမျှကို တုပဖို့ အားကိုးမှားခဲ့မိရောလေသလား ခိုင်ရယ်)

၆ စ တ နု ၁ စ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



စေတနုာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခိုင်...အသက်နှင့်အမျှ တိုင်တည်ပြီး ပြောပါရစေ...

ဘဝရဲ့နေ့တိုင်းဟာ နွေမဟုတ်ပါဘူး...

အဖြေရှုပ်တဲ့ ပုဒ်စာလုပ်ပြီး ရှုးနေကြတဲ့ သံသရာညွှ့် သည်တစ်ဦးစီမို့...

တို့နှစ်ယောက်ရဲ့ ရင်ခုန်ခြင်းမှာ ချစ်ခြင်းသန့်သန့်ရယူ ချင်တာ... အပြစ်ဆိုလည်း မလွဲမခါ ပြစ်ဒဏ်လာသမျှ ခေါင်းငုံ့ ၍သာ ခံလိုက်ပါမည် ခိုင်...။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ရှေ့ရေးကိုတွေးရင်း··· နေ့နဲ့ညလို မဝေးတော့တာမို့ စိုးရိမ်ရတဲ့ဘဝပေး အခြေအနေတွေက အရောင်အဆင်း မလှတာလည်း ခိုင်အသိ··· အနံ့၊ အရသာမရှိတာလည်း ခိုင် မခံစားမိဘဲ နေမတဲ့လား။

လူ့ဘဝနဲ့ပတ်သက်ရင် လောကကြီးတစ်ခုလုံးကို အသာစီးရမှ ယှဉ်ချင်တဲ့ မင်းရဲ့စိတ်နဲ့ဆန္ဒ··· ကွယ်··· တို့တစ်တွေက လူဖြစ်ခွင့်ရတာကိုပဲ ကျေးဇူးတင်နေရတာနဲ့တင် ကိုယ့်ဘဝကိုယ်ဆန္ဒအတိုင်း ဆွဲတင်မပြင်ဆင်နိုင်ခဲ့တာ မင်းအသိဆုံးပါပဲ ခိုင်။

ရင်ချင်းဆက်···အသည်းချင်းဆက်···နှလုံးချင်းဆက်··· အချစ်ချင်းဆက်နေတဲ့ ကိုယ်တို့နှစ်ယောက်ရဲ့ဘဝ···ဘယ်သူတွေဖန်တီးလုပ်ယူလာတဲ့ ကံကြမ္မာနဲ့မှ ခွဲလို့မရနိုင်ပါဘူးခိုင်··· ကိုယ်တို့ချင်းသာ နားမလည်နိုင်မှ အပြိုင်ကွဲကြရမှာဆိုတော့ ခိုင်ယုံပါလေ··· ယုံပါစေ···။



www.burmeseclassic.com

www.burmeseclassic.com



ခံစားမှုတွေ

ချစ်ခြင်းလောကရဲ့

ရင်အိုးမှာ . . .

ရဲရဲယဉ်ယဉ်

လွှတ်တင်လိုက်စမ်း

ကြေကွဲခြင်းအလွမ်းတွေ

ဖြန်းခဲ့


ရင်နှစ်ခြမ်းကို ကွဲချင်ကွဲပစေ။

ေ စ တ နု ၁ စ ၁ ေ ပ

www.burmeseclassic.com

www.burmeseclassic.com





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



“ကျွန်မဘဝရဲ့ နောက်ထပ်နေရမယ့် ကာလတွေမှာ ဆင်းရဲရမှာကို သေမလောက်ကြောက်တယ်…”

ကျွန်တော့်လက်ဖဝါးထဲမှ ခိုင့်လက်ကို ရုပ်သိမ်းပြီး ပြောလာသည့်စကား။ မောန္တမ်းသွားအောင် ကြားလိုက်ရ၏။

“ခိုင်က အခုလည်း စားနိုင် သောက်နိုင်နေတာပဲ”

“တင်းတိမ်ရောင့်ရဲတတ်တယ်ဆိုတာ ကောင်းပါတယ်… ဒါပေမဲ့ နောက်ကောက် ကျကျန်ခဲ့ရတဲ့ အသက်ရှင်နိုင်ရုံ နေထိုင်နိုင်မှုမျိုးလေး အပေါ်မှာ ကျွန်မ ရင်မခုန်

စေတနာ၁၈၁၄ပေ

www.burmeseclassic.com

www.burmeseclassic.com



ဘူး… ဒီလိုဆက်နေရမှာကိုလည်း အမြဲ တုန်လှုပ်နေမိတယ်…”

“ခိုင်… ကိုယ့်ကို နောက်ပြောင်ပြောနေတာလား”

“အတည်ပြောနေတာပါ… ကိုယ့်ဘဝက ခိုင်တို့ထက် အသက်ရှုပိုချောင်ရုံလေးပဲသာတယ်… မဖြစ်ချင်ဘူး… အဲဒီ အခြေအနေမျိုးလေးလောက်နဲ့ ခိုင်တို့ ကျေနပ်မနေသင့်ဘူး… လူမှန်ရင် အမြင့်ဆုံး ခံစားခွင့်ရှိတဲ့ ထိုက်တန်မှုစံမျိုးကို ရယူပိုင်ဆိုင်ချင်တယ်… ရှင်းရှင်းပြောရရင်… ခိုင် အရမ်းချမ်းသာချင်တယ်… ဂုဏ်အရှိန်အဝါ… သြဇာထက်မြက်မှုနဲ့ စည်းစိမ်ပေါင်းများစွာကို ခံစားစံပျော်ချင်တယ်… အဲဒီလို ဘဝမျိုးရောက်အောင် ခိုင်အသက်ရှင်နေစဉ်အချိန်တိုင်းမှာ တည်ဆောက်ဖို့ ခိုင့်ကိုယ်ခိုင် ငယ်ငယ်လေးကတည်းက လေ့ကျင့် လှန့်နှိုးလုပ်ဆောင်နေလာဖြစ်ခဲ့တယ်… ကျွန်မရဲ့ အမုန်းဆုံးနဲ့ အကြီးကျယ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သော ရန်သူဟာ ဆင်းရဲခြင်းပဲ…”

ကျွန်တော် နားထောင်ရင်း နားမလည်သလိုဖြစ်သွားမိ၏။ ခိုင်ခိုင်လှိုင်က ကျွန်တော့်ရှေ့မှာ ဆင်းရခြင်းဆိုတာကို သက်ရှိသတ္တဝါလို သဘောထားပြီး အားရပါးရ ထိုးနှက်တိုက်ခိုက်နေသည်။

“ကိုယ့်ထက်ဆင်းရဲတဲ့သူတွေ ဆင်းရဲခြင်းဆိုတာကို မုန်းတီးနားကြည်းဖို့လည်း ချန်ထားပါဦးလား ခိုင်ရယ်…”

ကျွန်တော်က သရော်သလို ပြောလိုက်သောစကား။ ခိုင့်မျက်နှာ တင်းမာသွား၏။ ထန်ပြင်းသော လေသံဖြင့်…

“ကျွန်မ ငယ်ငယ်က အရမ်းဆင်းရဲခဲ့ရတယ်… မရှက်မကြောက်တမ်း ပြန်ပြောပြချင်ပေမယ့်… ပြောမထွက်ဖူးဖြစ်နေတယ် … ကျွန်မထက် ဆင်းရဲတဲ့သူ

စေတနာ၁စ၁ပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ ရှိတော့မယ် မထင်လောက်အောင်ကို ဆင်းရဲခဲ့တယ်… မိဘတွေက လက်လုပ် လက်စား… ကလေးလေးယောက်နဲ့ မလောက်မင စားသောက်ရတော့ အကြီးဆုံး ကျွန်မကို တစ်နပ်သက်သာလို သက်သာငြားဆိုပြီး ရသလောက် ငွေကြေးနဲ့ သူများအိမ်မှာ ကျွန်ခံ မွေးစားဖို့ ပေးခဲ့တယ် … အိမ်ရှင် မိန်းမက စိတ်ပုပ်တယ်… ယုတ်မာတယ် … မသဒ္ဓါရေစာ အကြွင်းအကျန်ကျွေးတယ်… သူ့သားသမီးတွေ ခိုင်းစေသမျှ နှိပ်စက်သမျှ ကျွန်မဟာ ဒူပေးဒါပေခံသလို ခံခဲ့ရတယ် … ကျွန်မအပျိုအရွယ် ဆယ်တန်းရောက်လာတဲ့အထိ သူများအိမ်မှာခိုင်းဖတ်အဖြစ်နဲ့ အသက်ရှင်ခဲ့ရတယ်… နောက်ဆုံးအသိပညာလေးရှိလာတဲ့အခါမှာ ကျွန်မ အဲသလို ဘဝထဲမှာ ဆက်အနစ်မွန်း မခံနိုင်တာနဲ့ ရန်းထွက် ပြေးခွာလာခဲ့တယ် …”



www.burmeseclassic.com

www.burmeseclassic.com



“မင်း အိမ်ကို ပြန်သွားတာလား…”

“မိဘတွေအနေနဲ့ သွားတွေ့ခဲ့ပေမယ့်… တစ်နယ်တကျေးကို အပြီးပြောင်းသွားကြတယ်လို့ပဲ ကြားရတော့တယ်… အဆက်အသွယ်မလုပ်ရဆိုတဲ့ အိမ်ရှင်ရဲ့ စည်းကမ်းချက်ကြီးကြောင့် ကျွန်မကို အကြောင်းကြားဖော်လေးတောင်မရကြဘူးလေ… အဲဒါနဲ့ ကျွန်မဟာ ရှင်တို့ ဝင်စုံစမ်းခဲ့တဲ့ အလှပြင်ဆိုင်က မမယဉ်ဆီမှာ ဝင်ခိုဖြစ်ခဲ့တယ်… မမယဉ်က သဘောကောင်းတယ်… အနောက်အပြောင်သန်တယ်… ကျွန်မကို အခမဲ့ ဘဝ ဝမ်းကျောင်းနိုင်တဲ့ ပညာတွေကို တပည့်အဖြစ်သတ်မှတ်ပြီး သင်ကြားပေးခဲ့တယ်… အလှပြင်တဲ့ပညာတင်မကဘူး… ဖက်ရှင်ဝတ်စုံဒီဇိုင်းထုတ်လုပ်နိုင်တဲ့ ပညာရှင်ဖြစ်အောင် အလှကုန်ပစ္စည်း တစ်ဆင့်ခံဖြန့်ဖြူးရောင်းချတဲ့ ကုမ္ပဏီတစ်ခုမှာ အမျိုးသမီး မန်နေဂျာဖြစ်အောင်တွေအထိ မြေတောင်



www.burmeseclassic.com

www.burmeseclassic.com



မြှောက်ပေးခဲ့တယ်…”

ကျွန်တော် အံ့အားတသင့် နားထောင်နေသည့်အပေါ် ခိုင်ခိုင်လှိုင် အသေအချာ အကဲခတ်လေ့လာနေပြီး စကားဆက်ဖို့ ဆုတ်ဆိုင်းဆိုင်းဖြစ်နေ၏။ ကျွန်တော်က…

“မင်းရဲ့အဒေါ်ဆိုတဲ့ ဒေါ်ကြိုင်ကပြောတော့ မင်း မိဘတွေ ဆုံးသွားပြီဆို… ဒေါ်ကြိုင်ကပဲ မင်းကို ငယ် ငယ်ကလေးတည်းက စောင့်ရှောက်လာတာဆို…”

“အဲဒါက ဒီလိုရှိပါတယ်… ကျွန်မ ကုမ္ပဏီမှာ အလုပ်ဝင်နေတုန်းက နယ်ဘက်တွေထွက်ပြီး ဈေးကွက် ပိုင်းကို ယာယီတာဝန်ယူဖြစ်ဖို့ အကြောင်းဖန်လာတယ်… အဲဒါ နယ်ထွက်ရင်းနဲ့ ကျွန်မအမေနဲ့ သွားဆုံးတယ်… အမေက ခေါင်းရွက်ဗျက်ထိုး ဈေးရောင်းနေရရှာတာ… အကြော်သည် ဒေါ်ကြိုင်ဆိုတဲ့ ညီမဝမ်းကွဲဆီမှာ အကြော်



www.burmeseclassic.com

www.burmeseclassic.com



ယူပြီး လှည့်ရောင်းနေရရှာတာလေ… ကျွန်မနဲ့တွေ့တော့ အမေ့ရဲ့ ပန်းနာရောဂါက ကျွမ်းနေပြီ… အဖေလည်း ဘဝကိုစိတ်ညစ်၊ အရက်သောက်၊ နောက်တော့ မထူး ဇာတ်ခင်းပြီး ဆက်သောက်ရာက သေဆုံးသွားခဲ့ရတယ်… ကျွန်မအောက် မောင်တစ်ယောက် စစ်ထဲဝင်သွားရာက ငှက်ဖျားရောဂါနဲ့ ရှေ့တန်းမှာ ဆုံးသွားတယ်… မောင်အလတ်ကောင်က လွန်ခဲ့တဲ့ ငါးနှစ်လောက်က အပြင်းဖျားနေတာ… ဆေးကုဖို့ ပိုက်ဆံမရှိလို့ အမေ့လက်ပေါ်မှာပဲ ဆုံးသွားရရှာတယ်… နို့ညှာအရွယ်လောက်က ခွဲခဲ့ရတဲ့ မောင်အငယ်ဆုံးက ရေခဲချောင်းရောင်းရင်း ကားတိုက်မိလို့ ဆုံးသွားတယ်… အထွေးဆုံးညီမလေးက အမေပိုက်ဆံရှာလို့ ကြံမိကြံရာကြံရင်း မုန့်ဟင်းခါးချက်ရောင်းရာ အညှော်တွေ မကြာခဏမိလို့ သူငယ်နာတက်ပြီး ဆုံးသွားရ



www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့··· အမေ ပြန်ပြောမှ ကျွန်မ ဝမ်းနည်းပက် လက်သိလိုက်ရတယ်··· အဲဒီမှာတင် သားအမိ နှစ် ယောက်ဖက်ပြီး လမ်းပေါ်မှာ လူတွေဝိုင်းကြည့်ခံရတဲ့အထိ မရှက်မကြောက် ဝမ်းနည်းတကြီး ရှိုက်ငိုခဲ့ကြမိတာ··· အဲဒီ အဖြစ်ကို ကျွန်မ အခုလို ပြန်တွေးမိရင်တောင် မျက်··· ရည်··· ကျ··· ရတယ်···”

ပြောရင်းတန်းလန်းဖြင့် ခိုင့် မျက်ဝန်းမှ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် လိမ့်ကျလာ၏။ ရှိုက်သံ··· ရှိုက်သံ···။

ကျွန်တော့်ရင်ခွင်ထဲကို ခိုင် ဦးခေါင်းလေးအသာလှဲမှီ စေလိုက်သည်။ ရင်ဘတ်သည် မျက်ရည်ရွဲရွဲဖြင့် စိုကပ်သွား၏။ ကျွန်တော် ချော့မော့ဖျောင်းဖျသောအခါမှ ခိုင် မျက်ရည်တွေ သုတ်သင်စင်ကြယ်၏။ နှပ်ညှစ်၏။ ရင်ခွင်ထဲမှ အသာတိုးထွက် ကာ ရှေ့တူရူကို မတ်မတ်ရပ်ကြည့်၏။

ရင်တွင်းအပူကြောင့် စိမ်းမြသော ကန်ရေ၌ပင် တံလျှပ်



www.burmeseclassic.com

www.burmeseclassic.com



ရိပ်တို့ ဆူဝေနေသည်ဟု ခိုင် ထင်မှတ်မှားလေရော့သလား။

"ဝမ်းနည်းစရာဖြစ်နေရင်လည်း ဆက်မပြောပါနဲ့တော့လား ခိုင်..."

"ဘာလဲ... မောင်က ကျွန်မရဲ့ ဇစ်မြစ်နိမ့်ပါးတာကို သိလို့ နားမထောင်ချင်တော့တာလား... ခိုင့်ကို ချစ်မိတာ မှားပြီလို့ ထင်သွားပြီလား... စိတ်ထဲရှိတာ ရဲရဲသာ ပြောချလိုက်ပါမောင်... ခိုင် မကြောက်ပါဘူး ... ရောက်ရာအရပ်မှာ ချန်ထားရစ်ခဲ့ရင်လည်း ဒုက္ခပေါင်းစုံ သောကပေါင်းစုံနဲ့ ခိုင် ကျင့်သားရလာတာ စွဲနေလို့ နေဝံ့ရဲပါတယ် ... မောင့်ဘဝ ... မောင့်အချစ်သာ ... ခိုင်နဲ့ဖြစ်ခွင့်ရလို့ ဂုဏ်သရေ ညှိုးနွမ်းပြီး စိတ်ပင်ပန်း ဆင်းသွားမှာ ခိုင် စိုးရိမ်နေတာပါ..."

"ထင်ရက်ရဲတယ် ... ကိုယ့်ရင်ထဲမှာ စာနာညှာတာ စိတ်နဲ့... မင်းကို ထွေးသိပ်ဖို့ ဆန္ဒတွေပဲ တဖွားဖွား



www.burmeseclassic.com

www.burmeseclassic.com



တောက်လောင်နေရတာပါကွာ ... ကိုယ့်ကို ဆက်ပြီး အထင်မလွဲပါနဲ့ ... မင်းရဲ့ အကြောင်းကို ဆက်ပြောပါ ခိုင်...''

ခိုင့်ရဲ့ မျက်ရည်အကြွင်းအကျန်ကို ကျွန်တော့် လက်ခုံဖြင့် တယုတယ သုတ်ပေးလိုက်မှ ခိုင် ယုံသွား၏။ ဝေရီကြေကွဲသော အကြည့်လေးဖြင့် ကျွန်တော့်နဖူးကိုငေးရင်း ဆက်ပြောပြန်သည်။

''အမေနဲ့တွေ့တော့ ဒေါ်ကြိုင်ဆိုတဲ့ ငယ်ငယ်က တည်းက ကွဲလာတဲ့ အဒေါ်အပျိုကြီးနဲ့ မေမေ ဆင်းဆင်း ရဲရဲ နေထိုင်နေရတာ သိလိုက်ရတယ် ... ကျွန်မ ကုမ္ပဏီကို မပြန်တော့ဘဲ အမေ့ကို ဆေးကုပေးပြီး အနားမှာ ပြုစုစောင့်ရှောက်ပေးနေခဲ့မိတယ်... အမေ့ ကျန်းမာရေးကောင်းတာနဲ့ ကျွန်မ မြို့တက်ပြီး အိမ်ငှား မယ်... အဆောင်နေတာကို ဖျက်လိုက်တော့မယ် ... တစ်ချိန်လုံး မမယဉ်ကို အားကိုးနေလို့ မသင့်တော့ဘူး

ဧေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



လေ… အဲဒါနဲ့ ကျွန်မ မျှော်လင့်စောင့်စားပြီး အမေ့ကို ကုစားနေတုန်း … ပန်းနာနဲ့မတည့်တဲ့ အာဟာရကို မေ့ပြီး ကျွေးမိလိုက်တယ်… ညကျတော့ အနှစ်နှစ် အလလက စိတ်ထောင်းကိုယ်ကြေအောင် နှိပ်စက်ထားတဲ့ ဆင်းရဲချို့တဲ့ခြင်းက အမေ့ကို တမလွန်ဘဝရောက်အောင် ပို့လိုက်ကြတယ် … အဲဒီညက ချောင်းတဟွပ်ဟွပ်ကြားက ကျွန်မကို ချမ်းသာအောင် ကြိုးစားလုပ်ကိုင်နေထိုင်ခဲ့ဖို့ အမေ မှာကြားပြီး ဆုံးပါးသွားခဲ့တာ လေ…”

မျက်ရည်ဝဲစို့လာပြန်၏။ ကျွန်တော်က ခိုင့်ပခုံးကို ခပ်တင်းတင်းညှစ်ဆုပ်အားပေးလိုက်သောအခါမှ အားရှိ စိတ်ပေါ့သွားဟန်ဖြင့် ခိုင် မျက်တောင်လှန်ပြီး မျက်ရည်သုတ်ကာ စကားဆက်ပြောလာသည်။

“အဲဒီနောက် အမေ့ကို ကောင်းမွန်တင့်တယ်စွာ



www.burmeseclassic.com

www.burmeseclassic.com



သင်္ဂြိုဟ်ပေးခဲ့ပြီး ဒေါ်ကြိုင့်ကိုခေါ်… ဒီအိမ်လေးကို စပေါ်နဲ့ငှားပြီး အတူနေထိုင်ဖြစ်ခဲ့တယ် … မောင့်ကို ဒေါ်ကြိုင်ပြောခဲ့တဲ့စကားတွေက ခိုင် သင်ပေးထားတာ ဒေါ်ကြိုင့်ကို ဘေးဘီ ပတ်ဝန်းကျင်က မေးမြန်းစပ်စု လာရင်… အဲဒီလိုဖြေလို့ ပြောထားတာလေ… တခြား မြို့နယ်တစ်ခုမှာ အိမ်ဆိုင်ဖွင့်ခဲ့ဖူးတယ်လို့ပြော… အဲဒီ မှာ ဆိုင်တွေများပြီး ရောင်းမကောင်းလို့ ဆိုင်ဖြုတ်လာ ခဲ့တယ်… ဒီမှာ တူမလုပ်စာကို နားအေးပါးအေး ထိုင် စားတယ်… အဲဒီလိုကြိုမှာပြီး လေ့ကျင့်ပေးထားလို့ ဒေါ်ကြိုင်က အဲသလို ပြောခဲ့တာပါ…”

ကျွန်တော် ဓာတ်ရည်လည်သွားဟန်ဖြင့် ခေါင်းဆတ် ပြဖြစ်သောအခါ…

“ကျွန်မမှာ စိတ်ညစ်စရာတွေ တကယ်ပေါ့တယ် နော်…”



www.burmeseclassic.com

www.burmeseclassic.com



"လူတိုင်းမှာ သူ့အပူနဲ့သူ ရှိတတ်ကြတာပါပဲ… ကိုယ်တစ်ဦးတည်းလို့ မထင်ပါနဲ့ခိုင်… ဒါနဲ့… အခု ခိုင် ဘာအလုပ်တွေ လုပ်နေတာလဲ…"

"အလုပ်တွေကတော့ စုံတယ်… အချိန်ပိုင်းအလုပ် တွေများတယ်… အလှပြင်သင်တန်းမှာ အချိန်ပိုင်း နည်းပြသဘောမျိုး ဝင်ပြပေးတယ်… ဖက်ရှင် ဒီဇိုင်း ပညာသင်တန်းနဲ့ ကိုယ်ကာယ လေ့ကျင့်ရေးသင်တန်း တွေမှာဆိုလည်း ဒီလိုပဲ… နောက်ပြီး ဒီလောကထဲ ရောက်မှ မိတ်ဆွေသစ်တွေ ပွားခဲ့ရတဲ့အထဲမှာ ကုမ္ပဏီ ဖွင့်တဲ့ လူတွေပါတယ်… သူတို့ရဲ့ ပြည်တွင်းပြည်ပ၊ ပို့ကုန် သွင်းကုန်လုပ်ငန်းပိုင်ဆိုင်ရာတွေမှာ စီးပွားရေး ဆိုင်ရာ အကြံပေးအလုပ်လည်း လုပ်နေရသေးတယ်"

"အလုပ်တွေက များတယ်နော်… ဒါကြောင့် သွား နေတာပဲ အတွေ့များတယ်…"

စေတနာ၁၀၁၄ပေ

www.burmeseclassic.com

www.burmeseclassic.com



"အလုပ်များတာလည်း တစ်ပိုင်း… အားလပ်ချိန် ကိုယ့်ဘာသာယူသင့်တဲ့အချိန်ယူပြီး လျှောက်လေ့လာ ဖြစ်နေတာလည်း တစ်ပိုင်းပေါ့… အချိန်တိုင်း အလုပ် ရယ်လို့ မဟုတ်ပါဘူး… အလုပ်တိုင်းအတွက် အချိန်ကို လိုအပ်သလို ခွဲဝေလုပ်ကိုင်နေတာမျိုးပါ…"

"လစာ အများကြီးရမှာပေါ့…"

"ရပါတယ်…"

"စုဆောင်းတတ်ရင် အရင်းအနှီးရမယ်… အရင်း အနှီးကို ကိုယ်တတ်ထားတဲ့ ပညာနဲ့ အကျိုးစီးပွားဖြစ် အောင်လုပ်ရတာ အဖြစ်မြန်တယ်… ပိုလွယ်တယ်…"

"ကျွန်မလည်း အဲသလို ထင်ခဲ့တာပဲ… ရသမျှငွေ ဆိုတာလည်း… ကိုယ့်ရဲ့ ဝတ်စားဆင်ယင်နေထိုင်မှု စရိတ်စက အသီးသီးမှာ အဆင့်မြင့်မြင့်တွေချည်း ဝယ် ယူလိုက်ရင် ပြန်ပေးချေလိုက်ရသလို ကုန်လုနီးပါး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားရတာပါပဲ… ပြီးတော့ … အချိုးချလို့မရတဲ့ အိမ်စရိတ်… ကိုယ်ရေးကိုယ်တာ အရေးတွေရဲ့ စရိတ်… သွားလာစရိတ်တွေနဲ့ လုံးလည်ချပ်ပြားလိုက်ပြီး… စုမိလိုက် ပြန်သုံးလိုက်နဲ့… ဘယ်လိုမှကို မစုဖြစ်နိုင်တော့ပါဘူး… ကိုယ်ဝင်ဆန့်နေရတဲ့ လူတွေနဲ့ ပေါင်းလို့သင်းလို့ မျက်နှာမငယ်အောင် ငွေကြေးကို အရန်သင့်ဆောင်ပြီး… ရှင်းသင့်ရင်ရှင်း… လက်ဆောင်ရင်းသင့်ရင်းနေရတာနဲ့ ချွေတာရေးလမ်းကြောင်းပေါ်ကို ဘယ်လိုမှ ဦးမတည့်နိုင်ဘူး ဖြစ်နေတယ်…”

“မိန်းကလေးတွေ တော်တော်များများက ငွေသုံးစေ့စပ်တယ်… စေးနည်းတယ်… ကိုယ့်ငွေကုန်သွားမှာ နှမြောတွန့်တိုကြတယ်… ခိုင်ကကြတော့ မိန်းကလေးဖြစ်ပြီး လက်ဖွာနေပါလား…”

“ကျပ်တန်တွေချည်ပဲစုလို့ တစ်သက်လုံး ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လာမှာလဲ… အချိုကြီးကြီး အရင်းချပြီးစုချင်တဲ့ ကျွန်မလို အဆင့်အတန်း လူမှုဝန်းကျင်ဝတ်ဆန့်မှု အခြေအနေအရ သုံးစွဲပြရတာကို လက်ဖွာတယ်ထင်ရင်လည်း ခံရမှာပဲပေါ့… ကျွန်မ စိတ်ကူးနဲ့လှမ်းတဲ့လမ်းနဲ့ တခြားမိန်းကလေးတွေ စိတ်ကူးပြီး လှမ်းတဲ့လမ်းက တူမှမတူကြတာပဲ…”

“ဘာတွေ မတူကြတာလဲ ခိုင်…”

“အင်း… အတွင်းနိုက်ပြီး အချိန်ယူရှင်းပြနေရဦးမယ်… ခေါင်းရှုပ်ပါတယ် မောင်ရယ်… မတူတာကို မတူဘူးလို့ဘဲ မှတ်လိုက်ပါတော့…”

“ခိုင့်ရဲ့ဆန္ဒတွေက ပြင်းပြလွန်းရုံတင်မကဘူး… ကြီးကျယ်ခမ်းနား ထည်ဝါချမ်းသာခြင်းကို မွတ်သိပ်ဆာလောင်နေတဲ့ သဘောမျိုး အလေးသာလွန်းနေတယ်…”



www.burmeseclassic.com

www.burmeseclassic.com



“မောင် ယုံမလား…”

“ဘာလဲ ခိုင်…”

“ကျွန်မကတော့ အများက မော့ကြည့်အားကျရတဲ့ ကောင်းကင်ဘုံလိုမျိုးနဲ့တဲ့ ချမ်းသာခြင်းကို သေသေ… ရှင်ရှင် လိုချင်ရောက်ချင်တယ်…”

ခိုင်က ကျွန်တော့်မျက်လုံးတွေကို စေ့စေ့ကြည့်ပြီး ပြောချလိုက်သည်တကား။ ကျွန်တော့်ကျောရိုးထဲ စိမ့်ဝင်တောင့်မတ်သွားမတတ် ကြားလိုက်ရ၏။

ဇေတနာ၁၈၁၈ပေ

www.burmeseclassic.com

www.burmeseclassic.com



အစွန်းရောက်နေတဲ့

ရမ္မက်မီးတောက်တွေထဲမှာ

အသိမှန်တွေ ကွဲပေါက်

တကယ်ကို ပျောက်ရှသွားခဲ့ပါသော ဒိုင့်။



ေ စ တ ဋ ၁ စ ၁ ေ ပ

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်တော့ မင်းရဲ့ခိုင်မှာ စိတ်ရောဂါတစ်မျိုး ဝင်နေပြီထင်တယ်… ယဉ်ယဉ်လေးနဲ့ အာရုံနှောက်နေတဲ့ ရောဂါတစ်မျိုး ဖြစ်လိမ့်မယ်…"

အောင်ရင်ငြိမ်းက ကားကိုထိန်းမောင်းရင်း ပြန်ပြောလာ၏။ ခိုင်နှင့်ပတ်သက်၍ သူဆွေးနွေးတိုင်ပင်သမျှ အောင်ရင်ငြိမ်းက အကောင်းဆုံးတွေးဆချက်တွေ ပြန်ဆွေးနွေးပေးနိုင်သူ ဖြစ်သည်။

"အစွန်းရောက်သွားတဲ့ သဘောပါကွာ…. သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ငါပြန်ထိန်းခေါ်မှ ရလိမ့်မယ်လို့ ငါထင်နေတယ်…”

“မင်းက အပျော်သဘောကနေ အဖော်သဘော ဖြစ်သွားပြီပေါ့ မင်းထွင့်…”

“ငါ ပြန်ရုန်းမရတော့ဘူး…”

“ဆွဲအားပြင်းတယ်…”

“ဟုတ်တယ်…ပြီးတော့ ငါ…ခိုင့်ကို သနားတယ်… အဲဒီသနားစိတ်နဲ့ ချစ်မိသွားတဲ့ သနားချစ်လောက် ဘယ်ချစ်ကမှ မလေးနက်နိုင်ဘူး… သနားချစ်ဆိုတာ ဘယ်လိုမှ ပြန်ရုန်းမထွက်နိုင်အောင် စုံစုံမြုပ်သွားတဲ့ အချစ်မျိုးပဲ…”

“လက်တွေ့ခံစားမှ အချစ်ကိုခွဲခြားတတ်လာတယ် ပေါ့…”

“ဆိုပါတော့ကွာ…”

“အခု… မင်းကိုငါ ခိုင်တို့အိမ်ရှေ့မှာပဲ ချထားပေး



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရမှာလား…”

“အေး…”

“ကားပစ္စည်းတစ်ခုသွားဝယ်မှာဆိုတော့ နာရီဝက်လောက်နေရင် ငါ ပြန်ဝင်ခေါ်လို့ရတယ်… မင်း ပြန်လိုက်မလား…”

“ဒီနေ့… ခိုင် အလုပ်သွားစရာရှိတာနဲ့ ကြုံချင်ကြုံနိုင်တယ်… ဝင်သာခေါ်ကွာ… လိုက်ဖြစ်ရင်လည်း လိုက်မယ်… မလိုက်ဖြစ်ရင်လည်း မလိုက်ဘူး…”

“မင်းဘဝမှာ အဲဒီလို မသေချာမရေရာတာတွေ သိပ်များတယ် မင်းထွဋ်…”

အောင်ရင်ငြိမ်းရဲ့စကားကို ခွန်းတုံ့ပြန်ဖို့ထက် ခိုင်နှင့်တွေ့လျှင် ရှေ့ရေးကို စတင်ဆွေးနွေးဖို့သာ ကျွန်တော့်စိတ်တွေ စောကြောထက်သန်နေမိ၏။

ခိုင်တို့အိမ်ရှေ့မှာ ကျွန်တော် ဆင်းနေဖြစ်ခဲ့သည်။ ခိုင်



www.burmeseclassic.com

www.burmeseclassic.com



တို့အိမ်ရှေ့မှာ သိန်းထောင်ကျော်တန်သော လင်းခရူဇာတစ်စီး ရပ်ထားတာ တွေ့ရ၏။ ကျွန်တော် ခိုင်တို့အိမ်ပေါ်ရောက်သွားသောအခါ မြင်လိုက်ရသော မြင်ကွင်းက ကျွန်တော့်ရင်ကို ထွင်းဖောက်သွား၏။

ဆတ်ဆတ်နာသောရင်ဖြင့် မြင်ကွင်းကို သေချာအောင် ကြည့်လိုက်မိပြန်သည်။

ခိုင်နှင့် လူရွယ်တစ်ယောက်...

ဆက်တီခုံပေါ်မှာ ဖက်လှဲတကင်းအကြည်ဆိုက်နေပုံ။ ကျွန်တော် ကြောင်ပြီး ရပ်ကြည့်နေတာကို တသောသောရယ်မောနေသော ခိုင်က စတင်တွေ့ရှိသွား၏။

ရယ်ခြင်းရပ်...

အံ့ဩမှုနှင့် ပွင့်လပ်သွားသော နှုတ်ခမ်း...

မာယာအသွယ်သွယ်တန်းသော မျက်ဝန်းပန်းတွေ တဖျတ်ဖျတ်ပွင့်ကြွေ။



www.burmeseclassic.com

www.burmeseclassic.com



လူရွယ်လူစိမ်းကလည်း ကျွန်တော့်ဘက်လှည့်ကြည့်ရင်း စူးစမ်းတွေဝိုင်သွား၏။

"ကိုမင်းထွဋ်... လာလေ..."

အခေါ်အပြောလည်း ပြောင်းလဲသွား၏။ ကျွန်တော် သက်မဲ့အရုပ်လို ဆက်တီခုံမှာ ဝင်ထိုင်ဖြစ်စဉ်...

"မိတ်ဆက်ပေးရဦးမယ်... ဒါက ကိုမင်းထွဋ်တဲ့... ကိုမင်းထွဋ်... ဒါ ခိုင်အလုပ်ဝင်ပြီး အကြံပေးနေတဲ့ ကုမ္ပဏီရဲ့ ပိုင်ရှင် ကိုထွန်းကျော်ခေါင်တဲ့..."

ကိုထွန်းကျော်ခေါင်က လူမှုရေးကျွမ်းကျင်ပုံရ၏။ အရှေ့ ဟန်ဆန်ဆန် ခေါင်းညိတ်အသိအမှတ်ပြုပြသော ကျွန်တော့်ကို အနောက်ဆန်ဆန် လက်ဆွဲနှုတ်ဆက်ဖို့ လက်ကမ်းပေးလာ၏။

ကျွန်တော် လူမှုရေးနားလည်စွာ နှုတ်ဆက်လိုက်၏။

နှစ်ဦးစလုံးရဲ့ အကြည့်တွေက အေးစက်သိမ်မွေ့နေ၏။ ပြုံးရုံလေးလုပ်ယူထားကြသော်လည်း ရင်ထဲက ခံစားမှုက ထို



www.burmeseclassic.com

www.burmeseclassic.com



အပြုံးနှင့် ပြောင်းပြန်အချိုးကျချင် ကျနေပါလိမ့်မည်။

အထူးသဖြင့် ကိုယ်၌သိခွင့်ရှိသော ကျွန်တော့ရင်မှာ ပူလောင်နေမိ၏။ သာမန်မိတ်ဆွေမဖြစ်နိုင်။ ခိုင့်ရဲ့သာမန်အသိ မိတ်ဆွေအဆင့်ထက် များစွာပိုနိုင်သော လူတစိမ်းကို လေ့လာ အကဲခတ်နေမိရာမှ ဟန်မဆောင်တတ်သော ကျွန်တော့် ဉာဉ် အတိုင်း။

"ခိုင်..."

"ပြောလေ..."

"ရိုင်းတယ်လို့ ထင်ရင်လည်း ထင်ပါ... ကိုယ်က အမှန်အတိုင်းပဲ ခပ်မြန်မြန်သိချင်လို့ မေးပါရစေ..."

"ဘာများလဲ..."

"ကိုထွန်းကျော်ခေါင်နဲ့ ခိုင်က..."

ခိုင် မျက်နှာပျက်သွား၏။ မျက်နှာလက်ပသွားသူက ကိုထွန်းကျော်ခေါင်။ သူလည်း ကျွန်တော့်လို ရှင်းရှင်းလင်းလင်း



www.burmeseclassic.com

www.burmeseclassic.com



သိချင်ရှာနေပါလိမ့်မည်။ ခိုင်ကပြောဖို့ ဆွံ့အသလိုဖြစ်နေတာကို ကိုထွန်းကျော်ခေါင်က အားရပဟန်မတူ။

"ကျွန်တော်နဲ့ခိုင်က မကြာခင် လက်ထပ်ကြတော့ မဲ့ ချစ်သူတွေပါ ကိုမင်းထွဋ်…"

နားနှင့်ရင်နှင့် နှလုံးသားနှင့် အသက်ဓာတ်နှင့် ကန့်လန့် ဖြတ်သံကြီးလို ပဲ့တင်ထပ်ျနေသော စကား။

အသိစိတ်တွေ ဖျတ်ဖျတ်လူးခါသွားမတတ်ကြားလိုက်ရ ၏။ ခိုင်က ကျွန်တော့်ကို ရီဝေစွာကြည့်နေ၏။ ကိုထွန်းကျော်ခေါင် က အောင်နိုင်သူကြီးမျက်နှာဖြင့်။ ကျွန်တော် ဘယ်သို့ရှိမည် ဆိုတာကို ပြန်၍ပင်မဖော်ညွှန်းတတ်ချင်တော့။

မျှော်လင့်ချက်တွေပေါက်ကွဲပြီး အပိုင်းပိုင်းပျက်ကျိုးလွင့် စဉ်ကုန်၏။

"သူပြောတာ တကယ်လား ခိုင်…"

ကျွန်တော့်ကို ရီဝေစွာကြည့်နေရာမှ ခိုင် ခေါင်းညိတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



၏။ ကျွန်တော် လူးပြာသွား၏။

"ဒါ…ဒါဆို… မင်း ဘာလို့ကိုယ့်ကို…"

ခိုင် တုန်ဆတ်စွာပြန်ကြည့်၏။ ကိုထွန်းကျော်ခေါင်က အံ့အံ့သြသြဖြင့် ပြုံးကြည့်နေမိ၏။

"မင်း…လှျာနှစ်ခွဲနဲ့ ငါ့ဘဝကို ငရဲပြည်ပစ်ချလိုက်တာလား ခိုင်…"

ခိုင် ဘာမျှမပြော။ ကိုထွန်းကျော်ခေါင်က လှမ်းဖက်လိုက်တာကိုလည်း မငြင်းဆန်။ ကျွန်တော် အာရုံထဲမှာ မိုးနဲ့မြေပြောင်းပြန်လှန်သွားပြီ ထင်လိုက်ရ၏။

"မင်း ရက်စက်တယ် ခိုင်…"

ခိုင် နှုတ်ခမ်းတွေ လှုပ်ရှသွား၏။ ခိုင် ပထမဦးဆုံးပြန်ပြောလိုက်သောစကား။

"ကျွန်မ ဝမ်းနည်းပါတယ်…" တဲ့။

ငြင်းချက်ပါးပါးလေးတောင် အားနာပါးနာ မထုတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ပါလား ခိုင်။

"အစကတည်းက ချစ်သူရှိရက်နဲ့ ငါ့ဘဝကို မင်း အရှင်သတ်ရက်ရဲလိုက်တာ ခိုင်ရယ်…"

ခိုင် ဘာမှမပြော။ ကိုထွန်းကျော်ခေါင်က…

"ခိုင်လေ… သူနဲ့ခိုင်လေးက ဘယ်လိုတွေ ဘယ် လောက်အထိ ပတ်သက်နေခဲ့ဖူးလို့လဲ…"

"အသိမိတ်ဆွေတွေပါ… သူ့ဘက်က တစ်ဖက် သတ် ရင်ခုန်မှုတော့ရှိခဲ့ဖူးမှာပေါ့…"

ပြောရက်လိုက်တာ။ ပြောထွက်လိုက်တာ။ ချစ်တယ်၊ ချစ်တယ်၊ ချစ်တယ် ဆိုတဲ့စကားကို ဘယ်နှုတ်ခမ်းဖျားက ပြောခဲ့ ဖူးပါသလဲ။ အလကား မာယာနှုတ်ခမ်း၊ ကြာမျက်ဝန်း၀၊ မျက်နှာ များတဲ့ မျက်နှာ။ မုသားကိုမှ အလင်္ကာလို ရွတ်ဆိုပြရဲတဲ့ မိန်းမ။

တန်ဖိုးမရှိတဲ့ မိန်းမ။

မတည်မကြည်။ လော်လီဖောက်ပြားမှုကို နှုတ်ယဉ်ယဉ်



www.burmeseclassic.com

www.burmeseclassic.com



လေး ကျူးလွန်ရဲသည့် မိန်းမ။

ဒင်းနှုတ်က ဆက်ပြီးတေ့ဖြုတ်နေသမျှကို ပြန်ပြီး ရှင်းတမ်းဖွဲ့နေလျှင် ကိုယ်သာဆက်၍ သိက္ခာကျရပေတော့မည်။ ထိုင်နေရာမှ ဝုန်းခနဲ ထရပ်ရင်း…

"မင်း ဘာလဲဆိုတာ စောစောသိရလို့ ကျေးဇူးတင်တယ် ခိုင်ခိုင်လှိုင်… မင်းလို မိန်းမတစ်ယောက်အတွက် ငါ့မှာ တစ်စက်မှ ဝမ်းနည်းပက်လက် မဖြစ်စေရဘူး… မင်းလို မိန်းမနဲ့ပတ်သက်ခဲ့ဖူးသမျှကို ငါ ဖြတ်ချလိုက်ပြီ… ဒီကမ္ဘာပေါ်မှာ ငါ အမုန်းဆုံးမိန်းမဟာ မင်းပဲ… မုန်းတယ်… အသေမုန်းတယ်…"

ကျွန်တော် ဆက်လက်ပေါက်ကွဲနေလျှင် မဖြစ်သင့်တာတွေ ဖြစ်ကုန်လိမ့်မယ်။ အိမ်ထဲမှ ကသောကမျောထွက်လာမိခဲ့၏။

"ဒီကောင် မိုက်ရိုင်းလိုက်တာ…"

စေတနာ၁စ၁ပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းကျော်ခေါင်ရဲ့ မကြားတကြားမှတ်ချက်စကားကို ခွန်းတုံ့ပြန်မနေချင်တော့။ ခိုင့်ထံမှ တားဆီးသံမဲ့သော ကြားခံဒြပ်မဲ့ဇုံတစ်ခုအပေါ် ဆက်လက်နားစွင့်မတောင့်တချင်တော့။

အချိန်ကိုက်လိုလိုပင် ဆိုက်ရောက်လာသော အောင်ရင်ငြိမ်းရဲ့ကားပေါ် ဗွေ့ခနဲ တက်လိုက်၏။

“ဘာဖြစ်တာလဲ မင်းထွဋ်… ဒီနားက ဆိုင်မှာ ပစ္စည်းရလို့ ငါ စောစောက စောင့်မလို့ရောက်လာတာ”

“နောက်မှပြောမယ်… မြန်မြန်မောင်းကွာ…”

ကျွန်တော့်ပုံစံကိုကြည့်ပြီး အောင်ရင်ငြိမ်း ခေါင်းခါ၏။ ခိုင်ခိုင်လှိုင်တို့ အိမ်ကလေးကို လှမ်းကြည့်ပြီး…

“ထင်တော့ ထင်သား… မင်းသမီးမျက်နှာဖုံး ခွာချလိုက်တာတော့ ထင်တာထက်တောင် ပိုစောနေပါသေးလား…”

ကားမောင်းထွက်လာခဲ့သည်။ လမ်းမတန်းပေါ်ရောက်



www.burmeseclassic.com

www.burmeseclassic.com



သည်အထိ ငိုင်နေမိသော ကျွန်တော့်ကို...

"အဲဒီအိမ်ထဲမှာ ထွန်းကျော်ခေါင်ဆိုတဲ့ လူရှိတယ် မဟုတ်လား..."

"မင်း ဘယ်လိုလုပ်သိတာလဲ အောင်ရင်ငြိမ်း..."

"မခိုင်တို့ အိမ်ရှေ့မှာရပ်ထားတာ ထွန်းကျော်ခေါင်ရဲ့ကားပဲ... သူ့ကားနံပါတ်ကို ငါ မှတ်မိနေတယ်.."

"မင်းနဲ့ ထွန်းကျော်ခေါင်နဲ့ သိလို့လား..."

"သိတာပေါ့ကွာ... တော်တော်ချမ်းသာတဲ့ ငနဲ... ခဏခဏ အပျော်သဘောမျိုး ပါတီပေးတယ်... ငါနဲ့ မင်းစောတို့ ထွန်းကျော်ခေါင်ရဲ့ ပါတီပွဲမှာ တက်ကဲဖူးတယ်... တို့လမ်းထိပ်က ကုမ္ပဏီပါတနာဆိုလား ဘာဆိုလားကွာ ကိုမြတ်လင်းကြီးကို သိတယ် မဟုတ်လား... ကိုမြတ်လင်းကြီးကနေတစ်ဆင့် ဒီငနဲနဲ့သိပြီး သူ့ အပျော်ဆွဲတဲ့ ပါတီပွဲကိုတက်ဖို့ ဖိတ်ကြားခံရတာပေါ့..."



www.burmeseclassic.com

www.burmeseclassic.com



“ဒီလူ ဘယ်လိုဖြစ်ပြီး ခိုင်နဲ့ သိသွားရတာလဲ…”

“အကြောင်းရှိတယ်လေ… အကြောင်းရှိတယ်… မခိုင်ကိုယ်တိုင်က အဲဒီလိုငနဲတွေကို လိုက် ‘ချက်’ လုပ်ပြီး အမိဖမ်းနေတာကို… တစ်နေ့မတွေ့ တစ်နေ့တွေ့ပြီ ပေါ့ကွာ…”

“ခိုင်က ‘ချက်’ လုပ်တယ်…”

“ဟုတ်တယ်… အလှဖန်တီးရှင် မမဖက်တီးကြီး ရဲ့ တပည့်တစ်ဦးနဲ့ မင်းစောနဲ့ ငြိသလိုလိုဖြစ်နေတယ်… အဲဒီကနေ သတင်းနှိုက်မိတာပဲ… မခိုင်က ဘာလုပ် လုပ် မမဖက်တီးကြီးကို အမြဲတိုင်ပင်ပြောပြတယ်… မင်းနဲ့ စတွေ့တုန်းက စွန်လွှတ်တဲ့အချိန် မဟုတ်လား”

“ဟုတ်တယ်… အဲဒါကို ငါ ပြန်မှတ်မိတာကြာ တယ်”

“ခိုင်ကတော့ မင်းကို အစ ,အဆုံး မှတ်မိနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဗျာ...''

''ဟုတ်လို့လားကွာ...''

''သိပ်ဟုတ်တာပေါ့ကွာ... မင်းနဲ့စတွေ့ချိန်က မခိုင်က ဆံပင်ရှည်အတုကြီးစွပ်ပြီး ဆံပင်ရှည်ရှည် နှစ်သက်တတ်တဲ့ BOSS ဆိုတဲ့ ငနဲကြီးတစ်ကောင်ကို 'ချက်' လုပ်မလို့ စောင့်နေတာ... ဒီငနဲကြီး သွားတတ်လာတတ် နှစ်သက်တတ်တာတွေကို မခိုင်က ကြိုတင်စုံစမ်းပြီး အကွက်ကျကျဝင်နေတဲ့အချိန်ပေါ့ကွာ... အဲဒီအချိန်မှာ မင်းရဲ့စွန်က မခိုင် ခေါင်းပေါ်စိုက်ကျပြီး မခိုင်ရဲ့ ဆံပင်တုကြီးပြုတ်ကျသွားရော... အဲဒီမှာ မင်းကိုတင်းပြီး ဗျင်းမယ်ပြုမယ်တွေ ဖြစ်ကုန်ရောလေ...''

''အဲဒီလောက် အသေးစိတ်အထိ ဒင်းက ပြန်ပြောပြခဲ့တာပေါ့...''

''မမဖက်တီးကြီးကို... သူလေလည်တာကအစ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှစ်ခါရှိပြီဆိုတာ အသိပေးချင်ပေးမယ့် မခိုင်ကွ”

“နောက်တော့… မင်းနဲ့တွေ့ရင် ဆံပင်တိုလိုက် ရှည်လိုက်ဖြစ်နေတာက မခိုင်က ငွေလျှော်နဲ့ဇရာမကြီး တွေကို တစ်ယောက်တည်း မထားဘူး… လေးငါး ယောက် အရန်ထားပြီး လှုပ်ရှားနေတာဗျာ… ဆံတိုနဲ့ ခေတ်မီတာ သဘောကျတဲ့ BOSSနဲ့တွေ့ဖို့ ဒါမှမဟုတ် မဖြစ်သေးခင်ကာလမှာ မြူဆွယ်ဖို့ သူ့ကိုယ်သူ ရုပ်ပြောင်း ရုပ်လွှဲတွေလုပ်ပြီး ဆင်ကွက်တွေအတိုင်း ဝင်ထွက်နေ တာကွ…”

“တောက်… ဒီမိန်းမ တော်တော် ကြောက်ဖို့ လန့် ဖို့ ကောင်းတယ်… ငါကိုက ညံ့ပါတယ်… ဒီအကြော တွေမသိခဲ့ရဘူး… မင်းက ဘာလို့ ငါ့ကို ကြိုမပြောပြ တာလဲ…”

“ဟ… မင်းက တစ်ခိုင်တည်းခိုင်နေတော့ မွှန်နေပြီ

စေတနာ၁စ၁ပေ

www.burmeseclassic.com

www.burmeseclassic.com



လေကွာ… ငါပြောလည်း မင်း ငါ့ကို ရန်သူထင်ဦးမှာ ပဲ… အခုလို မခိုင်ရဲ့ မျက်နှာဖုံးကွာသွားတော့မှ ပြော ပြလိုက်တော့ မင်း လက်ခံသွားရောမဟုတ်လား…”

ဘဝမကျသော်လည်း မတင်မကျဖြစ်မနေချင်တော့။ ကျွန်တော် ဆက်၍သိလိုရာတွေကိုသာ အငမ်းမရ မေးမြန်းလိုက်မိသည်။ အောင်ရင်ငြိမ်းက စိတ်ရှည်လက်ရှည် ရှင်းပြ၏။

“နောက်ဆုံးမှာကွာ… မင်းကို မခိုင် ရင်ထဲက လက်ခံလာလိုပုံရတယ်… အဲဒါကြောင့် သူတိုင်ပင်နေ တဲ့ မမဖက်တီးကြီးဆီ မင်းကို ပို့ပေးလိုက်တာပေါ့… မင်းက မမဖက်တီးကြီးကိုမြင်တာနဲ့ လန့်ပြီး လုံးဝ ရှောင်သွားတယ်… ငါတို့က ဆက်ဝင်ပြီး စုံစမ်းတော့ မမဖက်တီးကြီးက ဗျူးအတွက် လက်ခံတွေ့ဆုံပေးခဲ့ တယ်… မခိုင်နဲ့ ဗျူးဖို့တွေ့မယ့်နေ့မှာ မခိုင်ရောက်လာ ပြီး… ငါတို့မေးတာတွေ ပြီးလွယ်စီးလွယ် ဖြေသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်… ငါတို့ကို ဆက်ပြီး ဧည့်ခံနေတာက မမဖက်တီး ကြီးနဲ့ သူ့ရဲ့တပည့်မလေး မာမာဝေပဲ… မာမာဝေနဲ့ မင်းစောက အဲဒီမှာ စ,ငြိတယ်… မာမာဝေက မမဖက် တီးကြီးရဲ့ လူယုံ… ခိုင်ခိုင်လှိုင်အကြောင်း… ခိုင်ခိုင်လှိုင် ပြောဖြစ်ခဲ့သမျှတွေကို အသေးစိတ်မှတ်မိပြီး အနုစိတ် ပြန်ပြောနိုင်တဲ့အထိ အရေးပါပြီး မှတ်ဉာဏ်ကောင်းတဲ့သူ ပေါ့…”

“ငါ မှန်နေတယ်ပဲထား… အရိပ်အမြွက်လောက် ပြောပြခဲ့ရင်… ငါဒီလောက် ကြေကွဲမိမှာ မဟုတ်ဘူး”

“အနာနုနုကို ဆေးချက်ပြင်းပြင်းနဲ့ ကုရင် တန်ဆေး လွန်ဘေးတွေ ဖြစ်ကုန်မှာပေါ့ မင်းထွဋ်ရာ…”

“မင်းတို့ကောင်တွေလည်း ငါကျဆုံးမယ့်အခန်းကို စောင့်ကြည့်ပြီး ဟားချင်လို့ သိသိကြီးနဲ့ နှုတ်ပိတ်နေ ခဲ့တာပါ… မင်းတို့လည်း မကောင်းဘူး… အဲဒီမိန်းမ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အတူတူပဲ… ဟန်ဆောင်တယ်… လိမ်ညာတယ်… တေ့ဖြုတ်တယ်… အလကားကောင်တွေ…”

“ငါတို့ဘက် လှည့်ပတ်ဖောက်ခွဲနေပြန်ပြီ… ငါတို့ကို တစ်မျိုးမထင်ပါနဲ့ မင်းထွင့်ရှာ… ပတ်လည်ကွဲတာမျိုး မလုပ်ချင်စမ်းပါနဲ့… အထိနာမှ အမုန်းနာမှာ… အမုန်းနာမှ မင်း မြန်မြန်မေ့နိုင်မှာပေါ့…”

“မြန်မြန်မေ့နိုင်မယ် ဟုတ်လား…”

“အေးလေ… မဟုတ်လို့လား…”

အောင်ရင်ငြိမ်းက မီးပွိုင့်မှာထိုးရပ်ရင်း ပြန်ကြည့်ပေးလိုက်ခြင်းပင်။ ကျွန်တော် ပင့်သက်မောကြီးရှိုက်ပြီး လှိုက်လှိုက်လှဲလှဲခေါင်းခါပြလိုက်၏။

(မေ့ဖို့ချစ်ခဲ့မိတာမှ မဟုတ်တာ…

ချစ်ဖို့မေ့ခဲ့မိတာတွေ ငါ့ဘဝမှာ များသွားခဲ့ရတာ အောင်ရင်ငြိမ်းရ)…ဟု ကျွန်တော် စိတ်ရှိလက်ရှိ အော်ပြောပစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ချင်ပါသည်။

ခံစားချက်မှန်သမျှ ပြချလို့ရလျှင် ကောင်းမည်။ မုသား ဆိုသော နှုတ်ခမ်းကိုမှ အသည်းအသန်လွမ်းချင်သည့်စိတ်တွေ··· စိတ်တွေ···စိတ်တွေ··· အတွင်းကြိတ်ပြီး ချေဖျက်ရတာ ရင်နာ သည်။

မင်းဟာ ကောင်းကင်ကြီးကို လိုက်ဖမ်းရင်းနဲ့ ကောင်း ကင်ဘကြီးဖြစ်ချင်နေခဲ့တဲ့ မိန်းမပါလား ခိုင်။

ကိုယ်ကလည်း အဲဒီကောင်းကင်ကြီးကို စက္ကူစွန်အထင် နဲ့ လွှတ်တင်ဆော့ကစားချင်ခဲ့မိသူများလား။

ကိုယ်တောင့်တမျှော်လင့်ခဲ့သမျှတွေ နေဝင်သွားကြပြီ။ ခုတော့ ကုယ့်ဘဝဟာ ဘာဆို ဘာမှမမြင်နိုင်တဲ့ မိုးမှောင်ညလို ဖြစ်ရပါပေါ့။

သွားစမ်း··· တော်ပြီ··· ဒီမိန်းမနဲ့ပတ်သက်သမျှ တွေးရ မှာတောင် သနတယ်··· မတွေးနဲ့··· သူနဲ့ကိုယ် ဘာမှမပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး… တခြားအကြောင်းတွေ စဉ်းစား… အလုပ်သွားလုပ်ဖို့ ပြင်ဆင်ထားတာတွေ ထပ်ပြီး မွမ်းမံဖို့ တစ်ဆင့်စီပြန်စဉ်းစား… အလုပ်သွား လုပ်ရတော့မည့်အရေးကို ခိုင်နှင့်ဆွေးနွေးဖြစ်တာ ပြန်အမှတ်ရ၏။

"တောက်…"

အတွေးထဲမှာ ဘယ်လိုဖျောက်ဖျောက် ဒီမိန်းမက ပျောက်ကို မပျောက်ဘူး…

ဒီကောင်… အချစ်ဆိပ်သင့်ပြီး ရူးပြီထင်တယ် မခိုင်ခိုင်လှိုင်…။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်း၏ စည်းဝိုင်း...

လူမှုဆက်ဆံပေါင်းသင်းရေး စည်းဝိုင်းမှ ကျွန်တော် အပြင်ရောက်သွား၏ တစ်ယောက်တည်း တေလေ။

လွင့်ချင်ရာလွင့်နေခဲ့မိလေသည်။ သူငယ်ချင်းတွေထံ လည်း စိတ်အစာမကြေ၍ မသွားဖြစ်။ ကျွန်တော့်ရဲ့ ကျရှုံးခန်းကို သူတို့အရသာခံကြည့်နေမှာ မလိုလားနိုင်။

အိမ်လည်း မကပ်ဖြစ်။ ညစ်ညစ်နှင့် အလုပ်ကိစ္စဗန်းပြ ပြီး လစ်ချင်ရာလစ်နေခဲ့မိသည်။ ပြည်ပမှ အလုပ်ခေါ်စာမရောက်



www.burmeseclassic.com

www.burmeseclassic.com



သေး၍ စောင့်နေရသော ကာလတွေကို မုန်းတီးချင်လာ၏။

မုန်းသည်ဆိုမှ ဒင်းကို သတိရမိပြန်သည်။

ထွန်းကျော်ခေါင်ရဲ့ ရင်ခွင်ထဲမှာ (ကျွန်တော့်အပေါ် တီတာပလီပလာလုပ်ခဲ့သလို) ချွဲ့နွဲ့နေလိမ့်မည် ထင်ပါသည်။

ပျော်ပါစေလေ။ ချစ်ခြင်းထက် ဘုံမြင့်စံဘဝကို ပိုအလေးထားတန်ဖိုးထားသည့် မိန်းမ။

အခုချက်ချင်း ဒင်းအကြောင်းတွေးမိနေတာတွေကိုရပ်။

ငါဘာလုပ်ရမှာလဲ... ဒီလိုပဲ မျောနေတော့မှာလား။ အဓိပ္ပာယ်အသစ် မရှာတော့ဘူးလား။ ငါ့လုပ်ရပ်ရဲ့ အကျိုးသက်ရောက်မှုအပေါ်မှာ ငါဟာ တဖြည်းဖြည်း လုံးပါးပါးလာရတော့မယ်။ ရင်ထဲမှာ ဘာတွေဖြစ်နေဖြစ်နေ...

(မေ့ထား...)

စိတ်ကူးထဲမှာ ဘယ်လိုတွေဖြစ်ဖြစ်

(မေ့ထား...)



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက ပြောခဲ့ဖူးတဲ့ စကားတွေရယ်လေ...

"မောင်က...ကျွန်မကို ဘယ်လောက်အတိုင်းအတာအထိ တင့်တင့်တယ်တယ်ထားနိုင်မှာမို့လဲ... မောင်... ပြည်ပထွက်ပြီး အလုပ်လုပ်ရင်တော့... အလွန်ဆုံး ရှာလို့ရတဲ့ ငွေဟာ သိန်းတစ်ထောင်ပဲ ထားပါ... အဲဒီငွေဟာ တကယ့်လူချမ်းသာကြီးတွေ စီးတဲ့ ကားတစ်စီးဖိုးစာတောင် မပြည့်ဘူး..."

"မင်းကို အစကဒီလောက်ကြီးကျယ်တဲ့ မိန်းမဖြစ်မှန်းငါမသိခဲ့ဘူး... သိခဲ့ရင်လည်း ဒီအဆင့်ထိရောက်လာမှာမဟုတ်ဘူး... သနားစိတ်နဲ့ ချစ်မိပြီးလိုက်တဲ့ အချိန်ကြမှ... မင်းရဲ့ မဟာရည်မှန်းချက်ကြီးကို သိလိုက်ရတာ... ခုတော့ ငါ့မှာမထွေးနိုင် မအန်နိုင်ကြီး ဖြစ်သွားရပြီ... ဒီမှာ ခိုင် မင်းအစကတည်းက ငါ့ကို ငြင်းပယ်နိုင်ရက်သားနဲ့များကွာ... မင်းပြောတဲ့ သိန်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ထောင်ကို ငါစိတ်မဝင်စားဘူး… မင်းက ငွေကြေးနဲ့ တိုင်းတာနေတယ်… အဲဒါ စော်ကားရာရောက်တယ်ကွ… ငါကဖြူစင်တဲ့နည်းနဲ့ ငွေရှာတာ… ထိုက်တန်သလောက်ပဲရမှာပေါ့… ငွေကိုငွေနဲ့ ထပ်ရင်းနိုင်လို့ မင်းပြောတဲ့ ကိန်းဂဏန်းအခြေအနေထိ ရောက်ချင်လည်း ရောက်သွားနိုင်တာပေါ့…”

“သူများတွေက ပန်းတိုင်ရောက်ပြီးမှ မောင်က တရေးနိုးနေတယ်… သူတို့လည်း ဥပဒေဘောင်အတွင်းက ငွေရှာကြတာပါပဲ… ခေါင်းကောင်းတော့ ငွေရပေါက်လမ်းကောင်းတယ်… ဒီလိုအချိန်ပိုင်းမှာ ဟိုက်ဘော့(စ်)ကြီးတွေဖြစ်တယ်… ဒါကို မောင် အားကျသင့်တယ်… မောင် ကြိုးစားသင့်တယ်… မောင် နည်းလမ်းရှာကြံပြီး တက်လမ်းကို မြန်မြန်ရှာဖွေသင့်တယ်… ခုတော့… မောင်က နောက်လာမယ့် အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုစောင့်နေတယ်··· ဟူး··· မလွယ်ပါဘူး···မောင် ကြိုးစားချင်စိတ်ပေါက်အောင် ခိုင်ပြောပြနေတာတွေဟာ စော်ကားရာကောက်သလား မောင်··· မောင်နဲ့ ခိုင့်ရှေ့ရေးလေ··· ဆင်းရဲတဲ့လူ ချမ်းသာချင်တာ အပြစ်လား··· ဒါမှမဟုတ် ရူးနှမ်းသလိုဆန်းပြားနေသလား··· မောင် လိုက်ကြည့်စမ်းပါဦး··· လူတွေ၊ ဘဝတွေ၊ အပူတွေ၊ သောကတွေနဲ့ ဥစ္စာစီးပွားကို နေ့တရူပ ရှာဖွေနေလိုက်ကြရတာ··· ငွေမရှိတဲ့ လူက လုပ်အား··· လုပ်အားမရှိတော့တဲ့လူက တောင်းစား··· တောင်းစားလို့ မရတော့တဲ့လူက ဘာများ ဖြစ်သွားမလဲ··· မွေးလာကတည်းက ဘယ်သူမှ မဆင်းရဲချင်ကြဘူး··· ချမ်းသာပြည့်စုံချင်တဲ့စိတ်က လူတိုင်းမှာ ကိန်းအောင်းနေကြတယ်··· ကျွန်မက မကိန်းအောင်းနိုင်လို့ ပွင့်လင်းတယ်··· ဒါကို မောင် မကြိုက်ဘူး··· သရော်တယ်··· ခနဲ့တယ်···



www.burmeseclassic.com

www.burmeseclassic.com



အလေးအနက်မထားဘဲ ပေါ့ပျက်ပျက်နဲ့ ဆက်နေသွားဖို့ပဲ… မောင် ရည်ရွယ်ထားတယ်… ခိုင်နဲ့ မောင်က တကယ်တမ်းတွေးကြည့်နေကြရင် အယူအဆ မတူကြဘူး… ခံယူချက်၊ ယုံကြည်ချက် မျှော်လင့်ချက် အားလုံး မှုကွဲနေတယ်… ခိုင် မောင့်ကို ရွေးချယ်ခဲ့တာ နှလုံးသားရဲ့ဆန္ဒ… အဲဒီ ဆန္ဒကို မလွန်ဆန်နိုင်လို့ပဲ… ခိုင့် ဘဝအတွက် ခိုင် ဦးနှောက်ဆီက ဆုံးဖြတ်ချက်ကို တစ်နေ့မှာ ခိုင် အလေးပေးစဉ်းစားသင့်ရင် စဉ်းစားရမယ်…”

ရှုပ်လိုက်တာ ခိုင်… ရှင်းရှင်းပြောစမ်းပါ… မင်းကိုယ့်ကို အားမရဘူး… ကိုယ်နဲ့ ဘဝချင်းပေါင်းပြီး လက်တွဲရရင် ဆင်းရဲချို့တဲ့သွားမယ် ထင်နေသလား…”

“မထင်ပါဘူး… စားနိုင်နေနိုင် ဝတ်နိုင်တဲ့ သာမန်အဆင့်… အဲဒီထက်ပိုတဲ့ ချမ်းသာမှုလေးအဆင့် အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်အထိပဲ ရောင်ချင်လိမ့်မယ်··· အဲဒါ ခိုင် ရောက်ချင်လို့ ဖောက်ခဲ့တဲ့ လမ်းဆုံးပန်းတိုင် မဟုတ်ဘူးမောင်···"

"ဒီအကြောင်းတွေ ပြောဖြစ်တိုင်း မင်းနဲ့ကိုယ် စကားများရတာချည်းပဲ··· တော်ပြီ··· တခြားအကြောင်းပြောကွာ···"

"မောင်က ချစ်နေရရင် ကျေနပ်နေတဲ့လူ··· ကျွန်မ သိသွားပါပြီလေ··· ဒီထက်ပိုပြီး မောင့်ဆီက ကျွန်မ ယူစရာ ဘာမှမရှိတော့ဘူးဆိုတာ···"

ခိုင့် စကားဟောင်းတွေ ပြန်ပြောင်းတွေးမိမှ ခိုင် တစ်ယောက် ထိုစဉ်ကာလနုနုကတည်းက ဗွေဖောက်ပြီး ထွန်းကျော်ခေါင်လက်အောင် ရောက်သွားခဲ့ရတာပဲ ဖြစ်လိမ့်မည်။

သည်မျှအထိမထင်၍ ကျွန်တော်က ခိုင်နှင့် ပျော်ရွှင်စွာနေဖြစ်ခဲ့မိသည်။

စေတနာ၁စ၁၄ပေ

www.burmeseclassic.com

www.burmeseclassic.com



မထင်သည့် အချိန်ကြမှ မထင်သည့်လုပ်ရပ်နှင့် ခိုင်အစိမ်းဖြတ် ဖြတ်လိုက်ပုံလေးက ယဉ်လွန်းလှပါပေ၏။ ရှိပါစေတော့. . .။

ကျွန်တော့် အတွေးတွေကို ပြန်လည်စုဝေးပြီး လွှတ်ခနဲ တွေးမိလိုက်သောအဖြစ်ကို ဆင်ခြင်မိလိုက်၏။

တခြားအကြောင်းတွေ ဘယ်လောက်ပဲ လှည့်ပတ်တွေးတွေး နောက်ဆုံးတော့. . .

ခိုင့်အကြောင်းကိုသာ ပြန်လည်တွေးဖြစ်လာကာ အတော့်ကို ဆိုးဝါးလွန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်နဲ့ တစ်ယောက်

သံယောဇဉ်တွေ ဖြစ်ပြီးကြာမှ

ဖြုန်းခနဲ မုန်းရမေ့ရတဲ့အခါ

ဘယ်လိုနာကြည်းစရာ စစ်ကျူတွေနဲ့မှကျူလို့မရအောင်

ပတ်လည်တွေးတွေကြည့် လည်ပတ်တွေးနေမိတာ

ကိုယ့်ဘာသာကိုယ် ပြန်ပြီးမကျေနပ်တဲ့စိတ်နဲ့

ရင်နာရပါပြီကော ခိုင်ရယ်

ေ စ တ န ၁ စ ၁ ေ ပ

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ အသည်းကွဲနေ့စွဲများဟု သတ်မှတ်ရမည်လား။ ကျွန်တော်ရဲ့ အမုန်းကာလနေ့ရက်များဟု ခေါ်ဆိုရမည်လားမသိသော ခိုင်ခိုင်လှိုင်နှင့် ဝေးနေသည့် ရက်သတ္တပတ်နှစ်ရက်အကြာမှာ ကျွန်တော် မမျှော်လင့်ဘဲ ယာယီအလုပ်သစ်တစ်ခုရရှိလာခဲ့သည်။

အလစ်သုတ်သမားနှစ်ယောက်က လမ်းလျှောက်ထွက်လာသော အသက်ခြောက်ဆယ်ကျော်အရွယ် အဘိုးကြီးတစ်ဦးကို အတင်းဝင်လုံးနေ၏။

စေတနာ၁၈၁၉ပေ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းနံနက်ခင်းမှာ တစ်ညလုံးအိပ်မပျော်၍ ပျင်းရိလေးတွဲစွာ လမ်းလျှောက်လာသော ကျွန်တော်နှင့် တည့်တည့်သွားတိုး၏။ မတရားမှုဆိုတာ သိလိုက်သည်နှင့် ကျွန်တော် ပြေးဝင်သွားပြီး လူမိုက်ရုပ်ပေါက်နေသည့် တစ်ကောင်၏ ခေါင်းကို လက်သီးအားနှင့် ပိတ်ထိုးချလိုက်၏။ ခေါင်းအုပ်ပြီး တစ်ဖက်ကို လည်ထွက်လဲကျသွားသော ကောင်မရှိတော့မှ အဘိုးကြီးကို လုံးနေသည့် နောက်ထပ်လူမိုက်ရုပ်တစ်ကောင်ရဲ့ လုပ်ဆောင်ချက်ကို ရှင်းရှင်းတွေ့လိုက်ရ၏။

ငွေကိုယူရုံမက။ အသက်ကိုပါ ချွေဖို့ အတင်းလုံးနေသည်။ ငမိုက်သားကို စိတ်ရှိလက်ရှိပင် ထိုးကန်ကျောက်ပစ်လိုက်၏။ ငမိုက်သားလက်မှ လွတ်ကျသွားသော ဓားမြှောင်ကို ကောက်ယူပြီး...

"ဦးလေး ဟိုဖက်ကပ်နေ... ကပ်နေ..."

"လုပ်ပါဦး ငါ့တူရယ်... ဒီကောင်တွေ ငါ့ကိုသတ်



www.burmeseclassic.com

www.burmeseclassic.com



မလို့ကွ…"

ပြန်လည်ကုန်းထလာသော ငမိုက်သားနှစ်ကောင်ဆီ ပြေးသွားပြီး ညစ်ညစ်နှင့် ဒေါသတကြီး ဓားနှင့်လိုက်ထိုးပစ်၏။

"အလကား ခွေးသူတောင်းစားတွေ… သတ္တိရှိတာ မဟုတ်ဘူး… လူကူနဲ့ ကျယ်တဲ့ခွေးတွေ… ဘာမှ မပူနဲ့တော့ ဦလေး… ဦးလေ ဘယ်ထိသွားသလဲ…"

"မထိပါဘူးကွယ်… တစ်ယောက်က ချုပ်ပြီးထိုးလို့ ဦးလည်း မနည်းရုန်းကန်ပြီး ကိုယ့်အသက်ကိုယ်ပြန်လုရတယ်… မောင်ရင့်နာမည်ဘယ်လိုခေါ်လဲ… ဘယ်မှာနေသလဲဟင်…"

"မင်းထွဋ်ပါ… ခေမာလမ်းထဲမှာနေပါတယ်…"

"သြော်… ရှေ့လမ်းကွေ့ လမ်းဆုံကြီးနားက ခေမာလမ်းသွယ်လား…"

ကျွန်တော် ပြီးလွယ်စီးလွယ် ခေါင်းညိတ်ပြပြီး ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



ရန်အပြင် ဦးလေးကြီးက…

“ဦးလေးနာမည် ဦးကောင်းအေးနိုင်တဲ့… နဝရတ် ရွှေစင်လမ်းထဲမှာနေတယ်… မောင်ရင်… အချိန်ရမယ် ဆိုရင် အိမ်လိုက်ခဲ့ပါလား… ဦးအနေနဲ့ မောင်ရင် ကူညီ ပေးတာ ကျေးဇူးတင်လွန်းလို့ လှိုက်လှိုက်လှဲလှဲ ဖိတ် ခေါ်တာပါ…”

“နေပါစေ… ဒီလောက်ကြီးလည်း မဟုတ်ပါဘူး”

“ဘယ့်နှယ့် ဒီလောက်ကြီးလည်း မဟုတ်ရမှာလဲ… လာပါ မောင်ရင်ရဲ့… လာပါ…”

ဦးကောင်းအေးနိုင် ဖိတ်ခေါ်၍ အိမ်အထိလိုက်သွားရ ၏။ လူနေသန့်သော လူကုံထံရပ်ကွက်ထဲမှ အကောင်းဆုံး အလှ ဆုံးအိမ်ကြီးထဲ ရောက်လာရ၏။

“ဦးမှာက အိမ်လေးငါးလုံးရှိတယ်… အားလုံးထဲ မှာ ဒီအိမ်က အညံ့ဆုံးပဲ… လမ်းလည်းညံ့တယ်…



www.burmeseclassic.com

www.burmeseclassic.com



အခုပဲကြည့်ပါလား… ဦးကို ဘယ်ကကောင်တွေမှန်း မသိဘူး… သတ်မဲ့အဆင့်ထိအောင် လုပ်ကြံကြတယ်… ဒီနေ့ပဲ ဦးအိမ်ပြောင်းတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ… ဒီအိမ်က ပြန်ပြင်ပြီး ရောင်းထုတ်မလို့… ဦးကိုယ်တိုင် စိတ်တိုင်းကျ လာပြင်နေတာကွဲ့…”

“ဩော်… ဦးက အိမ်ပွဲစားကြီးကိုး…”

ကျွန်တော့် ထင်ကြေးကို ဦးကောင်အေးနိုင် နားထောင်ပြီး သဘောကျသွား၏။

“မောင်ရင်က ကြွားတာမကြိုက်ဘူး ထင်တယ်… ရိုးပုံလည်းရတယ်… ဦးပြောနေတာ တကယ်တွေပါ… မောင်ရင့်ကို ဒီနေ့ပဲခေါ်သွားပြီး လိုက်ပြဦးမယ်…”

“ကျွန်တော်ယုံတာ မယုံတာ ဦးအတွက်အရေး မကြီးပါဘူး… နောက်တစ်ခါ ဦးလမ်းလျှောက်ထွက်ရင် ဒီအိမ်က အလုပ်သမားတစ်ယောက်ယောက် ခေါ်



www.burmeseclassic.com

www.burmeseclassic.com



သွားပေါ့··· ချမ်းသာတဲ့လူတွေဆိုတာ ပြောလို့မရဘူး လေ··· ပြန်ပေးဆွဲခံရနိုင်တယ်··· လုပ်ကြံခံရနိုင်တယ်··· ဒါပေမဲ့··· ဒီခေတ်ကြီးမှာ အဲဒါတွေ ရှားမှရှားပါ···"

ဦးကောင်းအေးက လှိုက်လှဲစွာပြုံးရင်း အိမ်ရှေ့လသာဆောင်ကို ခေါ်လာ၏။ လသာဆောင်မှာ အဖြူရောင်ဆက်တီ တစ်စုံရှိ၏။ စားပွဲပေါ်မှာ ဟော့ဒေါ့၊ ဆင်းဒဝစ်၊ နွားနို့၊ ကြက်ဥ ပေါင်မုန့်မီးကင် ယိုပုလင်းနှင့် ကြက်ဥတစ်ပန်းကန်တို့ကို ပြင်ဆင်ခင်းကျင်းထား၏။

"မောင်ရင့်ကို မနက်စာနဲ့ ဧည့်ခံပါရစေ··· မောင်ရင် ဘာစားမလဲ··· ဘာကြိုက်သလဲပြော···"

"အုန်းနို့ခေါက်ဆွဲ ငဖယ်၊ ဘဲဥ၊ ကြက်သွန်ကြော်၊ ပဲကြော်၊ ပဲသွေး၊ ငါးသလောက်ဥ အကုန်ထည့်တာ စားတယ်···"

ဦးကောင်းအေးက သဘောကျသလိုပြုံးရင်း···



www.burmeseclassic.com

www.burmeseclassic.com



"အဝယ်တော်လွှတ်လိုက်ပါ့မယ်... ဒီမှာတော့ ဘိုစာ ပဲရှိတယ်..."

ဦးကောင်းအေးက အိမ်ဘက်ကို လက်ယပ်ပြလိုက်သည်နှင့် တောင့်တင်းထောင်မောင်းသော လူတစ်ယောက် ရောက်လာ၏။ ကုတ်အင်္ကျီ၊ နက်ဂတိုင်၊ စတိုင်ပန်(လ်)နှင့် စမတ်ကျနေသောငနဲ့ကို အုန်းနို့ခေါက်ဆွဲသွားဝယ်ခိုင်းခြင်းမှာလည်း အမြင်ဆန်းတစ်မျိုးပင်။

"မောင်ရင့်ကို ကြည့်ရတာ ပွင့်လင်းပုံရတယ်..."

"ဟုတ်တယ်... အားလည်းမနာတတ်တော့ဘူး.. အားနာရင် ကိုယ့်အခွင့်အရေးပဲ ဆုံးရှုံးရတယ်... ဟန်ဆောင်တာကလွဲရင် ကျန်တာအားလုံးလုပ်တယ်... ဟန်ဆောင်ပြီး မာယာပရိယာယ်များတာကို အသေမုန်းတယ်..."

"ကြိုက်သွားပြီ...ကောင်းတယ်... ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဥပမိရုပ်ခန့်သော ဦးကောင်းအေးက လူငယ်တစ်ယောက်လို လွတ်လုပ်ပေါ့ပါးစွာ ပြောတတ်၏။ အလုပ်ရှင်တစ်ယောက်လိုလည်း ဩဇာမာန်စွယ်ရှိ၏။ မိတ်ဖက်ဆက်ဆံရေးအနေနှင့်လည်း တစ်ဖက်လူကျလာအောင် အကွက်ဆင်ပြောတတ်၏။ ထင်းရှူးသေတ္တာလေးထဲမှ ဟာဗားနားဆေးပြင်းလိပ် တစ်လိပ်ကိုထုတ်ပြီး ဂေါ့ဒ်ဖားသားစတိုင်(လ်)နှင့် ဖွာ၏။ မာလွန်ဘရန်ဒိုနှင့်လည်း ရုပ်ခြင်းဆင်တာမို့ အီတလီမားဖီယားဂိုဏ်း ဇာတ်ကားတွေထဲက မဟာရာဇာကြီးအသွင် ဦးကောင်းအေးကို ကျွန်တော် မြင်လာ၏။

အမှန်တကယ် '.....' မဟုတ်၍လည်း သက်တော်စောင့် အခြံအရံတွေနှင့် မိန်းမလှလေးတွေ ဝိုင်းဝိုင်းလည်နေခြင်း မရှိ။ ပေရှစ်ဆယ်ပတ်လည်ရှိသော ခြံကျယ်ကြီးထဲမှာ ပန်းအလှပင်တွေနှင့် ဂေါက်ကွင်းသေးသေးလေးတစ်ခုတည်းသာရှိ၏။ အိမ်အလုပ်သမားဆိုရာ၌ အိမ်ပြင်လုပ်သားတွေနှင့် ရောနှော၍



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူဘယ်ဝါ ခွဲခြားမရ။ ဤအိမ်ကြီးထဲမှာ အလုပ်လုပ်နေသူ ခြောက်ဦး၊ ခုနစ်ဦးခန့်ကိုဖြင့် ကျွန်တော် မြင်ခဲ့မိသည်။

"ဒါနဲ့ မောင်ရင်က အပြေးလေ့ကျင့်ခန်းတွေ ဘာတွေ ဝါသနာပါတဲ့လူလား…"

"တစ်ခါတလေ ထပြေးပါတယ်…"

"ဦးအရွယ်ကို လိုက်မှီနိုင်ပါမလား…"

"တာတိုလား… တာဝေးလား… မာရသွန်လား…"

"တာဝေးပေါ့…"

ကျွန်တော် ဟက်ခနဲရယ်လိုက်ပြီး…

"ဓာတ်တိုင်နှစ်ပြန်အကြောပေးနိုင်ပါတယ်…"

"မောင်ရင် ဟန်မဆောင်တတ်ဘူးဆိုတာ ယုံပါတယ်.. ဒါနဲ့…"

ဦးကောင်းအေးက ဆေးလိပ်ကို စတိုင်လ်ထုတ်ရှုံ့ဖွားပြီး ပြာခံခွက်ထဲ ထိုးထည့်ထားလိုက်၏။

စေတနာဝစၥပေ

www.burmeseclassic.com

www.burmeseclassic.com



“မောင်ရင် ကိုယ်လုံပညာ ကျွမ်းကျွမ်းကျင်ကျင် တတ်ပုံရတယ်…”

“အရင်က ကစားတယ်… မကစားဖြစ်တာကြာ ပါပြီ… ဘာဖြစ်လို့လဲ… ဦး ဒါတွေ မေးနေတာလဲ…”

“ဒီလိုပါ… ဦးအပြေးကျင့်တဲ့အခါ အိမ်ကကောင် တွေကို ခေါ်မသွားချင်ဘူး… ဒီကောင်တွေက လေး တယ်… ဦးနဲ့လိုက်ယှဉ်မပြေးနိုင်ကြဘူး… ဦးနောက် က စက်ဘီးနဲ့ ဆိုင်ကယ်(လ်)နဲ့ ကားနဲ့လုက်နေပြန်တော့ လည်း ဘေးဘီကဝိုင်း ဂရုစိုက်ကြည့်တာမျိုး… ဦး မကြိုက်ဘူး… အားကစားကို ကျန်းမာရေးအရ လေ့ကျင့် တဲ့နေရာမှာ စိတ်ခုစရာတွေ ဖြစ်နေရင် အလကားပဲ… ဦးနဲ့အဖော်အဖြစ်… တစ်မျိုးပြောရရင် ဦးရဲ့ သက်တော် စောင့်အဖြစ် အတူလိုက်ပြေး… အတူလိုက်နေပေးနိုင် မယ်ထင်တဲ့… မောင်ရင့်ကို ဦးကလစာကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီး ငှားချင်တယ်… မောင်ရင် ပျော်သလောက်လုပ်ပေါ့…”

“ကျွန်တော့်ရဲ့ လွတ်လပ်ခွင့်ကို အချုပ်အကိုင်မခံနိုင်ပါဘူး…”

“No…No…No… ဒီလိုလည်း မဖြစ်စေရပါဘူး… ဦးနဲ့လိုက်ပြေးပြီးရင်… ဦးအိမ်မှာရှိတဲ့ အချိန်ဆိုရင် မောင်ရင် လွတ်လပ်စွာသွားလာနိုင်ပါတယ်… ဦး အလုပ်ကိစ္စ အပြင်ထွက်တဲ့အခါ အရေကြီးလွန်းတဲ့အခါမှ မောင်ရင့်ကိုခေါ်မှာပါ…”

“ကျွန်တော် ကြေးစားတစ်ယောက်မဟုတ်ပါဘူး… တခြား ကိုယ်လုံပညာရှင်တွေ ဦးအနေနဲ့ စိတ်ကြိုက်ရွေးခေါ်ထားလို့ရပါတယ်…”

ဦးကောင်းအေး စဉ်းစားသွားပြီးမှ…

“အင်း… မောင်ရင် ကူညီစိတ်ဝင်စားလာအောင်



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲ့ အခက်အခဲကို အမှန်အတိုင်း ရှင်းပြမှဖြစ်တော့မယ်… ဦးမှာ လုပ်ငန်းတွေ အများကြီးရှိတယ်… ကော်ပိုရေးရှင်းတွေရှိတယ်… ကုမ္ပဏီတွေရှိတယ်… ပုဂ္ဂလိက ဟိုတယ်(လ်) မိုတယ်(လ်)တွေရှိတယ်… လုပ်ငန်းတွေ များပြားလွန်းပေမယ့် ငယ်ငယ်က မန်နေဂျာတွေ ကိုယ်စားလှယ်တွေ အများကြီးခန့်ပြီး အလုပ်အများကြီး လုပ်နိုင်ခဲ့တယ်… အခုလို အသက်ကြီးလာတဲ့အခါကျတော့… အရင်လို အလုပ်မလုပ်နိုင်တော့တဲ့အတွက် ဦးရဲ့တစ်ဦးတည်းသော မျိုးဆက်ဖြစ်တဲ့ တူတော်မောင်တစ်ယောက်ကို ဦးနေရာလွှဲပေးခဲ့တယ်… အဲဒီတူကို ဦးကတစ်ပြားမှ မလွှဲပေးချင်လည်းဖြစ်တယ်… ရှိသမျှ စည်းစိမ်အားလုံး လွှဲပေးချင်လည်းဖြစ်တယ်… ဦးက တရားဝင်အနေနဲ့ တစ်ဝက်စီ လွှဲထားတာပဲရှိတယ်… ဦးမှာ အိမ်ထောင်ရှိခဲ့ပေမယ့် ဇနီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



သားက မီးတွင်းထဲမှာတင် ဆုံးပါးသွားကြတယ်··· ဒါနဲ့ နောက် အိမ်ထောင်ပြုတယ်··· လက်ထပ်ပြီး ဘာမှ မကြာသေးခင် အမျိုးသမီးရောဂါတစ်မျိုးနဲ့ ဇနီးဆုံးသွားတယ်··· နောက်တစ်ကြိမ် ထပ်ပြုတယ်··· အဲဒီ မိန်းမက ခရီးဝေးသွားရင်း ကားမှောက်ဆုံးသွားတယ်··· အဲဒါနဲ့ ဦးလည်းစိတ်ဓာတ်ကျပြီး အိမ်ထောင်မပြုတော့ဘဲ တစ်ကိုယ်တည်းနေခဲ့တယ်··· အဲဒီလို သားလိုတူလို ချစ်ရတဲ့ တူတော်မောင်ကို အကျိုးခံစားခွင့်တစ်ဝက်နဲ့ လုပ်ပိုင်ခွင့်တွေ လွှဲပေးပြီး နောက်ပိုင်းမှာတော့ ဦးရဲ့ ဘဝက အေးချမ်းသလိုလေးရှိခဲ့သား··· နောက်မကြာပါဘူး··· စိတ်ညစ်စရာတွေ စဝင်လာတယ်···”

“ဘာတွေလဲ ဦး···”

“ခြိမ်းခြောက်တာတွေလေ·· ဦးကို ပေါက်ကရပြစ်

စေတနာ၁၀၁ပေ

www.burmeseclassic.com

www.burmeseclassic.com



ချက်တွေ တပ်ပြီးသတ်ဖြစ်မယ်ဆိုတဲ့ စာတွေပေါ့... ဦးဂရုမစိုက်ခဲ့ဘူး... ဂရုစိုက်လည်း ပိုပြီး စိတ်ဆင်းရဲနေရမယ်လေ... မဟုတ်လား... ဦးအပေါ် မနာလိုတဲ့ လူတစ်ဦးတစ်ယောက်က တမင်လုပ်ကြံရေးပို့နေတာလို့ ထင်ခဲ့တယ်... နောက်တော့ မဟုတ်ဘူးကွယ်... ဦးကို ကားနဲ့ ချောင်းတိုက်တာတို့၊ ဦးကို အတင်း ဝင်သတ်ပုတ်တာတို့ကို လုပ်လာတယ်... လုပ်လာတိုင်း မောင်ရင်နဲ့ ထိုးကြိတ်ခဲ့တဲ့ လူနှစ်ယောက်ပဲ..."

"ဒီကောင်တွေကို ရဲတိုင်ပြီး မဖမ်းခိုင်းဘူးလား..."

"အမှုဖွင့်တိုင်ကြားထားတာပေါ့... ဒီကောင်တွေက အမှောင်ထဲက အကောင်တွေဆိုတော့... အခွင့်မသာရင် အမြန်ရှောင်ထွက်သွားကြရော... အခွင့်သာတော့ ခုနက မောင်ရင်နဲ့ တိုးခဲ့သလို ဦးကို လုပ်ကြံကြတော့တာပဲ..."



www.burmeseclassic.com

www.burmeseclassic.com



“ဒီကောင်တွေက ကြေးစားတွေဖြစ်လိမ့်မယ်…”

“သူတို့ရဲ့ နောက်ကွယ်က ကြိုးကိုင်နေတဲ့လူ ရှိကိုရှိလိမ့်မယ်… ဦးမှာ ရန်သူတွေရှိသလား…”

“အင်း… လုပ်ငန်းအတွက် အကျိုးရှိမယ့် လေလံပွဲတွေ အပြိုင်လုဆွဲတုန်းက မုန်းခဲ့တဲ့သူတို့… ကုမ္ပဏီဥက္ကဋ္ဌနေရာလုရင်း ရှယ်ယာပိုင်ဆိုင်မှုတွေ အလုအယက်ဝယ်ယူဖြစ်ကြတုန်းက… အပြိုင်အဆိုင်ဖြစ်ခဲ့တဲ့သူတွေလူမှုရေးအရထက် အလုပ်အပေါ်ဦးစားပေးပြီး ခပ်ပြတ်ပြတ်ဖြေရှင်းခဲ့လို့… ကိုယ့်ကြောင့် အလုပ်ပြုတ်သွား ရပြီးမကျေမနပ်ဖြစ်ခဲ့ရသူတွေမျိုးကတော့ အများကြီးရှိတယ်ရန်သူရှိတယ်လည်း ပြောလို့ရတယ်… မရှိဘူးလို့လည်းပြောလို့ရတယ် မောင်ရင်”

“ဦးကို စည်းစိမ်တွေနဲ့ လိုတရနေပြီလို့ ကျွန်တော်ထင်နေတာ…”

စေတနာ၁စ၁ဧပေ

www.burmeseclassic.com

www.burmeseclassic.com



“ဒီသံသရာတစ်လျှောက်လုံးမှာ ပြည့်စုံတဲ့ဘဝဆိုတာ လောကုတ္တရာနယ်ပယ်မှာပဲ ရှိတယ်… ဒါကြောင့် မကြာသောကာလတစ်ခုမှာ ဦး ပိုင်ဆိုင်သမျှ စည်းစိမ်တွေကို တစ်ခုခုလုပ်ဖို့ ဦး အမြဲစဉ်းစားနေမိတယ်…”

ထိုစဉ်မှာပင် ဦးကောင်းအေးရဲ့ ဂျီအက်(စ်)အမ်ဖုန်းခေါ်သံ ထွက်ပေါ်လာ၏။ ဦးကောင်းအေး အလုပ်ရှုပ်သွားပြန်၏။

ဦးကောင်းအေးနှင့် တွေ့ဆုံဖြစ်ခဲ့ပြီး နောက်တစ်နေ့မှာပင် ကျွန်တော် အလုပ်စဝင်ခဲ့ရ၏။

အလုပ်က သက်တော်စောင့်…

လစာက မက်မောလောက်စရာ…

မိန်းမတစ်ယောက်နဲ့ ချစ်မိပြီးသည့်နောက်မှာ ကျွန်တော် အလွန်ချမ်းသာချင်ခဲ့သည်။ ထို့ကြောင့် ငွေရမည့်အလုပ်ကို ချွင်းချက်မရှိ လက်ခံခဲ့လိုက်၏။ ယာယီအလုပ်သစ်နှင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



စိတ်သစ်၊ လူသစ်၊ ဘဝသစ်အဖြစ် ပြောင်းလဲ ကျင့်ကြံကြည့်၏။


ရသလိုလို၊ မရသလိုလိုနှင့်သာ လုံးချာလည်ရ၏။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ယာယီ အလုပ်သစ်ဝင်ဖြစ်နေသော ရက်သတ္တပတ်ကျောခန့်မှာ ညကြီး ကျွန်တော် အပြန်လမ်းကို ကားနှင့်စောင့်ကြုံတွေ့ခွင့်တောင်းသော မာယာနတ်သမီးကို တွေ့လိုက်ရ၏။

အကြောင်းသိမို့ ပေါင်းကြည့်စရာမလိုသော်လည်း ဒင်းကိုယ်၌က တောင်းတောင်းပန်ပန်ဖြင့် အခွင့်ဆိုနေသဖြင့် တစ်ခါတုန်းက သံယောဇဉ်အရှိန်အဟုန်လေးနှင့် လက်ခံလိုက်ပါသွားမိ၏။

စေတနာ၁၈၁၉ပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ စွန်လွှတ်ကစားခဲ့ရာ ကွင်းပြင်အထိ ကားကိုမောင်းချလာ၏။ ကွင်းထဲမှာရပ်သည်။ ကားပေါ်မှာပင်…

“ကျွန်မတို့ တွေ့ဖူးခဲ့ကြတဲ့ နေရာလေးနော်….”

“မင်း ဘာပြောချင်လို့လဲ…”

“ကျွန်မ… မောင်နဲ့ မခွဲနိုင်ဘူး…”

ကျွန်တော် လှောင်ပြောင်ရယ်မောလိုက်၏။

“ငါ့ဆီမှာ ဘာကျန်သေးလို့… နောက်ထပ်လှည့်ကွက်တွေသုံးပြီး ဝင်ရပြန်တာလဲ ခိုင်ခိုင်လှိုင်…”

“ရယ်ပါ…ပြောပါ… မောင်မှန်ပါတယ်…ကျွန်မကိုယ်ကျွန်မ ဦးနှောက်ရဲ့ဆန္ဒကို အလေးထားဆုံးဖြတ်ခဲ့ပြီးမှ မှားပြီဆိုတာသိလိုက်တယ်… တစ်နေ့မှာ မောင့်ကို မေ့လို့မရဘူး… မောင်ကော ကျွန်မကို မေ့နိုင်ရဲ့လား…”

“ဒီစကားတွေ မပြောနဲ့တော့…”

ဧတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ပြောရမယ်မောင်… မောင် မသိသေးတာတွေကို ကျွန်မ ပြောပြမှ မောင်နားလည်မှာပေါ့…"

"ပြောပါဦး… မုသားတွဲလုံးတွေကို…"

"ဦးကောင်းအေးဆီမှာ မောင် အလုပ်ဝင်နေတယ် ဆို…"

"သိလှချည်လား… အဲဒါ ဘာဖြစ်လဲ…"

"အဲဒီလူကြီးဟာ… ကျွန်မဘဝကို အုပ်ဖိထားတဲ့ ချုပ်ကိုင်နှောင်တွဲထားတဲ့… လူအရေခြုံမိစ္ဆာကြီးပဲ မောင်…"

"ငါ့အလုပ်ရှင်ကို မင်း မစော်ကားနဲ့…"

"ကျွန်မ တကယ်ပြောနေတာပါ… ကိုထွန်းကျော် ခေါင်ဆိုတာ… ဦးကောင်းအေးရဲ့ တူအရင်းခေါက် ခေါက်…"

"စည်းစိမ်တစ်ဝက်ခွဲပေးထားပြီး… လုပ်ငန်းအတော်



www.burmeseclassic.com

www.burmeseclassic.com



များများကို လွှဲပေးထားတဲ့သူလား…”

“ဟုတ်တယ် မောင်… ကျွန်မကို ဦးကောင်းအေးက သဘောကျတယ်… သူ့တူနဲ့ ထိမ်းမြားပေးချင်တယ်… သူ့တူကလည်း ကျွန်မကို တန်းတန်းစွဲဖြစ်နေတယ်လေ… ဒါကြောင့် ဦးကောင်းအေးက ကျွန်မကို စည်းရုံးတယ်… မရတော့ ချုပ်ကိုင်တယ်… သူ့တူနဲ့ အတင်းတွဲခိုင်းတယ်…”

“ဒီမှာ ခိုင်… မင်းပြောတာတွေ ယုတ္တိမဲ့နေပြီ…”

“ကျွန်မချမ်းသာချင်လို့… ဒီလိုလူမျိုးကို လက်လွှတ်မခံနိုင်ဖြစ်ခဲ့တာလို့ မောင် ထင်နေသလား… အစပိုင်းမှာ မှန်ချင်မှန်ပေမဲ့… နောက်ပိုင်းမှာ ငြင်းဆန်ဖို့ ကြိုးစားတယ်… ဦးကောင်းအေးက ငွေကြေးအရှိန်နဲ့ တင်မကဘူး… ဩဇာအရှိန်ပါ တက်ဖိလာတယ်… ကျွန်မမှာချစ်သူရှိလား… ရှိရင်… သူ့ရဲ့ ကြေးစားတပည့်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ အပြတ်ရှင်းဖို့ ကျိန်းဝါးတယ်··· အဲဒါကြောင့် မောင်နဲ့ ကိုထွန်းကျော်ခေါင်တို့ ထိပ်တိုက်ဆုံတော့ မောင့်အပေါ် အန္တရာယ်တွေကျရောက်လာမှာ စိုးလို့ ကျွန်မ လှည့်ကွက်သုံးလိုက်ရတယ်··· မောင်အထင်လွဲပြီး ကျွန်မ အပေါ် စိတ်နာသွားတယ်···"

ကျွန်တော် တွေဝေသွား၏။

သို့ပြား···

"အဓိပ္ပါယ်မရှိတာတွေကွာ···"

"ကျွန်မ အမှန်တွေပြောနေတာပါ···"

"ဘာအမှန်တွေလဲ··· ဦးကောင်းအေးကိုယ်တိုင်က လုပ်ကြံခံနေရတာကွ···"

"အဲဒါအရင်က သူကလိန်ကကျစ်ကျခဲ့တဲ့လုပ်ငန်း ရှင်တွေ··· သူ နှိပ်စက်စော်ကား အနိုင်ကျင့်ခဲ့တဲ့လူ တွေက သူ့ကိုပြန်ပြီး လက်တုံ့ပြန်ကြတာဖြစ်မှာပေ့ါ···"



www.burmeseclassic.com

www.burmeseclassic.com



“ဦးကောင်းအေးက မိန်းမပေါင်းမြောက်မြားစွာနဲ့ သူ့တူကို ပေးစားလို့ရရဲ့သားနဲ့… မင်းကိုမှ အဲဒီလောက် အဖြစ်သည်းနေရအောင် မင်းမှာ…”

ကျွန်တော် ဆက်မပြောရက်၍ စကားရပ်ထားလိုက်မိ၏။ ခိုင်ခိုင်လှိုင်ကတော့ ကျွန်တော့်စကားဆက်ကို သဘောပေါက်နားလည်ဟန်ဖြင့်…

“သူ့တူရဲ့အသည်းစွဲဟာ ကျွန်မဖြစ်နေလို့ပေါ့…”

“ရှုပ်တယ်… အခု ရှင်းရှင်းပြော… မင်း ဒီကို ရောက်လာတာ ဘာဖြစ်ချင်လို့လဲ…”

“ကျွန်မ… ကိုထွန်းကျော်ခေါင်ကို လက်မထပ်နိုင်ဘူး မောင်… မောင့်ကိုပဲ ချစ်တယ်… မောင့်ကိုပဲ လက်ထပ်ချင်တယ်… ကျွန်မ အရာရာကို ရင်ဆိုင်ဖို့ သတ္တိမွေးခဲ့ရပါပြီ…”



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုချစ်ရင် မင်း မွဲပြီးသေလိမ့်မယ်..."

"မမှုပါဘူး... ကျွန်မအတွက် အချစ်ဟာ အဓိက ကျသွားပါပြီ..."

"နားရှိလို့သာကြားရတယ်... ယုံချင်စရာတစ်ကွက် မရှိဘူး ခိုင်ခိုင်လှိုင်..."

"ကျွန်မတို့ ရှေ့ဆက်လက်တွဲကြရအောင်ပါ မောင် ရယ်..."

ချွဲ့နွဲ့သော စကား။ အရည်ပျော်သွားမည် မှတ်ထင် နေသလားမသိ။

"မဖြစ်နိုင်တာတွေကွာ..."

"ဖြစ်နိုင်ပါတယ် မောင်... မောင်နဲ့ ကျွန်မရဲ့ ရှေ့ ရေးမှာ အဓိက အတားအဆီးကြီးရှိတယ်... အန္တရာယ် အများကြီးပေးနိုင်တဲ့ ဦးကောင်းအေးကို..."

"ဦးကောင်းအေးကို မင်းလက်ထပ်ရမှာမှ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



တာ…”

“ဦးကောင်းအေးက အဓိက ဖန်တီးရှင်ပါမောင်… ဦးကောင်းအေးက … မောင်နဲ့ ကျွန်မ လက်တွဲသွားရင်… နှစ်ယောက်စလုံးကို အလွတ်ပေးမှာ မဟုတ်ဘူး…”

“ဒီလူကြီး ဒီလိုသဘောရှိမှာ မဟုတ်ဘူး…”

“ရှိတာပေါ့ မောင်ရယ်… ဦးကောင်းအေးက သိပ်ဟန်ဆောင်ကောင်းတာ… ကောက်ကျစ်စဉ်းလဲတဲ့နေရာမှာလည်း ထိပ်ထိပ်ကျဲပဲ… သူ့သတင်းတွေ မောင် စုံစမ်းကြည့်ပါလား… အဲဒီလူကြီးက သူဖြစ်ချင်တာကို အတပ်မြစ်ချပြီးရင်… မဖြစ်ဖြစ်အောင် လုပ်တတ်တဲ့ လူကြီး…”

ကျွန်တော် မိန်းမောသွား၏။ သို့ပြော…

“ထွန်းကျော်ခေါင်ကရော…”

ဧ စ တ န ၁ စ ၁ ပ ေ

www.burmeseclassic.com

www.burmeseclassic.com



"သူကတော့ ဦးကောင်းအေးရဲ့ ကြိုးဆွဲတာမို့ ကျွန်မကလွဲရင်… ဘယ်မိန်းမနဲ့မှ လက်မထပ်နိုင်ပါဘူးလို့ ခေါင်းမာငြင်းဆန်ဖွံ့တာတစ်ခုပဲ… သူလုပ်ပြနိုင်ခဲ့တယ်… သူ့ခေါင်းမာမှုကြောင့် ဦးကောင်းပေးက ကျွန်မကို မဲနေတော့တာပေါ့…"

"ဒီတော့ မင်း ဘာလုပ်ချင်တာလဲ…"

"ဦးကောင်းအေးမရှိရင် အဲဒီ အန္တရာယ်တွေ ရှင်းသွားလိမ့်မယ်… ထွန်းကျော်ခေါင်က ဦးကောင်းအေးအရှိန်နဲ့ လူဖြစ်နေရတာ… ဦးကောင်းအေးမရှိတော့ရင် ထွန်းကျော်ခေါင်လည်း ဘာမှဩဇာအရှိန်အဟုန် မရှိတော့ဘူး… ဦးကောင်းအေးက ကလိန်ကကျစ်နည်းမျိုးစုံနဲ့ ယုတ်မာ စဉ်းလဲတဲ့လုပ်ကွက်တွေကို တတ်တယ်… ထွန်းကျော်ခေါင်က မတတ်ဘူး… ဦးကောင်းအေး မရှိရင် သူ ဘာမှလုပ်ရဲတော့မှာ မဟုတ်ဘူး… အခိက,က



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းအေးပါ မောင်… ကျွန်မတို့ နှစ်ယောက် ငြိမ်းငြိမ်းချမ်းချမ်း လက်ထပ်ထိမ်းမြားနိုင်ဖို့ ဦးကောင်းအေး မရှိမှကိုဖြစ်မှာ…”

ကျွန်တော် မိန်းမူးယစ်မျောသွား၏။ သို့ဖြင့်…

“ဒီတော့… ခိုင် ဘာလုပ်ချင်တာလဲ… ဦးကောင်း အေးမရှိအောင် ဘယ်လိုလုပ်လို့ ရမှာလဲ…”

“ရှင်းပစ်ရမှာပေါ… ဦးကောင်းအေးဟာ လူမုန်း သိပ်များတဲ့လူ… အဲဒါကြောင့် မောင့်ကို သူ့ရဲ့ ကိုယ်ရံတော်အဖြစ်ခန့်ထားတာပေါ့… ကျွန်မရဲ့ မောင်ဆိုတာ သူ လုံးလုံးမသိသေးတာ ကျွန်မအတွက် ကံကောင်းတဲ့ အခွင့်အရေးပဲမောင်… မောင့်ကို သူယုံစားနေတဲ့အချိန် မှာ… မောင့်ကို အမှုမပတ်စေတဲ့နည်းနဲ့ ဦးကောင်းအေး ကို မောင်ရှင်းလို့ရပါတယ်…”

“ဟာ… မဖြစ်နိုင်ပါဘူး… ရက်စက်တဲ့နည်းကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



မရှင်းနိုင်ဘူး… မောင် မလုပ်နိုင်ဘူး…”

“မောင် မလုပ်ရင် … ဦးကောင်းအေးက ကျွန်မကို သူ့တူနဲ့ မကြာခင်လက်ထပ်ပေးစားတော့မယ်… မောင် မလုပ်ရင် ကျွန်မနဲ့မောင် တစ်သက်လုံး ဝေးသွားရအောင် သူလုပ်လိမ့်မယ်… စဉ်းစားပါဦးမောင်ရယ်… ကျွန်မ မောင်နဲ့ မဝေးချင်ဘူး… မဝေးရဲဘူး… အဲဒီလူကြီးရဲ့ နိုင်ထက်စီးနင်း ခြိမ်းခြောက်မှုကို ကြောက်လို့သာ… ကျွန်မ သူ့အလိုကျနေပြပေးနေရတယ်… တစ်ရက်မှ မပျော်ဘူး… ကိုယ့်ကိုယ်ကို အားငယ်စိတ်နဲ့ မောင့်ကို လွမ်းဆွတ်သတိရပြီး နေ့တိုင်း ငိုရတယ်သိလား…”

ကျွန်တော့်ရင်ခွင်ထဲ ခေါင်းတိုးခိုဝင်လာသောခိုင်။ ကျွန်တော်ရဲ့ အမုန်းစည်းရိုးတွေ ပေါက်ပြဲယိမ်ယိုင်ရာမှ ပြိုလဲ ပျက်ပြားကုန်၏။

စေတနာ၁စ၁ပေ

www.burmeseclassic.com

www.burmeseclassic.com



"အခုပြောနေတာတွေ တကယ်ပဲလား… အမှန်တွေမှ ဟုတ်ရဲ့လား ခိုင်…"

"သွေးထွက်အောင် မှန်ပါတယ် မောင်ရယ်… ခိုင်မညာပါဘူး… ခိုင်ရင်နာပြီး ရူးသေမှာကို မောင်ကြည့်ရက်သလား… မချစ်မနှစ်သက်တဲ့လူက ဩဇာအရှိန်အဝါနဲ့ ခြိမ်းခြောက်ပြီး သူ့ရင်ခွင်ထဲ ပလူးပလဲ နေခိုင်းတာကို မျက်ရည်စက်လက်နဲ့ အားကိုးမဲ့မယ့် ကျွန်မနေရမှာကို မောင်ကြည့်ရက်သလား… ပြောစမ်းပါဦး မောင်ရယ်… ကျွန်မမှာ တစ်ဘဝလုံး မောင်ကလွဲရင်အားကိုးရမဲ့နေပါပြီ…"

ကျွန်တော့်ရင်ထဲ နင့်ခနဲဖြစ်သွား၏။ ဦးကောင်းအေးရဲ့ဟန်ပန်တွေ ပြန်တွေးမြင်ယောင်၏။

ဟန်ဆောင်ကောင်းမည့် မျက်နှာ…

လျှို့ဝှက်လွန်းသည့် အပြုံး…



www.burmeseclassic.com

www.burmeseclassic.com



စူးရောက်လွန်းသည့် အကြည့်…

သိုးရေခြုံထားသော ဝံပုလွေနှင့် တဖြည်းဖြည်းတူလာ၏။ ဆေးပြင်းလိပ်ခဲပြီး ဂေါ့ဒ်ဖားသားအိုင်တင်ဖမ်းကာ တပည့် တပန်း တွေကြားမှာ ဘုရင်တစ်ဆူလို မင်းမူနေတတ်သည့် ဦးကောင်း အေးအကျင့်ကို ချင့်တွက်ကြည့်မှ မျက်လုံးစိမ်းစိမ်းကြီးကို တွေး တွေ့လာရမိသည်။

ကိုယ်ချင်းမစာ…

မိန်းကလေးတစ်ယောက်ကို ကိုယ်ဖြစ်လိုရာ (အရှိန်အဝါ) တွေနဲ့ကျုံးသွင်းဖမ်းယူပြီး) လုပ်ချင်သလို လုပ်နေသော ဦးကောင်း အေးကို ကျွန်တော့်စိတ်ထဲမှာ မုန်းတီးသွား၏။

"ခိုင်… မောင့်ကို တကယ်ချစ်လို့ အရဲစွန့်ပြီး ပြန် လာတာပေါ့နော်…"

"တကယ်ချစ်လို့ပေါ့မောင်ရယ်… အဲဒီလူကြီးကို ကျွန်မ အချိန်တိုင်း ကြောက်လန့်စိုးရိမ်နေရတယ်…"

စေတနာ၁၀၁၄ပေ

www.burmeseclassic.com

www.burmeseclassic.com



“မောင် ရှိပါတယ်ခိုင်… သူ ဘာလုပ်နိုင်မှာမို့လို့လဲ…”

“ကျွန်မတို့ အသက်ကို ရန်ရှာနိုင်တယ်…”

“လွယ်မလားကွာ…”

“လွယ်တယ်… သူ့မှာ လက်မရွံ့ကြေးစား လူမိုက်တွေရှိတယ်…”

“အဲဒါတွေရှိရင်… သူ့ကို လုပ်ကြံတဲ့လူကို လိုက်သတ်ခိုင်းပါလား…”

“အဲဒီလူကို သူမသိလို့ ခက်နေတာပေါ့… သိရင် ဘယ်လာအလွတ်ပေးမလဲ…”

“ကိုယ့်ကို…မင်းရဲ့ ချစ်သူဆိုတာ သိသွားရင်ကော…”

“မတွေးရဲစရာတွေ ဖြစ်ကုန်လိမ့်မယ်မောင်…”

လွမ်းဆွတ်တမ်းတခဲ့ရသော ချစ်သူကို ရင်၌ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



ထွေးပွေ့နိုင်သောအခါ နောက်တစ်ကြိမ်ဝေးရမှာကို အစိုးရိမ်ကြီး စိုးရိမ်လာမိ၏။

ကြားလေသွေးလျှင် ဝေးမှာစိုးသည်။ ကြားလေသွေး လာလျှင် ထိုလေသည်ရန်သူ။

"မောင်တို့ ဘာဆက်လုပ်ကြမလဲ ခိုင်… ထွက်ပြေး ကြမလား…"

"ဘယ်တော့မှ လွတ်မှာမဟုတ်ဘူး… အနယ်နယ် အရပ်ရပ်မှာ သူတို့လူတွေအများရှိတယ်… မောင် လုပ် သင့်တာကို ကျွန်မ ပြောပြပေးမယ်…"

"ဘာလုပ်ရမှာလဲဟင်…"

"သန်ဘက်ခါ ဦးကောင်းအေးရဲ့ မွေးနေ့ညည့်ခံပွဲ ရှိတယ်… မောင်တက်ရမှာ မဟုတ်လား…"

"တက်ရမှာပေါ့… အသေအချာဖိတ်ထားတာ… သူ့လူယုံလုပ်ပေးရဦးမယ်…"

စေတနာ၁စ၁ပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီပွဲမှာ ဦးကောင်းအေးကို မောင်ရှင်းရလိမ့်မယ်..."

"အဲဒီလောက်ကြီး လိုလို့လား..."

"သူ့ကိုမရှင်းရင် သူက ကျွန်မတို့ကို ပေါင်းဖက်ပိုင်ခွင့် ဘယ်တော့မှပေးမှာမဟုတ်တော့ဘူး... ပြီးတော့ ပေါင်းဖက်ရင်လည်း အသက်ရှင်ခွင့် ဘယ်တော့မှ ပေးမှာမဟုတ်ဘူး..."

"မင်းရော အဲဒီ ညှော်ခံပွဲကို တက်ရမှာလား..."

"တက်ရမှာပေါ့... သူ့တူ ထွန်းကျော်ခေါင်နဲ့တွဲပြီး လိုက်ညှော်ခံရမှာလေ... ကျွန်မ လုပ်ဆောင်သမျှဟာ သရုပ်ဆောင်ပြနေရုံ သက်သက်ပါမောင်ရယ်... ဘာစိတ်မှ မပါပါဘူး..."

"ကျွန်မ တကယ်တမ်းချစ်တာ မောင်ဆိုတာ ယုံပါ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တွေဝေနေမိ၏။ ခိုင်က ကျွန်တော့်ရင်ခွင်ထဲမှာ ပူးကပ်နေရင်းမှ ကျွန်တော့်လည်တိုင်ကို လှမ်းဖက်လိုက်ပြီး…

"ကျွန်မတို့ ချစ်သူနှစ်ဦးကို မတရားကြံစည်တဲ့ အဲဒီလူကြီးကို မောင် သဘောထားကြီးနေနိုင်ရက်သလား…"

"ဘယ်ကြီးနိုင်မှာလဲ ခိုင်… ဒီလူကြီး သူ့ရဲ့ စည်းစိမ်ဩဇာဂုဏ်ရှိန်ဝါတွေနဲ့ ကိုယ်တို့ကို နိုင်ထက်စီးနင်း ပြုနေတာပဲ…"

"ဦးကောင်းအေး အလစ်မှာ သူ့ရဲ့ အရက်ခွက်ထဲကို အဆိပ်ထည့်လိုက်ပါလားမောင်…"

ကျွန်တော် မလှုပ်။ ခိုင်က လှုပ်ခါ၍…

"မောင်… မလုပ်ရဲဘူးလား…"

ကျွန်တော် ခေါင်းခါပြလိုက်၏။ ခိုင်က သူမ စလင်းဘတ်အိတ်လေးထဲမှ စက္ကူထုပ်သေးသေးကလေးကို ပေးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ...အရမ်းပြင်းတဲ့အဆိပ်ပဲ မောင်... မိနစ်ပိုင်း အတွင်းမှာ ပြာနှမ်းပြီးသေဆုံးသွားနိုင်တယ်... ဒီလောက် လူတွေ အများကြီးကြားထဲမှာ အဆိပ်ခတ်သူဟာ မောင်လို့ ဘယ်သူတပ်အပ် ထင်ရဲမှာလဲ... သူ့ရဲ့ ကိုယ်ရံတော် တွေကလည်း အများကြီးကြားထဲမှာပဲ..."

"လုပ်သင့်ပါ့မလား ခိုင်ရယ်..."

"လူယုတ်မာတစ်ဦး လျော့သွားရင်... ဒီကမ္ဘာကြီး အတွက် ငြိမ်းချမ်းရေး အသက်တစ်ရက်ဖြစ်ဖြစ် ပိုရှည် သွားနိုင်တာပေါ့..."

"မောင် မဝေးရဲဘူး ခိုင်ရယ်..."

ကားအပြင်ကို နှစ်ဦးထွက်ရပ်ဖြစ်စဉ် ခိုင့်ခန္ဓာကိုယ်လေး ကို ကျွန်တော့်ရင်ထဲ လှမ်းဆွဲဖက်ရင်း ပြောလိုက်၏။ ခိုင်က ကျွန်တော့်လက်ထဲကို စက္ကူထုတ်ကလေး ထိုးထည့်ပေးရင်း...

"အန္တရာယ်အတားအဆီးတွေကို ပျက်ပြယ်သွား



www.burmeseclassic.com

www.burmeseclassic.com



စေနိုင်တဲ့ နည်းကို မောင်သိပါတယ်ရှင်…”

ကျွန်တော် ခေါင်းညိတ်လိုက်သည်နှင့် ခိုင့်လည်တိုင်မှာ ပန်းပွင့်ခြင်းဖြစ်စဉ် ဖြစ်သွားရ၏။

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းအေးရဲ့ အသက်ခြောက်ဆယ့်ကိုးနှစ်မြောက် မွေးနေ့ပွဲကျင်းပသောည ရောင်စုံမီးတွေ လင်းပြိုင်လှပနေသည်။ အကောင်းဆုံးအိမ်အဖြစ် သတ်မှတ်ထားသော အိမ်ကြီးမှာ ပြုလုပ်၏။ လူကုံထံရိပ်သာဝန်းကျယ်ကြီးဖြစ်၍ ရေကူးကန်နှင့် ဂျပန်မြက်ခင်းပေါ်မှာ အထက်တန်းကျကျပါတီပွဲကြီးကို ကျင်းပနိုင်ခြင်းဖြစ်သည်။

လူကြီးလူကောင်းဆိုသူတွေ အလှမယ်မျိုးစုံ၊ ဇနီးသက်အဆင်းထည်ထည်မျိုးစုံကို သိန်းထောင်ကျော်တန် ကားကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



နှင့်အတူ ကြွရောက်ချီးမြှင့်လာကြ၏။

ကိုထွန်းကျော်ခေါင်ဆိုသူမှာ ကျွန်တော့်ကို မမှတ်မိတာလား မမှတ်မိချင်ယောင်ဆောင်နေတာလားမသိ။ မိတ်ဆက်ပေးစဉ်က ဝတ်ကျေတန်းကျေပြုံးပြပြီး ဘာသိဘာသာပင်နေ၏။

ဦးကောင်းအေးက ကိုထွန်းကျော်ခေါင်နှင့် ခိုင်ခိုင်လှိုင်တို့အတွဲကို လာသမျှဧည့်ပရိသတ်နှင့် ပွဲထုတ်မိတ်ဆက်ပေးနေ၏။ စားကောင်းသောက်ဖွယ်တွေ အလျှံပယ်။ အနောက်တိုင်းဆန်ဆန်ပင် ကလပ်ခွက်ထဲ နှစ်သက်ရာ ယမကာ အဖျော်ရည်တွေထည့်ပြီး မိုးတိုးမတ်တတ်ဝိုင်းဖွဲ့ စကားပြောကြ၏။

ဧည့်ခံတီးဝိုင်းမှ မွေးနေ့မင်္ဂလာနှင့် ပတ်သက်သော သီချင်းတွေကို သီဆိုတီးမှုတ်နေကြ၏။

ဦးကောင်းအေးသွားလေရာကို ကျွန်တော်နှင့် ကိုယ်ရံတော်အဖော်သုံးယောက် ဝိုင်းရံလိုက်ပါ စောင့်ရှောက်နေရ၏။ ဧည့်ပရိတ်သတ်တွေထဲသို့ သံသယမျက်လုံးနှင့် ဂရုစိုက်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသော ကိုယ်ရံတော်တွေက ကျွန်တော် စိတ်ဂဏှာမငြိမ်ဖြစ်နေတာကို သတိမပြုမိကြ။

ခိုင်က ထွန်းကျော်ခေါင်နှင့်အတူတွဲ၍ ဧည့်ခံရင်းမှ လစ်လျှစ်လစ်သလို ကျွန်တော့်ထံ လှမ်းကြည့်ပြီး အချက်ပြ၏။

ဦးကောင်းအေး အလစ်ကို စောင့်ဖမ်းကြည့်နေဖို့ ဖြစ်သည်။ အရယ်အပြုံး မျက်နှာတွေ၊ ရေမွှေးမိတ်ကပ်ပေါင်းစုံရနံ့တွေ အသောအပြောရယ်သံတွေ၊ ဖက်လှဲတကင်း လက်ချင်းဆွဲနှုတ်ဆက်သံတွေကြားမှာ ကျွန်တော် ဇောချွေးပျံနေမိ၏။

လုပ်သင့်ရဲ့လား… ဖြစ်သင့်ရဲ့လား…

ကျွန်တော့်ရှေ့မှာ တသောသောရယ်လိုက် တဟားဟားနှင့်ဟားလိုက်ဖြင့် အပျော်ကြီးပျော်မြူးနေသော ဦးကောင်းအေးကို ကျွန်တော် သတ်ပစ်ချင်လောက်အောင် အလိုလို မုန်းတီးလာမိ၏။ ဆိုငြား…

တကယ်တမ်း သတ်ပစ်ရမည်ဆိုသောအခါ သိစိတ်က



www.burmeseclassic.com

www.burmeseclassic.com



လုံးဝလက်မခံချင်။

မလုပ်သင့်။ မဖြစ်သင့်သော အလုပ်ဟုသာ အလိုလို မြင်နေပြန်သည်။

စိတ်ယဉ်နှင့် စိတ်ရိုင်းက ကျွန်တော် အဖျွတ္တမှာ လွန်ဆွဲနေ၏။ လုပ်မယ်၊ မလုပ်နဲ့…

"မင်းတို့ဝေးအောင် ဒီငနဲကြီးလုပ်နေတာ… မင်းသွေးကြောင်နေရင်… ဒီငနဲက… မင်းတို့ကို အစိမ်းခွဲပြီး… ငရဲပို့လိုက်လိမ့်မယ်… မင်းထွင့်…"

"ဒီလူကြီးက မင်းရဲ့အလုပ်ရှင်ပါကွာ… မင်းကို ယုံကြည်လို့ သူ့အသက်ကို ယုံပြီး… စိတ်ချလက်ချ နေနိုင်တာပဲကြည့်ပါလား… မိန်းမတစ်ယောက်ကို ရနိုင်ဖို့အတွက် လူတစ်ယောက်ရဲ့ အသက်ကို စတေးသလို လုပ်ပစ်တော့မှာလား… ပြန်စဉ်းစားပါဦး… အခြားနည်းလမ်းရှာပါဦး မင်းထွင့်ရယ်…"



www.burmeseclassic.com

www.burmeseclassic.com



“ဘာမှရှာမနေနဲ့ မင်းထွဋ်… ပျော့ညံ့နေရင် ကိုယ်ပဲခံရမှာ… ဟန်ဆောင်တာကို မင်း မုန်းတယ်ဆို… သတ်ပစ်… ဒီငနဲကြီး ဟန်ဆောင်နေတာ… နောက်ကြမှ သူ့ခေါင်းစွပ်ကို ချွတ်ပြလိမ့်မယ်… မင်းရဲ့ ကုတ်အင်္ကျီလက်ထဲမှာတောင် အဆိပ်ရောက်နေပြီပဲ… ဒီငနဲကြီးသောက်မဲ့ အရက်ခွက်ထဲကို အသာကလေး ဘယ်သူမှ မသိအောင် ထည့်လိုက်လို့ရတယ်… ဘာပူပန်စိုးရိမ်စရာရှိလဲ… ဘာမှလဲ မပင်ပန်းဘူး… ဒါလေးလုပ်လိုက်ရုံနဲ့ မင်းနဲ့ခိုင်ရဲ့ အနာဂါတ်ဟာ ပန်းခင်းလမ်းဖြစ်သွားပြီ… လုပ်လိုက် မင်းထွဋ်…”

“မလုပ်နဲ့ မင်းထွဋ် မင်းမှားလိမ့်မယ်…”

ကျွန်တော် တွေဝေနေစဉ်မှာ ဦးကောင်းအေးက သူ့ရဲ့ သောက်လက်စ အရက်ခွက်ကို ကျွန်တော့်ထံ ကမ်းပေးပြီး နောက်တစ်ခွက်လောက် ကူညီဖို့ ဘိုလိုပြောလာ၏။ ပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



လူကြီးလူကောင်း လေးငါးယောက်နှင့်ပြန်လှည့်ပြီး စကားပြော နေ၏။ အရက်ခွက်လိုက်ဝေသော ဘွိုင်လာတွေက တခြားဝိုင်း တွေရောက်နေ၍ သူ အရက်ဘားရှိရာ လျှောက်သွားလိုက်၏။

လက်တွေတုန်နေ၏။

ဒူးတွေ ချောင်နေသလို ခံစားရ၏။

ဘေးဘီကို ဝေ့ကြည့်လိုက်၏။ အားလုံး သူ့အာရုံနှင့်သူ။ ဖန်းခနဲမြည်သံကဲ့သို့ အစွမ်းရှိသော အကြည့်တစ်စုံက ကျွန်တော့် ရင်ကိုစိုက်၏။ ခိုင့်ရဲ့အကြည့်···

ချစ်သူရဲ့အကြည့်···

တောက်ပလက်လဲ့နေသော အကြည့်။

"မလုပ်နဲ့ မင်းထွဋ်···"

"ဟေ့ကောင်··· မင်းထွဋ် အခွင့်အရေးဆိုတာ နှစ်ခါပြန်မရဘူး··· အခု အခွင့်အရေးရပြီ··· ရဲရဲသာ လုပ်···"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့ တကယ်ဝေးရဲကြလို့လားမောင်…"

ခိုင့်ရဲ့အကြည့်တွေ ညှိုးဖျော့သွား၏ ကြေကွဲဝေရီသွား၏။ ဝမ်းနည်းဆွေးမြည့်အားငယ်သလို ဖြစ်သွား၏။

"မင်းချစ်သူကို ချုပ်ကိုင်နိုင်စီးနေတဲ့ ငနဲကြီး… မင်းတို့ချစ်ခြင်းကို ဖြိုခွင်းနေတဲ့ မိစ္ဆာကြီး… ထည့်လိုက်… ဘာမှ သွေးကြောင် စဉ်းစားမနေနဲ့ ထည့်လိုက်…"

ကျွန်တော့လက်ထဲမှ အဆိပ်ထုတ်ကို အသာဖြေပြီး ကလပ်ခွက်ထဲ ထည့်လိုက်၏။ ပြီးလျှင် ရှန်ပိန်လောင်းထည့်လိုက်၏။ စိတ်နှင့်ကိုယ်ကို တည်ငြိမ်အောင်ပြုလိုက်ပြီး… ခွက်ကိုကိုင်၍ ဦးကောင်းအေးထံ လျှောက်လာလိုက်၏။

လူကြီးလူကောင်းတွေနှင့် ပွဲကျနေသော ဦးကောင်းအေးကို ခွက်ကမ်းပေးလိုက်၏။

ဦးကောင်းအေးက သင့်(ခ)ယူပဟု ပြောပြီးခွက်ကိုယူကာ



www.burmeseclassic.com

www.burmeseclassic.com



စကားဆက်ပြောနေ၏။

“ဟာ… သွားပါပြီကွာ… မကြာခင်မှာ…ဒီလူကြီး အဆိပ်မိလို့ လူးလိမ့်ပြီးမချိမဆန့် ဝေဒနာကို ခံစားလူး လိမ့်ပြီး သေဆုံးရတော့မယ်…ဖြစ်သင့်သလား မင်းထွဋ်… မင်းရဲ့အဖေအရွယ်လောက်ကြီးကွ… မင်းမိုက်ရိုင်းတာ ထက် ပိုပြီး ယုတ်မာရိုင်းစိုင်းသွားပြီ… မင်းဟာလည်း ကောက်ကျစ်စဉ်းလဲသူဖြစ်သွားပြီ… မင်းဟာ လူ တစ် ယောက်ရဲ့ အသက်ကို ဖက်ရွက်လေးလို သဘောထားခဲ့ တဲ့ လူမသမာသူတစ်ယောက်ဖြစ်သွားပြီ… နောက်ဘဝ မှာ မင်း သူ့လိုပဲခံရလိမ့်မယ်… ဝဋ်ဆိုတာ လည်တတ် တယ်… မင်းထွဋ်… မင်း… အချိန်မီသေးတယ်… တားလိုက်… မြန်မြန်တားလိုက်…”

“မတားနဲ့ မင်းထွဋ်… မင်းတို့ အန္တရာယ်ကြီးက လွတ်မြောက်ဖို့ တည်းတည်းလေးပဲလိုတော့တယ်…”



www.burmeseclassic.com

www.burmeseclassic.com



"တားလိုက်..."

"မတားနဲ့..."

ဦးကောင်းအေးက... ခွက်ကို ဧည့်သည်တော်တွေကို မြှောက်ပြပြီး သောက်ဖို့အပြင်...

"ဦး... ဦး ခဏလေးနေပါဦး... အဲဒီအရက်ခွက်ကို ကျွန်တော် ပြန်လဲပေးပါရစေ..."

"ဘာဖြစ်လို့လဲ မောင်ရင်..."

"ဟို... ဘာမှတော့ မဖြစ်ပါဘူး..."

"ဘာမှမဖြစ်ရင် ဒီခွက်ပဲသောက်မယ်..."

ပြောပြောဆိုဆိုပင် ဦးကောင်းအေး သောက်ချလိုက်၏။ တားလို့မရတော့။ ဧည့်သည်တော်တွေရှေ့မှာ ကျွန်တော် မျက်နှာပျက်ပြီး နောက်ဆုတ်နေလိုက်တယ်။ ဦးကောင်းအေးက သုံးငုံစာလောက်ကို တစ်ကျိုက်ထဲမော့ချလိုက်ပြီး ကျွန်တော်ကို အဓိပ္ပါယ်တစ်မျိုးဆောင်သော အကြည့်ဖြင့် ကြည့်လျှက်...

စေတနာ၁စ၁ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မစိုးရိမ်ပါနဲ့မောင်ရင်…"

ဟုပြောပြီး ဆေးသည်တော်တွေဘက်လှည့်၍ စကားဆက်ပြောနေ၏။ အရက်ခွက်ဝေသော ဘွိုင်ရောက်လာ၍ ဦးကောင်းအေးထံမှ ခွက်လွတ်ကိုသိမ်းပြီး ခွက်သစ်လဲပေးသွား၏။

ကျွန်တော့်ရင်တွေ တဒိတ်ဒိတ်ရင်ခုန်နေရာမှ တဒိန်းဒိန်းခုန်ခါမြည်ဟီးလာ၏။

မိနစ်ပိုင်းအတွင်း ဦးကောင်းအေး ခွေလဲကျသွားပြီး ဘဝပြောင်းတော့မှာကို တွေးပြီး သွေးလန့်သလို ဖြစ်နေမိ၏။

ကျွန်တော် ဖျတ်ခနဲ ခိုင်ရှိရာကို လှမ်းကြည့်လိုက်သောအခါ ခိုင်က အချက်ပြပြီး လူအနည်းငယ်ရှင်းသော ကားပါကင်နေရာကို ထွက်လာခိုင်းနေ၏။ ကျွန်တော် မသိမသာဖြင့် ကားပါကင်နေရာကို လျှောက်လာလိုက်သည်။ ကျွန်တော့်လိုပင် ခိုင်လည်း လျှောက်ပြီး ရောက်လာ၏။

ကျွန်တော့်ကိုယ်ကျွန်တော် ယူကျုံးမရဖြစ်နေ၍ ခိုင့်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နှစ်သိမ့်မှုကို ဆာလောင်နေသည်။

"မောင်... လုပ်ပြီးသွားပြီလားဟင်..."

"လုပ်ပြီးသွားပြီ... တစ်မိနစ်ခွဲတောင်ရှိပြီ..."

"နောက်သုံးလေးမိနစ်ဆို အစွမ်းပြတော့မှာပါ..."

"ကိုယ်မှားသွားပြီနဲ့ တူတယ်ခိုင်..."

"မောင်မမှားပါဘူး..."

ထိုစဉ်မှာပင် ကျွန်တော်တို့နှစ်ယောက်အနားကို ထွန်းကျော်ခေါင်ရောက်ရှိလာ၏။

"ခိုင်လေး... အဆင်ပြေသွားပြီလား..."

"OK"

ခိုင်က ထွန်းအောင်ကျော်ကို လက်ချိတ်ပြီး ပြုံးပျော်ရွှင်သွားဟန်ဖြင့် ကြည့်၏။ ထွန်းကျော်ခေါင်က အကြည်စိုက်နေရာမှ ကျွန်တော့်ဘက်လှည့်ကြည့်ပြီး ကျွတ်စုပ်သပ်လိုက်ပြီးလျှင်...

"ကိုယ်တို့ရဲ့ အသုံးချခံနတ်ရုပ်ကလေးပဲ... သနား



www.burmeseclassic.com

www.burmeseclassic.com



စရာကောင်းတယ်နော် ခိုင်လေး…”

ခိုင်က ခပ်အုပ်အုပ်ရယ်မော၏။ ကျွန်တော် လိပ်ပြာလွင့်စဉ်မတတ် အံ့သြသွား၏။

“ဒါ ဘာသဘောလဲ ခိုင်…”

“ဝမ်းနည်းပါတယ် မင်းထွဋ်လင်း… မကြာခင် တစ်ဆင့်ပြီး တစ်ဆင့် ရှင်သိလာရတော့မှာပါ…”

ကျွန်တော် နားလည်လိုက်ပါပြီ။ နောက်အကျကြီးကျပြီးမှ နားလည်လိုက်ရခြင်းဖြစ်သည်။

“မင်း သိပ်ယုတ်မာတယ် ခိုင်…”

“ကျွန်မတို့ နှစ်ယောက်လက်ထပ်ပြီးရင် ရလာမယ့်… စည်းစိမ်တွေကို ဦးကောင်းအေးက လျှုတန်းဖို့ ဇယားလုပ်ပြီး ဝင်ရှုပ်တယ်လေ… အဲဒီတော့ သူ့ကို လုပ်ကြံဖို့ ဖန်တီးရရော… အဲဒီမှာ မအောင်မြင်ဘူး… ရှင်က ဝင်ခံနေတယ်… ဒီတော့ ရှင့်ကိုပါ သူ့လူ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘက်သားလုပ်ပြီး··· စည်းရုံးလိုက်တယ်··· ကြေင်းဆီနဲ့ ကြေင်းကြော်တယ်ပြောရမလား··· သူ့အရိုးနဲ့ သူပြန်ထိုးတယ်ပြောရမလား··· မကြာခင် ဦးကောင်းအေးကောင်းကောင်းကြီး ခံစားသိရှိသွားရတော့မယ်··· ရှင့်ကိုတော့ ရဲက စစ်ချက်ယူမှာကြိမ်းသေတယ်··· ရှင်ထောင်ကျမခံချင်ရင်··· နှုတ်လုံလုံထားပြီး ကျွန်မတို့စီမံရာကို ငြိမ်ငြိမ်လေးလိုက်နာပါ··· မလိုက်နာရင် ရှင့်ကိုထောင်ထဲပို့ပစ်လိုက်မယ်···"

"ခိုင်···"

ကျွန်တော် နာကြည့်ကြေကွဲစွာ ပိတ်အော်လိုက်စဉ် စတိတ်စင်ပေါ်မှ မီးမောင်းတွေ ကျွန်တော်တို့ သုံးယောက် အပေါ် ဖြာကျလာ၏။ အားလုံးအံ့သြကုန်၏။

ဦးကောင်းအေးနှင့်အတူ ညှော့ပရိသတ်အချို့ပါလာ၏။ ဘယ်အချိန်က ဘယ်သူကြိုအကြောင်းထားသည် မသိရသော



www.burmeseclassic.com

www.burmeseclassic.com



ရဲသားတွေလည်း ပါလာ၏။

“မောင်ရင့်ကို ရှင်းပြရဦးမယ်…”

ဦးကောင်းအေးပုံစံက ခပ်အေးအေးပင် အဆိပ်မိထားဟန်မရှိ။ ခိုင်နှင့် ထွန်းကျော်ခေါင်တို့ မျက်စိမျက်နှာအပျက်ကြီး ပျက်နေကြ၏။ ဧည့်ပရိသတ်တွေ စုပြုံးဝိုင်းကြည့်လာကြ၏။

“ဦးရဲ့တူနဲ့ ဟော့ဒီက ခိုင်ခိုင်လှိုင်တို့ဟာ ဦးကိုလုပ်ကြံဖို့ ကြိုးစားနေတာကို… လွန်ခဲ့တဲ့ သုံးရက်လောက်က မှ… ဟော့ဒီဒုရဲအုပ် ကိုဇော်မင်း စုံစမ်းလို့ သိခဲ့ရတယ်… ဦးကို သူတို့လုပ်ကြံချင်ရတဲ့ အကြောင်းအရင်းကတော့ … ဦး ပိုင်တဲ့ စည်းစိမ်တစ်ဝက်ကို သူတို့ သိမ်းပိုက်လိုက်ချင်လို့ပဲ… သူတို့ရပိုင်ခွင့်ရှိတာနဲ့တင် အားမရဘူး… ဦး အလှူအတန်းပြုတော့မယ့် စည်းစိမ်ကိုပါ မတရားလိုချင်ကြတယ်လေ… ဦးက စာချုပ်စာတန်းတွေမှ တရားဝင်မလုပ်ရသေးတာကိုး… ဒီတော့ ဦး



www.burmeseclassic.com

www.burmeseclassic.com



သေရင် အဲဒီစည်းစိမ်ကို သူတို့ရမယ်ဆိုတာ ကြိမ်းသေသိနေကြတယ်··· ဦးကို လုပ်ကြံပေမယ့်··· ဟော့ဒီ မောင်ရင် မင်းထွဋ်လင်းက ဝင်ကယ်တယ်··· စောင့်ရှောက်တယ်··· အဲဒီမှာတင် သူတို့ ကြေးစားလူမိုက်ငှားပြီး မလုပ်ကြံရဲကြတော့ဘူး··· မောင်ရင့်ကို ခိုင်ခိုင်လှိုင်က မိန်းမမာယာသုံးပြီး ဦးကို လုပ်ကြံကြဖို့ မြူဆွယ်ခဲ့တယ်··· ခိုင်ခိုင်လှိုင်ရဲ့ကားမှာ တပ်ပေးလိုက်တဲ့ အသံဖမ်းစက်ကလေးကနေ··· အားလုံးပြန်ကြားနေရတယ်···”

ပရိသတ်တွေ အံ့သြသွားသလို ကျွန်တော်လည်း အံ့သြနေရ၏။ ခိုင့်ရဲ့ မျက်နှာသွေးဆုတ်ဖြူလျော်သွားတာ တွေ့လိုက်ရ၏။

“မောင်ရင့်ကို ပေးလိုက်တဲ့ အဆိပ်ထုပ်ကို မောင်ရင် ဧည့်ခံပွဲမကျင်းပမီ ရောက်လာစဉ်က အကျီအဝတ်အစား လဲနေစဉ်အတွင်းမှာ··· ဦးရဲ့ လူယုံတော်တစ်ယောက်

စေတနာ၁၀၁၄ပေ
www.burmeseclassic.com

www.burmeseclassic.com



က တိတ်တဆိတ်လေး ယူလာပြီးပြတယ်… အဆိပ်တွေ ကိုထုတ်ပြီး… အဆိပ်နဲ့တူနဲ့ တခြား အန္တရာယ် မရှိတဲ့ အမှုန့်တွေ ပြန်ထည့်ပြီး… မောင်ရင့် အဝတ်အစားထဲ ပြန်ထည့်ထားပေးခဲ့တယ်… မောင်ရင့် သဘောကို စမ်း ချင်လို့ပါ… နောက်တော့ မောင်ရင် အဆိပ်ခတ်တယ်… နောက်ပြီး မသောက်ဖြစ်အောင် ဝင်တားဆီးတယ်… ဒီမှာတင် မောင်ရင့်သဘောကို သိလိုက်ရပြီ… ကဲ… မောင်ရင်… ဦးကတော့ မင်းသားရုပ်၊ မင်းသမီး ရုပ် ဆောင်းထားတဲ့ သူ… သိုးရေခြုံထားတဲ့သူဟာ ဘယ်သူ တွေလည်းဆိုတာ ဟောဒီပရိသတ်ကြီးရှေ့မှာတင် ချက်ကျ ကျရှင်းလင်းပြလိုက်ပြီး… တာဝန်ရှိသူများ ဝတ္တရား အတိုင်း ဆက်လက် ဆောင်ရွက်ကြပါခင်ဗျာ…”

ဒုရဲအုပ်နှင့် ရဲသားနှစ်ယောက်က ထွန်းကျော်ခေါင်နှင့် ခိုင်ခိုင်လှိုင်ကို လက်ထိပ်ခတ်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး… ကျွန်တော် မှားပါပြီ… ဦးလေး ကျွန်တော့်ကို ကယ်ပါဦး…"

ထွန်းကျော်ခေါင်က ရှိက်ငိုသံကြီးနှင့် ဦးကောင်းအေးထံ ပြေးသွားပြီး ခြေသလုံးကိုဖက်၍ တတွတ်တွတ်တောင်းပန်၏။ ဦးကောင်းအေးက ကန်ထုတ်လိုက်ပြီး ဧည့်ခံပွဲထံပြန်လျှောက်သွား၏။

"ကျွန်မ မဟုတ်ဘူး… ကျွန်မ မဟုတ်ဘူး… ရှင်တို့အားလုံးအရူးတွေ… လူသတ်ကောင်တွေ… ကျွန်မက ချမ်းသာချင်တာသက်သက်ပဲ… ဘာမှမဟုတ်ဘူး… ဖယ်ကြ… ကျွန်မချမ်းသာတော့မယ်… အန္တရာယ် ကောင်တွေ သွားကြစမ်း… သေကြစမ်း… ငါဖြစ်ချင်တဲ့ဘဝကို ငါရောက်ချင်တဲ့ ဘဝကို ဘာလို့ဝိုင်းတား ကြတာလဲ… ကျွန်မချမ်းသာပြီ… ကျွန်မ ဒီကမ္ဘာပေါ်မှာ အကြွယ်ဝဆုံး မိလျှံနာကြီးဖြစ်ပြီ… ကျွန်မ အရမ်းကို ချမ်းသာသွားပြီ…"

စေတနာ၁စာ၁ပေ

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းတန်းလန်းနှင့် ဟားတိုက်အော်ရယ်သွားသော ခိုင်ခိုင်လှိုင်ကို ကျွန်တော် မသက်မသာ ကြည့်လိုက်၏။ ရယ်လိုက် ငိုလိုက် ပေါက်ကရစကားတွေ အော်ပြောလိုက်ဖြင့် ရဲသားတွေ လက်မှာ ဖရိုဖရဲနှင့် ဣန္ဒြေအရှက်သိက္ခာတွေ ပြိုကွဲနေသော ခိုင်ခိုင်လှိုင်ရယ်လေ…

ဥစ္စာရှုံး၊ သူကြွယ်ရှုံး ရှုံးသွားရှာရော့သလား…

“စခန်းမှာ အစစ်ဆေးခံဖို့ လိုက်ခဲ့ပါ ကိုမင်းထွဋ်…”

ကျွန်တော် ခေါင်းငိုက်စိုက်ချပြီး ခေါ်ရာလိုက်ခဲ့လိုက်သည်။ ရှေ့ကားပေါ်မှာ ထွန်းကျော်ခေါင်နှင့် ခိုင်ခိုင်လှိုင်တို့ အော်ဟစ်ပြောဆိုသံတွေ ဆူညံပွက်လောရိုက်နေ၏။

နောက်ကားပေါ် ကျွန်တော် တက်လိုက်စဉ် ဧည့်ခံပွဲစင်မြင့်ပေါ်မှ ဦးကောင်းအေးရဲ့ ကြေညာသံကို ကြားလိုက်ရသည်။

“ဘာမှ မဖြစ်ပါဘူး… စိတ်အေးလက်အေးနဲ့ ဆက်လက်ပြီး ပျော်ပျော်ရွှင်ရွှင် သုံးဆောင်ကြပါခင်ဗျာ…

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရဲ့ မွေးနေ့ပွဲမှာ… ဖြစ်တတ်တဲ့ သဘောလေး တစ်ခုလောက် ဖြစ်ပျက်သွားလို့ ဧည့်ပရိသတ်တွေ စိတ်စနိုးစနောင့် ဖြစ်သွားရတာကိုပဲ… ကျွန်တော်က အနူးအညွတ်တောင်းပန်ချင်ပါတယ်…”

ကြေညာပြောဆိုသံတွေနှင့် တဖြည်းဖြည်းဝေးလာခဲ့၏။ ရင်၌ အံ့သြမှုတွေ ထပ်ကာတလဲလဲ စီးနင်းခံလိုက်ရ၍ ဗလာကျင်းသလို ဟာလာဟင်းလင်းကြီး ခံစားနေရ၏။

မင်းရဲ့လုပ်ရပ်က မင်းဘဝကို ပြန်သတ်လိုက်ပြီပေါ့ ခိုင်။ ရက်စက် စဉ်းလဲတတ်သူတို့ရဲ့ လားရာမှာ…

ငရဲကလွဲရင် တခြားကမ္ဘာရှိနိုင်မှာတဲ့လား…

အား…

တို့အဖြစ်အပျက်က အသေအလဲခါးတယ် ခိုင်ရယ်…။

စေတနာ စာပေ

www.burmeseclassic.com

www.burmeseclassic.com



ေ စ တ နု ၁ စ ၁ ေ ပ

www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းအေးရဲ့ စေတနာထားမှုကြောင့် အမှုမှ ကျွန်တော် လွတ်မြောက်ခဲ့ရသည်။

ခိုင် ရှူးသွား၏။

ထွန်းကျော်ခေါင် ထောင်ကျသွား၏။

အချစ်နာထက် ဘဝနာကျသလိုဖြစ်ခဲ့ရသော ကျွန်တော့်အနားကို သူငယ်ချင်းတွေ အားပေးနှစ်သိမ့်ဖို့ ပြန်လည်ရောက်ရှိလာကြ၏။ ကျွန်တော် ရှောင်နေလိုက်၏။ ကျွန်တော့်ကို သတိပြုစောင့်ကြည့်နေသူတွေ အားလုံးအလစ်မှာ ကျွန်တော် တစ်ယောက်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တည်း စွန်လွှတ်ထွက်ခဲ့လိုက်သည်။

ကောင်းကင်မှာ စက္ကူစွန်လေးလွင့်ဝဲနေ၏။

ခိုင့်ရဲ့ မျက်နှာနွမ်းနွမ်းညိုးညိုးလေးက မိုးတိမ်ညိုတွေပေါ်မှာ ထင်ဟပ်ပေါ်လွင်နေသလို စိတ်ကမြင်နေရသည်။

ရင်မနာရက်တော့ပါဘူး ခိုင် . . .

ဖြစ်နိုင်ရင် မင်းကိုပဲ့ပြင်ပေးနိုင်ဖို့ ငါပြန်ရစ်ခေါ်ချင်တယ်။ ကျွန်တော့်ရဲ့ စက္ကူစွန်လေးကို ယောင်ယမ်းပြီး ရစ်ဆွဲငင်လိုက်မိ၏။

ကောင်းကင်ရဲ့ လေပြင်းအားကြောင့် . . .

စက္ကူစွန်လေးပြတ်ကျသွား၏။ ကျွန်တော့် ကောင်းကင်ကလေး ပြတ်ကျသွား၏။

မဟုတ်သေးပါ . . .။

ကျွန်တော့်ရဲ့ မိုးတိမ်ကလေး ကြိုးပြတ်လွင့်မျောသွားခြင်းသာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းက ကောင်းကင်ကြီးကို စွန်လိုလွှတ်တင်ပြချင်သူ

တကယ်တော့

မင်းရဲ့ဘဝဟာ

ကြိုးပြတ်သွားတဲ့ မိုးတိမ်ကလေး

ဖြစ်ခဲ့ရရုံပေါ့.... ။ ။

END


လရောင်ချို

၂၃-၁၀-၂၀၀၂

ေ စ တ န ၁ စ ၁ ေ ပ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com